# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၄ ရက် | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၈)၊ အမှတ်(၁၀၁)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဂွေဇ - ဆန်းလွတ်ချက် တောင်ထိပ် (၃၃ မိုင် ၆ ဖာလုံ) လမ်းပိုင်း ဖွင့်ပွဲတက်ရောက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်တို့ မဂွေဇ-ဆန်းလွတ်ချက်တောင်ထိပ် (၃၃ မိုင် ၆ ဖာလုံ) လမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်

**ပူတာအို ဇန်နဝါရီ ၈**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူနှင့် ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ကချင်ပြည်နယ် ပူတာအိုမြို့သို့ ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးခန်လင်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် တာဝန်ရှိသူများက ပူတာအိုလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**(၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်**

**နေပြည်တော် ဇန်နဝါရီ ၈**

(၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ မနောဝင်းတွင် ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်(MRTV)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)နှင့် MRTV Facebook တို့တွင် ယင်းနေ့နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်၍ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့များ ဘေးကင်းလုံခြုံမှုသာ အမေရိကန် တပ်ဖွဲ့ဝင်များ ဆီးရီးယားမှ ရုပ်သိမ်းမည်ဖြစ်ကြောင်း ဂျွန်ဘော်လ်တန်ပြောကြား**

စာမျက်နှာ- ၁၄


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# နိုင်ငံတိုးတက်ရေးနှင့် ပညာတတ်များ၏အခန်းကဏ္ဍ

နိုင်ငံတကာရင်ပြင်၌ နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး၊ ယဉ်ကျေးမှု မည်သည့် အကြောင်းကို ဆွေးနွေးပြောဆိုကြသည်ဖြစ်စေ ပညာတတ်များ၏ အခန်းကဏ္ဍကို ရှေ့တန်းတင်ပြောလေ့ရှိသည်။

ယနေ့ခေတ်က ပညာခေတ်။

နေရာတကာမှာ ပညာတတ်များ လိုအပ်နေသည့်ခေတ်။ စဉ်းစားဆင်ခြင်ဉာဏ် ရင့်သန်ထက်မြက်သူများကသာ ဦးဆောင်နေသောခေတ်။

ထို့ကြောင့် နိုင်ငံတကာမှာ သူ့ထက်ငါအပြိုင်အဆိုင် ပညာရေးအဆင့်မြင့်မားမှုအတွက် ကြံဆဆောင်ရွက်နေကြ၏။

နိုင်ငံတကာမှာ အခြေခံပညာမှစ၍ အသက်မွေးဝမ်းကျောင်းများ အလယ် ပါရဂူများအဆုံး တကယ့်ပညာတတ်များ၊ ဘာသာရပ်တစ်ခု ပညာရပ်တစ်ခုကို အမှန်တကယ်တတ်မြောက်သူများကို မွေးထုတ်ရန် ကြိုးစားနေကြ၏။

သည်လိုထဲမှာ လူလည် လူနပ် ဝိသမစီးပွားရေးသမားများကလည်း ကျောင်းအတုများ၊ တက္ကသိုလ်အတုများ အလိမ်အညာများဖြင့် ဟန်ပြဖွင့်လှစ်ကာ ဘွဲ့လက်မှတ်အတုများ၊ မဟာပညာရှင်လက်မှတ်အတုများ၊ ပါရဂူလက်မှတ်အတုများကို ငွေဖြင့်အလဲအလှယ်ပြု ရောင်းချနေကြသည်များကလည်း ကမ္ဘာ့နေရာအနှံ့မှာ မကြားချင်အဆုံး။ ပညာ၏ တန်ဖိုးကို နားလည်ကြသောသူများက ပညာတတ်များနှင့်သာ တွဲဖက်အလုပ်လုပ်ကိုင်ချင်ကြသည်ကို အခွင့်ကောင်းယူကာ ငွေရှာကြသည်။

ပညာတတ်များကို အားကိုးရမည်ဆိုခြင်းကို နားလည်သည့် အချို့သော ပညာမတတ်သူများကလည်း နာမည်ခံပညာတတ်ပဲဖြစ်ဖြစ် ပညာကို ကိုယ်စားပြုသည့် ဘွဲ့ဆိုတာဖြစ်လျှင်ပြီးရော ဘွဲ့ရများကို မွေးထုတ်လိုကြ၏။ မွေးထုတ်ကြ၏။

ဤသို့ဖြင့် ပညာတတ်အတုအယောင်များ၊ ဘွဲ့သာရ ပညာမတတ်သူများ နိုင်ငံတကာမှာ ပေါ်ထွက်လာကြသည်ကလည်း အများအပြား။ သို့သော်လည်း လက်တွေ့လောကက ဟန်ဆောင်သူများနှင့် ရေရှည်အလုပ်လုပ်လို့မရ။ အတုအယောင်များနှင့် ရေရှည်လက်တွဲဖို့ မဖြစ်နိုင်။

ပညာတတ်များအရေးကြီးသည်ကို နားလည်လာကြသည့် ယနေ့ခေတ် မရောက်မီ ခေတ်ကာလတစ်ခုက ပညာတတ်များနှင့် ပညာတတ်ဖြစ်လာတော့မည့်သူများကို ဖိနှိပ်ချိုးနှိမ်ကြသော ခေတ်တစ်ခု နိုင်ငံတကာမှာ ရှိခဲ့ဖူးသည်ကိုလည်း အမှတ်ရမိသည်။

မြန်မာနိုင်ငံတွင်လည်း ပညာတတ်များနှင့် ပညာတတ်ဖြစ်လာတော့မည့်သူများ၏ တိုင်းပြည်အကျိုး၊ ပြည်သူလူထုအကျိုးကို တာဝန်သိသိနှင့် ထမ်းရွက်ခဲ့ကြသူများလည်း အများအပြား ရှိဖူးသည်ကို သတိပြုမိသည်။

ဗြိတိသျှကိုလိုနီ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများတွင် ရှေ့တန်းက ပါဝင်စွန့်စားခဲ့ကြသူများထဲတွင် ပညာတတ်လူငယ်အမြောက်အမြား ပါဝင်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးကာလမှာလည်း ပညာတတ်တက္ကသိုလ်ဘွဲ့ရများ၊ တက္ကသိုလ်ကျောင်းသားများ မည်သို့ပါဝင်ခဲ့ကြ၊ အနစ်နာခံခဲ့ကြသည်များက သမိုင်းမှာ အထင်အရှား။

ပါလီမန်ဒီမိုကရေစီခေတ် ချိုးဖျက်ခံရသည့် ၁၉၆၂ အာဏာသိမ်း အစိုးရခေတ်ကာလမှ စတင်ကာ ၁၉၈၈ ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကာလအထိ တိုင်းပြည်အတွက်၊ ပြည်သူလူထုအတွက်ဆိုသည့် ရည်မှန်းချက်သက်သက်ဖြင့် အနစ်နာခံခဲ့ကြသည့် သတ်ဖြတ်ခံရသူများ၊ ဖိနှိပ်ခံရသူများ၊ ထောင်ကျများစာရင်းကို လေ့လာကြည့်လျှင် ဆရာဝန်များ၊ ဆရာဝန်ဖြစ်တော့မည့် ဆေးကျောင်းသားများ၊ အင်ဂျင်နီယာ ကျောင်းသားများ၊ ဥပဒေပညာရှင် ကျောင်းသားများ အစရှိသည့် တက္ကသိုလ်ကျောင်းသား ပညာချွန်များကို အများအပြားတွေ့ရပါမည်။

တကယ့် ပညာတတ်များဆိုသည်က မိမိအကျိုးထက် အများပြည်သူအကျိုးကို ဦးစားပေးမြင်တတ်၊ တွေးတတ်၊ ဆောင်ရွက်တတ်ကြသည်ဟု ထင်မြင်မိပါသည်။ မည်သို့ဆိုစေ ထိုကဲ့သို့ ခေတ်အဆက်ဆက်က ကိုယ်ကျိုးမကြည့်ဘဲ အများအကျိုးအတွက် အနစ်နာခံကြသော ပညာတတ်များအား ဖိနှိပ်ခဲ့သည်ကို အဖတ်ဆယ်နိုင်ရန်နှင့် နိုင်ငံအတွက် အလွန်အရေးကြီးသော တကယ့်ပညာတတ်များ အများအပြားကို မွေးထုတ်ပေးနိုင်သော ပညာရေးစနစ်ကို အခြေခိုင်ခိုင် ဆောင်ရွက်နိုင်ပါစေသတည်း။ ။

# ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပွဲတော် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

၂၀၁၉ ခုနှစ် မတ်လအတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပွဲတော် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ သိရသည်။

အဆိုပါ ဓာတ်ပုံပွဲတော်အတွင်း (၅၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည် ဓာတ်ပုံပြိုင်ပွဲကြီးကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဓာတ်ပုံပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအတွက် ရှုချင်စဖွယ်ကဏ္ဍ (အဖြူအမည်း၊ မိုနိုကရုန်း)၊ ရှုချင်စဖွယ်ကဏ္ဍ (ဆေးရောင်စုံ)၊ လူပုံကဏ္ဍ၊ သဘာဝလေ့လာချက်၊ စိတ်ကြိုက်(ဒစ်ဂျစ်တယ်) နှင့် ဖိုတိုအက်ဆေးကဏ္ဍများအတွက် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

"ဇန်နဝါရီလကုန်မှာ ပိတ်မယ်။ ဖေဖော်ဝါရီလဆန်းမှာ ပုံရွေးမယ်။ မတ်လ ၂၂၊ ၂၃၊ ၂၄ ရက်တွေမှာ ရန်ကုန် ဂယ်လာရီမှာ ပြပွဲတွေလုပ်မယ်။ ဓာတ်ပုံပြိုင်ပွဲမှာ ဆုရခဲ့တဲ့ပုံတွေ ပြမယ်။ FIAP Salon မှာ ဆုရခဲ့တဲ့ပုံတွေ ပြမယ်။ All Myanmar Festival တစ်ခုအနေနဲ့ အစုံဖြစ်အောင် ကျင်းပမှာပါ"ဟု မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ကိုကျော်ကျော်ဝင်းက ပြောကြားသည်။

ဓာတ်ပုံပွဲတော်အတွင်း နိုင်ငံတကာ ဓာတ်ပုံဆရာများ၏ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ဓာတ်ပုံပြပွဲ၊ ပြိုင်ပွဲများသာမက ကင်မရာနှင့် ပတ်သက်သော ထုတ်ကုန်ပစ္စည်းများ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်အတွင်း ယူနက်စကိုမှ အသိအမှတ်ပြုထားသော ဓာတ်ပုံအဖွဲ့အစည်းဖြစ်သည့် (FIAP Salon) ဓာတ်ပုံပြိုင်ပွဲကိုလည်း ပထမအကြိမ် ကျင်းပမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် Mango Media တို့ ပူးပေါင်း၍ My Beautiful Rakhine" ဓာတ်ပုံပြိုင်ပွဲကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ရခိုင်ပြည်နယ်၏ ထင်ရှားလူသိများသော အမှတ်အသားများ၊ ရှုခင်းများ၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ လူနေမှုများ၊ ရခိုင်ပြည်နယ်အတွင်း တွေ့မြင်ရနိုင်သော အရာများကို အဓိကရိုက်ကူးထားသည့် ဓာတ်ပုံများကို ဆုရွေးချယ်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

"အွန်လိုင်းမှာ ရခိုင်ဆိုရင် ရခိုင်ရဲ့ မကောင်းတဲ့ ပုံရိပ်တွေပဲ ကျလာတာများတယ်။ အဲဒီတော့ နိုင်ငံတကာက မြန်မာနိုင်ငံကို အထင်အမြင်လွဲတာတွေ ဖြစ်တယ်။ အဲဒီတော့ ရခိုင်နဲ့ ပတ်သက်တဲ့ မြန်မာဓာတ်ပုံဆရာ ရိုက်ထားတဲ့ ရခိုင်ရဲ့ ဂုဏ်သတင်းကျော်ကြားတဲ့ ပုံတွေ၊ ယဉ်ကျေးမှုတွေ၊ သာယာလှပတဲ့ ရှုခင်းပုံတွေကို အွန်လိုင်းပေါ်မှာ အများကြီး ရှိစေချင်တာပါ"ဟု ပြိုင်ပွဲကျင်းပရခြင်း အကြောင်းကို မြန်မာနိုင်ငံဓာတ်ပုံအသင်း ဥက္ကဋ္ဌက ရှင်းပြသည်။

ပြိုင်ပွဲ စည်းကမ်းချက်တွင်လည်း မြန်မာနိုင်ငံသား မည်သူမဆို ဓာတ်ပုံများကို အရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဖေ့ဘွတ်(သို့) အင်စတာဂရမ်ရှိ ကိုယ်ပိုင်အကောင့်မှ ပြိုင်ပွဲဝင်ဓာတ်ပုံများကို #mybeautifulrakhine, # mpsrakhine ဟု (#) တွဲပြီး အများသိရှိရန် တင်ပေးကြရမည်ဟု ထည့်သွင်းသတ်မှတ်ထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မန္တလေးမြို့ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် (၂၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးမြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် ကရုဏာရှေးရှု မြန်မာမှုအစီအစဉ်၏ (၂၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါဆေးရုံကြီးရှိ သွေးလှူဘဏ်၌ ကျင်းပသည်။

အဆိုပါသွေးလှူဒါန်းပွဲကို မြန်မာဘရူဝါရီလီမိတက်မှ ဝန်ထမ်းများ၊ စီးပွားဖက်မိတ်ဆွေများနှင့် အခြားအလှူရှင်များ စုပေါင်း၍ လှူဒါန်းခြင်းဖြစ်ပြီး မိမိ၏သွေးဖြင့် သူတစ်ပါး၏ အသက်ကို ကယ်တင်ပေးရန်နှင့် ငွေကြေးကုန်ကျမှုမရှိဘဲ မွန်မြတ်သော အလှူဒါနပြုလုပ်ရန် ရည်ရွယ်ချက်များဖြင့် လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း မြန်မာဘရူဝါရီလီမိတက်မှ ကော်ပိုရေးရှင်းမန်နေဂျာ ကိုမိုးဇော်က ပြောသည်။

"သွေးလှူဒါန်းမှုက လူနာကို အသက်ပြန်ရှင်စေရုံသာမက အဲဒီလူနာကို မှီခိုနေကြတဲ့ မိသားစုအတွက်ပါ အကျိုးဖြစ်ထွန်းစေကြတဲ့အတွက် အလွန်မွန်မြတ်တဲ့ အလှူဒါနဖြစ်ပါတယ်။ ဒါ့အပြင် သွေးအလှူရှင် တစ်ဦးဟာ မိမိကိုယ်တိုင်လည်း ကျန်းမာဖို့ လိုအပ်တဲ့အတွက် ကိုယ်ရဲ့ကျန်းမာရေးကို ပိုပြီးစောင့်ရှောက်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် သွေးလှူဒါန်းဖို့ အရည်အချင်းပြည့်စုံသူတိုင်း နီးစပ်ရာ သွေးလှူဘဏ်တွေမှာ သွားရောက်လှူဒါန်းကြဖို့ တိုက်တွန်းပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာဘရူဝါရီလီမိတက်မှ ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်ဖြင့် ၂၀၀၆ ခုနှစ်မှစ၍ စုပေါင်းသွေးလှူဒါန်းပွဲများကို တစ်နှစ်လျှင် တစ်ကြိမ်နှုန်းဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ တစ်နှစ်လျှင် သုံးကြိမ်နှုန်းဖြင့် စုပေါင်းသွေးလှူဒါန်းပွဲများ ကျင်းပခဲ့ရာ (၂၄)ကြိမ်မြောက်အထိ သွေးအိတ်ပေါင်း ၂၂၀၀၀ ကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မလှိုင်မြို့တွင် အမှိုက်ခွန်အစား အမှိုက်သိမ်းဆည်းခအဖြစ် ပြောင်းလဲကောက်ခံရန် စမ်းသပ်နေ

**မလှိုင် ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့တွင် အမှိုက်ခွန်အစား အမှိုက်သိမ်းဆည်းခအဖြစ် ပြောင်းလဲကောက်ခံမည်ဖြစ်ပြီး စမ်းသပ်ကာလအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် စည်ပင်သာယာရေးဦးစီးအဖွဲ့မှ သိရသည်။

မလှိုင်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာန အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းက "အမှိုက်က အရင်က အမှိုက်ခွန်အနေနဲ့ ကောက်တာပါ။ အခု အမှိုက်သိမ်းဆည်းခအနေနဲ့ ပြောင်းကောက်ဖို့ စလုပ်နေကြတာပါ။ မလှိုင်မြို့မှာ အခွန်အနေနဲ့ ကောက်တာမှာ တစ်နှစ်လုံးမှ ငွေကျပ် သိန်း၂၀ ကျော်ပဲ ရပါတယ်။ အမှိုက်ကားသမား သုံးယောက် တစ်လကျပ် ၄ သိန်းခွဲနဲ့ တစ်နှစ်စာကို ငွေကျပ် ၅၄ သိန်းရှိပါတယ်။ နောက်လိုက် ခြောက်ယောက်ရယ်၊ ဆီဖိုး၊ ကားပြင်ခရယ်ဆို နှစ်စဉ်စိုက်လုပ်ခဲ့ရတဲ့ လုပ်ငန်းပါ။ မြို့တိုင်းမှာ စိုက်ထုတ်ရပါတယ်။ မြို့ကြီးလေ စိုက်ရလေပါ။ အဲဒါကြောင့် မန္တလေးတိုင်းဒေသကြီးမှာ အစည်းအဝေးဆွေးနွေးပွဲတွေလုပ်ပြီး ပြောင်းကောက်ခိုင်းလို့ အစမ်းကာလစတာပါ။ အိမ်ခွန်စာရွက်ထဲမှာ အမှိုက်ခွန်မပါတော့ဘူး။ တစ်ပတ်ငါးရက် သိမ်းနိုင်တဲ့ရပ်ကွက် တစ်လ ငွေကျပ်တစ်ထောင် ကောက်ခံမှာဖြစ်ပြီး သုံးရက်ပဲ သိမ်းနိုင်မယ့်ရပ်ကွက်က ငွေကျပ်ငါးရာပါ။ ဝန်ဆောင်မှုပေးနိုင်တာအပေါ် မူတည်ပြီး ကောက်ခံဖို့ပါ။

"မလှိုင်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနက အမှိုက်ကား သုံးစီးထွက်ပြီး သိမ်းဆည်းလေ့ရှိပါတယ်။ ကားမဝင်နိုင်တဲ့ ကြားလမ်းတွေကို သုံးဘီးနဲ့ အမှိုက်သိမ်းဆည်းဖို့ ထွက်ပေးသွားမှာပါ။ သတ်မှတ်အိတ် မပါသူတွေကို အခပေးပြီး အမှိုက်ပစ်ဖို့ ဆက်ပြီး စည်းရုံးသိမ်းသွင်းသွားမှာပါ။ အခပေးထားသူနဲ့ မပေးထားသူ အတူလာရင် အခပေးထားသူကို ဦးစားပေးသိမ်းသွားမှာပါ။ နောက်ကြာလာရင်တော့ အခပေးထားသူတွေကိုပဲ အမှိုက်သိမ်းဆည်းပေးသွားတော့မှာဖြစ်ပြီး အခမပေးချင်ရင် ကိုယ့်အစီအစဉ်နဲ့ကိုယ် အမှိုက်ကျင်းကို သွားပစ်ရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

မလှိုင်မြို့နယ် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး အမှုဆောင်အရာရှိ ဦးခင်မောင်ထွေးက "မလှိုင်မြို့မှာ အမှိုက်ခွန်အစား အမှိုက်သိမ်းဆည်းခအဖြစ် ကောက်ခံသွားရတဲ့ အမှိုက်သိမ်းယာဉ်ထွက်ခွာတဲ့ လမ်းကြောင်းနဲ့ အမှိုက်အိတ်ရယူသူတွေကို မှတ်တမ်းရယူပြီး မြေပုံကြမ်းနဲ့ ပြသပေးသွားမှာပါ။ အမှိုက်သိမ်းဆည်းဆောင်ရွက်ရာမှာ နှစ်စဉ် ငွေကျပ် ၂၈၇ ဒသမ ၁၆ သိန်းဝန်းကျင် စိုက်ထုတ်ရတဲ့ လုပ်ငန်းပါ။ အမှိုက်အိတ်ကို ပထမဆုံးအကြိမ် အခမဲ့ဖြန့်ဝေတာပါ။ ငွေကျပ် တစ်ထောင် သို့မဟုတ် ကျပ်ငါးရာက အမှိုက်သိမ်းဆည်းခအဖြစ် ကောက်ခံတာပါ။ အမှိုက်အိတ်တွေ ဟောင်းနွမ်းပျက်စီးသွားရင် သက်ဆိုင်ရာမှာ ဝယ်ယူနိုင်သလို ဒေသခံတွေဆီက အိတ်ရှိနေရင် သက်ဆိုင်ရာမှာ အမှိုက်ကင်းစင်လှပ့ဝန်းကျင်ဆိုတဲ့ ဆောင်ပုဒ်စာသားကို လာရိုက်နိုင်ပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။

မလှိုင်မြို့တွင် အမှိုက်ခွန်အစား အမှိုက်သိမ်းဆည်းခအဖြစ် ပြောင်းလဲခြင်းကို ဇန်နဝါရီ ၁ ရက်တွင် စတင်အကောင်အထည်ဖော်လျက်ရှိပြီး ယင်းစနစ်ကို ပြည်သူများသိရှိနားလည်၍ အောင်မြင်သည်အထိ စည်းရုံးလုပ်ဆောင်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ဘိုဘို(မလှိုင်)**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်များ ထောက်ပံ့ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အသက်(၈၅)နှစ်နှင့်အထက် အဘိုးတစ်ဦးအား သက်ကြီးပင်စင်ထောက်ပံ့ငွေ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ကျောက်ဆည်မြို့တွင် လူငယ်နှင့်စာပေ ပြည်သူ့စကားဝိုင်းပြုလုပ်

**ကျောက်ဆည် ဇန်နဝါရီ ၈**

ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အနော်ရထာ အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၉ နာရီက လူငယ်နှင့် စာပေခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်းက စာပေဖတ်ရှုခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကျော့မြတ်ခိုင်က ပြည်သူ့စကားဝိုင်းများ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ စာရေးဆရာ ဦးအောင်မြင့်က ယနေ့လူငယ်များသည် အနာဂတ်အတွက် ကောင်းကျိုးပြုသူများဖြစ်စေရမည်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာမွန်ဇူးက စာဖတ်ခြင်းနှင့် ဗိုလ်ချုပ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ကေ တောင်တန်းပြာက စာဖတ်ခြင်းနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဦးဆောင်ဆွေးနွေးပြောကြားခဲ့ကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ဆွေးနွေးပွဲခေါင်းစဉ်နှင့် ပတ်သက်ပြီး သိရှိလိုကြသည့် အကြောင်းအရာများ ပြန်လည်မေးမြန်းခဲ့ရာ မေးမြန်းသည့်မေးခွန်းများအလိုက် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



"နိုင်ငံတစ်နိုင်ငံမှာ ဆင်းရဲချမ်းသာသိပ်ပြီးတော့ ကွာဟမှုရှိတယ်ဆိုတာ နိုင်ငံအတွက်ကောင်းတာ မဟုတ်ပါဘူး။ ဒီလိုကွာဟမှုတွေဆိုတာကလည်း ဒေသရဲ့ လမ်းပန်းဆက်သွယ်ရေးအခက်အခဲနဲ့လည်း ဆိုင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုရှိတဲ့အခါ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ လုပ်ဖို့ဟာကလည်း ခက်ခဲလာပါတယ်။ ဒါကြောင့် ကျွန်မတို့လမ်းဖောက်တဲ့အလုပ်ဟာ အင်မတန်မှ မွန်မြတ်တဲ့အလုပ်လို့ ကျွန်မအနေနဲ့ ခံယူချင်ပါတယ်။"

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဂွေ့ဇ-ဆန်းလွတ်ချက်တောင်ထိပ် (၃၃ မိုင် ၆ ဖာလုံ) လမ်းပိုင်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



❐ ရှေ့ဖုံးမှ

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် မလိခလော့ဒ်ဟိုတယ်သို့ရောက်ရှိကြပြီး ဟိုတယ်ခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က မဂွေ့ဇ - ငါ့လုံဒမ်- ရီဒမ်း- ခေါင်လန်ဖူး (၆၅ မိုင် ၄ ဖာလုံ) လမ်းဖောက်လုပ်မှုအခြေအနေ၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့်အခြေအနေ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်က မဂွေ့ဇ - ခေါင်လန်ဖူး လမ်းဖောက်လုပ်မှု အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မဂွေ့ဇ - ငါ့လုံဒမ်- ရီဒမ်း- ခေါင်လန်ဖူး (၆၅ မိုင် ၄ ဖာလုံ) လမ်းဖောက်လုပ်မှုပုံစံငယ်ကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ တပ်မတော်ရဟတ်ယာဉ်များဖြင့် နောင်မွန်မြို့နယ် မဂွေ့ဇ ယာယီမဏ္ဍပ်သို့ရောက်ရှိကြပြီး မဂွေ့ဇ - ဆန်းလွတ်ချက်တောင်ထိပ် (၃၃ မိုင် ၆ ဖာလုံ) လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

### အချင်းချင်းနီးစပ်သွား

အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ယခု ဒီကိုရောက်လာပြီးတော့ လမ်းဖွင့်ပွဲမှာ ပါဝင်တက်ရောက်နိုင်တဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ အထူးသဖြင့် ကျွန်မတို့ရဲ့ ဒေသခံပြည်ထောင်စု နိုင်ငံသူနိုင်ငံသားများနဲ့တွေ့ရတဲ့အတွက် အင်မတန်မှဝမ်းသာပါတယ်။ ဒီလိုနေရာကိုလာဖို့ဆိုတာ မလွယ်ပါဘူး။ လာတဲ့အခါမှာလည်း ကျွန်မတို့ပိုပြီးတော့ အချင်းချင်းနီးစပ်သွားတယ်လို့ ခံစားရပါတယ်။ ဒီလိုလမ်းတွေဖောက်တယ်ဆိုတာ အဓိကအားဖြင့် ကျွန်မတို့ ဒေသဖွံ့ဖြိုးရေးအတွက်လည်းဖြစ်တယ်။ ဒါပေမယ့် ပိုပြီးတော့အရေးကြီးတာက ကျွန်မတို့ပြည်ထောင်စုတိုင်းရင်းသားများ အားလုံးကြားထဲမှာ နီးစပ်လာအောင် လုပ်တာဖြစ်ပါတယ်။ လမ်းမဖောက်ဘဲနဲ့ တစ်ယောက်နဲ့တစ်ယောက် ထိတွေ့မှုရှိဖို့ဆိုတာ မလွယ်ပါဘူး။ လမ်းဖောက်လိုက်တယ်ဆိုတာနဲ့ပဲ ထိတွေ့မှုတံတားကြီးတစ်ခု ဆောက်လိုက် သလိုပါပဲ။ လမ်းတွေ၊ တံတားတွေဖောက်တယ်ဆိုတဲ့ အဓိကရည်ရွယ်ချက်က ဒါပဲဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုဆိုတာလည်း နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးပေမယ့် ပိုပြီးတော့ အရေးကြီးတာက ညီညွတ်မှုအင်အားပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုလမ်းဖောက်တဲ့အခါမှာ လမ်းဖောက်ဖြစ်အောင်လို့ လုပ်ပေးတဲ့ ကျွန်မတို့ရဲ့ အလုပ်သမားတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

"ဒီမှာဆိုရင် တစ်နိုင်ငံလုံးက အလုပ်သမားတွေ ရောက်နေတယ်လို့ ကျွန်မနားလည်ပါတယ်။ ဒီအဓိပ္ပာယ်ကတော့ ကျွန်မတို့နိုင်ငံကိုတည်ထောင်ဖို့ဆိုတာ တစ်နိုင်ငံလုံး ဒေသမရွေး အားလုံးပါဝင်ပြီးတော့ ဆောင်ရွက်မှအောင်မြင်နိုင်မယ်ဆိုတာကို ပြတာပဲဖြစ်ပါတယ်။ အခုဒီလိုလမ်းဖောက်တဲ့အချိန်မှာ ဘာတွေကို သင်ခန်းစာယူရမလဲဆိုတော့ ဒီလမ်းဟာ အင်မတန်မှ ခက်ခဲပါတယ်။ ဘယ်လိုပဲခက်ခဲခက်ခဲ တကယ်ဆန္ဒရှိတယ်၊ တကယ်ပဲလုံ့လ၊ ဝီရိယနဲ့စုပေါင်းပြီးတော့လုပ်သွားမယ်ဆိုရင် မကျော်လွှားနိုင်တဲ့ အခက်အခဲဘာမှမရှိပါဘူး။ ဒါကြောင့် ကျွန်မတို့ ဒီဟာတွေကို အဓိကထားပြီးတော့ လုပ်စေချင်ပါတယ်။

"ဒါပေမယ့် ကျွန်မဒီမှာလာတဲ့အခါ နည်းနည်းသတိထားမိတာက ကျွန်မတို့ တိုင်းရင်းသားတွေက နည်းနည်းသေးတယ်။ အဲဒီတော့ အာဟာရပြည့်ပြည့်ဝဝနဲ့ ပိုပြီးတော့ စားဖို့လိုလိမ့်မယ်ထင်တယ်။ ဒီလိုလမ်းဖောက်လိုက်ခြင်းအားဖြင့်လည်း ပိုပြီးတော့ အာဟာရပြည့်ဝတဲ့အစားအစာတွေလည်း သယ်ယူဖို့ လွယ်ကူလာလိမ့်မယ်လို့ ကျွန်မတို့ထင်မိပါတယ်။ လူငယ်တွေ ပိုပြီး ကြီးထွားလာနိုင်အောင်လို့ အားလုံးပူးပေါင်းဆောင်ရွက်ရမယ်။ လမ်းဖောက်ပြီးရင် ဖွံ့ဖြိုးရေးအစီအစဉ်တွေကို ထိထိရောက်ရောက်လုပ်နိုင်မယ့် အခွင့်အရေးတွေ ကျွန်မတို့ရလာမှာဖြစ်ပါတယ်။

### အင်မတန်မှ မွန်မြတ်တဲ့အလုပ်

"ဒီဖွံ့ဖြိုးရေးအစီအစဉ်တွေဟာ ကျွန်မတို့ရဲ့တိုင်းရင်းသားများအားလုံး စိတ်ပိုင်းဆိုင်ရာအရ၊ ရုပ်ပိုင်းဆိုင်ရာအရ ဖွံ့ဖြိုးတိုးတက်ဖို့ပဲဖြစ်ပါတယ်။ အားလုံးကို ကျွန်မတို့ကတော့ တစ်စုတစ်စည်းတည်း တစ်ပြေးညီပဲ ဖြစ်ချင်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အားလုံးတစ်ပြေးညီဖြစ်တယ်ဆိုတာဟာလည်း နိုင်ငံ့ရဲ့ဂုဏ်သိက္ခာပါပဲ။ နိုင်ငံတစ်နိုင်ငံမှာ ဆင်းရဲချမ်းသာသိပ်ပြီးတော့ ကွာဟမှုရှိတယ်ဆိုတာ နိုင်ငံအတွက် ကောင်းတာမဟုတ်ပါဘူး။ ဒီလိုကွာဟမှုတွေဆိုတာကလည်း ဒေသရဲ့လမ်းပန်းဆက်သွယ်ရေးအခက်အခဲနဲ့လည်း ဆိုင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုရှိတဲ့အခါ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေလုပ်ဖို့ဟာကလည်း ခက်ခဲလာပါတယ်။ ဒါကြောင့် ကျွန်မတို့လမ်းဖောက်တဲ့အလုပ်ဟာ အင်မတန်မှမွန်မြတ်တဲ့အလုပ်လို့ ကျွန်မအနေနဲ့ ခံယူချင်ပါတယ်။

"တစ်နိုင်ငံလုံးသွားခဲ့တဲ့အခါမှာ လမ်းတွေဖောက်နေတဲ့ လမ်းလုပ်သားတွေ နေရာတိုင်းမှာတွေ့ခဲ့ရတယ်။ ဒါပေမယ့် လမ်းလုပ်သားတွေက ဒေသခံတွေတင် မဟုတ်ပါဘူး။ တချို့ဆိုရင် အင်မတန်မှဝေးတဲ့တိုင်းတွေကနေ လာရောက်ပြီးတော့ အလုပ်လုပ်နေတာတွေ ကျွန်မတွေ့ရပါတယ်။ ဥပမာ ကချင်ပြည်နယ်မှာဆိုရင် ဖေ့ဖေ့ရဲ့ဇာတိဖြစ်တဲ့ မကွေးတိုင်းက အလုပ်သမားတွေကိုလည်း ကျွန်မတို့ ခဏခဏတွေ့ရပါတယ်။ လမ်းလုပ်သားတွေ။ ရှမ်းပြည်နယ်မှာလည်း တွေ့ရတယ်။ ကရင်ပြည်နယ်မှာလည်း တွေ့ရတယ်။ တစ်တိုင်းပြည်လုံးမှာ ကျွန်မတို့တိုင်းရင်းသူ တိုင်းရင်းသားများဟာ ဖြန့်ပြီးတော့ တတ်နိုင်တဲ့ဘက်ကနေပြီးတော့၊ ရတဲ့ဘက်ကနေပြီးတော့ လုပ်နေတယ်ဆိုတာ မြင်ရတဲ့အခါ အင်မတန်မှအားတက်ရပါတယ်။ ဒါကြောင့်

စာမျက်နှာ ၄ သို့




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်လန်ဖူးမြို့ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

မို့လို့ အခုလိုအချိန်မှာဆိုရင် ဒီလိုစုဝေးနိုင်တာကိုလည်း အားလည်းရတယ်။ လာရောက်တဲ့သူတွေကိုလည်း ကျေးဇူးတင်တယ်။ ဒီလောက်တောင် စုဝေးနိုင်မယ်လို့လည်း မမျှော်လင့်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သွားလာရတာ အခုထက်ထိတော့ ခက်ခဲသေးတယ်ဆိုတာသိပါတယ်။ ဒါပေမယ့်လည်း အခုမော်တော်ဆိုင်ကယ်က ပေါက်နေပြီးတော့ နေရာတော်တော်များများမှာ အရင်ကထက်စာရင် အင်မတန်မှလွယ်သွားပြီဆိုတာကို ကျွန်မတို့ အခုမြင်နေရပြီဖြစ်တယ်။ ဒီလိုလွယ်သွားတာကြောင့်မို့လို့လည်း တစ်ယောက်နဲ့တစ်ယောက် ပိုပြီးသိကျွမ်းဖို့၊ တစ်ယောက်နဲ့တစ်ယောက်ပိုပြီး နားလည်မှုယူဖို့၊ တစ်ယောက်နဲ့တစ်ယောက် ပိုပြီးကူညီဖို့ ပေါ်ပေါက်လာတဲ့ အခွင့်အရေးတွေကိုလည်း သုံးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

"ကိုယ့်ကိုယ်ကိုယ် ကို အားဖြည့်တာဆိုတာဟာ ကိုယ့်ပတ်ဝန်းကျင်ကို အားဖြည့်ပေးရဲမှ ဖြစ်နိုင်မှာပါ။ ဘယ်သူမှ တစ်ယောက်တည်းရှင်သန်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဒေသတစ်ခုဖွံ့ဖြိုးသွားပြီဆိုရင် အဝေးကဒေသတွေကိုလည်း ပိုပြီးတော့ ဖွံ့ဖြိုးပေးဖို့ ကျွန်မတို့မှာကူညီနိုင်တဲ့ အခွင့်အရေးတွေရှိသလို အခွင့်အရေးပေးဖို့လည်း တာဝန်ရှိတယ်လို့ ကျွန်မအနေနဲ့ သဘောထားစေချင်ပါတယ်။ ကျွန်မတို့ရဲ့နိုင်ငံသူနိုင်ငံသားများအားလုံးဟာ ကိုယ့်ရဲ့အခွင့်အရေးတွေကို ကာကွယ်ရမယ်။ စောင့်ရှောက်ရမယ်။ ဒါပေမယ့် ကိုယ့်ရဲ့တာဝန်တွေကိုလည်း ကျေပွန်အောင် ထမ်းဆောင်ရမယ်။ တစ်ဖက်သတ်ပဲကြည့်လို့ မရပါဘူး။ ထိုနည်းရှင်းပဲ အစိုးရများဆိုတာလည်း ပြည်သူလူထုရဲ့အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်တွေရှိတဲ့နည်းတူ ပြည်သူလူထုက နေပြီးတော့ ယုံယုံကြည်ကြည်နဲ့ ပေးအပ်ထားတဲ့တာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်ဖို့လည်း အရေးကြီးပါတယ်။ အဲဒီလိုစုပေါင်းပြီးတော့ တာဝန်သိစိတ်နဲ့လုပ်မှ ဒီနိုင်ငံဟာ တိုးတက်မှာပါ။ ရဟတ်ယာဉ်နဲ့ကြည့်လိုက်တဲ့အခါ ကျွန်မတို့ရဲ့ကချင်ပြည်နယ်မှာ တောကြီးတွေဟာ အခုထက်ထိထူထပ်စွာနဲ့ ဟိုးပဝေသဏီကတည်းက တည်ရှိခဲ့ပြီးတော့ မပျက်မစီးမြင်ရတဲ့အခါ အင်မတန်မှ အားတက်တယ်။ တစ်ဖက်ကနေ စဉ်းစားလိုက်ရင် ကျွန်မတို့နိုင်ငံဘယ်လောက်လှပလဲ။ ကျွန်မတို့နိုင်ငံက ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာကိုလည်း ကျွန်မစိတ်ထဲမှာ ခံစားရတယ်။ ဒီလိုတန်ဖိုးရှိတဲ့၊ လှပတဲ့ နိုင်ငံတစ်ခုကို ကာကွယ်စောင့်ရှောက်ဖို့ဆိုတာ တစ်ဦးချင်းတစ်ဦးချင်းမှာ တာဝန်ရှိတယ်။ စောင့်ရှောက်ချင်တဲ့ စိတ်ဓာတ်လည်းရှိရမယ်။ တန်ဖိုးထားတတ်တဲ့ သဘောထားလည်းရှိရမယ်။ နေ့တိုင်းမြင်နေရလို့ ကိုယ့်ပတ်ဝန်းကျင်ကို အလေးမထားတဲ့အခြေအနေ မဖြစ်သွားပါစေနဲ့။ နေ့တိုင်းနေ့တိုင်း ဒီလိုပတ်ဝန်းကျင်မှာ နေနိုင်တာဟာ ကိုယ့်ရဲ့ကံကောင်းတယ်၊ ကံထူးတယ်လို့ စိတ်ထဲမှာမှတ်စေချင်တယ်။ မှန်ပါတယ် ဒီလိုနေရာမျိုးဟာ ခက်ခဲတဲ့ဟာတွေ အများကြီးရှိပါတယ်။ ခက်ခက်ခဲခဲလာရတယ်။ သွားရတယ်။ စားဝတ်နေရေးအတွက် ရုန်းကန်ရတယ်။ ဒါပေမယ့် ဒီလိုခက်ခက်ခဲခဲလုပ်ခြင်းအားဖြင့် ကိုယ့်ရဲ့အင်အားတွေကို တက်လာအောင်လုပ်နိုင်ပါတယ်။

**သဘာဝပတ်ဝန်းကျင် မပျက်စီးအောင်**

"ဒါကြောင့် ကျွန်မတို့ရဲ့နိုင်ငံ၊ အင်မတန်မှလှပတဲ့ သဘာဝကနေ ပေးအပ်ထားတဲ့ နိုင်ငံကြီးကို ထိန်းသိမ်းဖို့ အင်မတန်အရေးကြီးပါတယ်။ ဖွံ့ဖြိုးမှုရောက်လာပြီဆိုရင် တစ်ခါတလေ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေ ဖြစ်တတ်ပါတယ်။ ကျွန်မတို့ကစပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ကတည်းက သဘာဝပတ်ဝန်းကျင် မပျက်စီးအောင်လို့လည်း စိတ်ထဲမှာ စွဲစွဲမြဲမြဲမှတ်ထားစေချင်ပါတယ်။ ကိုယ့်ရဲ့သားသမီးတွေ၊ ကလေးတွေကိုလည်း ကိုယ့်ပတ်ဝန်းကျင်ရဲ့လှပမှုကို နားလည်အောင်၊ တန်ဖိုးထားအောင် ၊ ကျွန်မတို့ရဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းချင်တဲ့ စိတ်ဓာတ်တွေရှိအောင် သင်ပေးစေချင်ပါတယ်။ လူကြီးတွေဟာ ပိုက်ဆံချမ်းသာသည်ဖြစ်စေ၊ မချမ်းသာသည်ဖြစ်စေ၊ ရာထူးကြီးသည်ဖြစ်စေ၊ နိမ့်သည်ဖြစ်စေ မိမိတို့ရဲ့သားသမီးများ၊ နောင်လာနောက်သားများအတွက် ပေးကမ်းနိုင်တဲ့၊ ထားပစ်ခဲ့နိုင်တဲ့ အကောင်းဆုံးအမွေအနှစ်ကတော့ မှန်ကန်တဲ့ စိတ်ထားတွေပဲဖြစ်ပါတယ်။ အဲဒါကတော့ လူတိုင်းလူတိုင်း လုပ်နိုင်တယ်။ ပိုက်ဆံမရှိတဲ့သူလည်း လုပ်နိုင်တယ်။ ရာထူးမရှိတဲ့သူလည်း လုပ်နိုင်တယ်။

**ကောင်းတဲ့အမွေအနှစ်တွေ ပေးခဲ့နိုင်**

"တစ်ခါတလေ အင်မတန်မှ ချမ်းသာကြွယ်ဝပြီးတော့၊ ရာထူးကြီးမြင့်ပြီးတော့ သားသမီးများကို ကောင်းတဲ့စိတ်ဓာတ်အမွေအနှစ်ကို မပေးခဲ့ဘူးဆိုရင် ဒီသားသမီးများဟာ ဘယ်သူ့ကိုမှ အကျိုးပြုနိုင်မှာမဟုတ်ပါဘူး။ အခြားသူကို အကျိုးမပြုနိုင်တဲ့သူဆိုတာ နောက်ဆုံးကျတော့ မိမိကိုယ်မိမိလည်း အကျိုးပြုနိုင်မှာမဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ တိုင်းရင်းသားများအားလုံး၊ ပြည်ထောင်စုသားများအားလုံးဟာ ကိုယ့်ရဲ့သားသမီးတွေ၊ ကိုယ့်ရဲ့ကလေးတွေကို ကောင်းတဲ့အမွေအနှစ်တွေ ပေးခဲ့နိုင်အောင်လို့ ကိုယ်ကိုယ်တိုင်က မှန်မှန်ကန်ကန်ကျင့်ကြံပါ။ မှန်ကန်တဲ့စိတ်ထားတွေကိုထားပါ။ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံနဲ့ စုဖွဲ့ထားတဲ့ နိုင်ငံဖြစ်တယ်။ ပြောတဲ့ဘာသာစကားချင်းလည်းမတူဘူး။ ကိုးကွယ်တဲ့ဘာသာချင်းလည်းမတူဘူး။ နိစ္စဓူဝ စားပုံသောက်ပုံချင်းလည်း မတူဘူး။

"ဒါပေမယ့် မတူကွဲပြားမှုတွေဟာ ကျွန်မတို့အတွက် ကြောက်စရာမဟုတ်ဘူး။ စိုးရိမ်စရာမဟုတ်ဘူး။ ဒီဟာ ကျွန်မတို့အတွက် စိတ်ဝင်စားစရာ တစ်ဦးနဲ့တစ်ဦး အင်အား ဖြည့်ပေးစရာလည်းဖြစ်ပါတယ်။ အားလုံးဟာ တစ်ပုံစံတည်းဆိုရင် ကမ္ဘာကြီးဟာ အင်မတန်မှ ကျဉ်းမြောင်းသွားပါလိမ့်မယ်။ ဥပမာဆိုရင်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နောင်မွန်မြို့နယ်မှ ဒေသခံတိုင်းရင်းသူများက ကြိုဆိုကြစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း နာယက ဦးအားတန်က အမှတ်တရ လက်ဆောင် ပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပူတာအိုမြို့ မလိခလော့ဒ်ဟိုတယ်၌ မြို့မိမြို့ဖ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ ခေါင်လန်ဖူးမြို့မှ ဒေသခံပြည်သူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

တစ်ယောက်က သီချင်းဆိုတတ်တယ်။ တစ်ယောက်ကနေပြီးတော့ ဆိုင်းတီးတတ်တယ်ဆိုရင် သီချင်းဆိုတာဟာ ဆိုင်းမပါဘဲ သီချင်းဆိုတာထက် ဆိုင်းပါပြီး သီချင်းဆိုတာဟာ ပိုပြီးတော့ ဝေဆာပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မတူတဲ့အင်အားတွေ ပေါင်းလိုက်တဲ့ဟာက ကိုယ်တစ်ယောက်တည်းရဲ့ အင်အားကို သုံးတာထက် အင်မတန်မှ အင်အားကြီးပါတယ်။ ဒါကြောင့် ကျွန်မတို့တိုင်းရင်းသားများ အခုဒီလိုနေရာမျိုးမှာ လာရတဲ့အခါမှာ ဒီလိုဝေးလံခေါင်သီတဲ့နေရာမှာ တိုင်းရင်းသားလူမျိုးစု အမျိုးမျိုး ကျွန်မတို့တွေ့ရတယ်။ လူမျိုးစု တစ်မျိုးတည်းနေတာ မဟုတ်ဘူး။

### အရည်အချင်းတစ်ခုလည်းဖြစ်

“ဒီလိုဝိုင်းဝန်းပြီးတော့ သိုက်သိုက်ဝန်းဝန်းဖြစ်အောင်လို့ နေနိုင်တာဟာ ဒီဒေသခံတွေရဲ့ အင်မတန်မှ ဂုဏ်သိက္ခာရှိတဲ့ အရည်အချင်းတစ်ခုလည်း ဖြစ်ပါတယ်။ ဒီအရည်အချင်းကို ထိန်းသိမ်းထားစေချင်တယ်။ အချင်းချင်းကြားမှာ အဆင်ပြေအောင်နေတတ်တာ၊ ချစ်ခင်မှုကို တစ်နေ့ထက်တစ်နေ့ တိုးပွားအောင်လုပ်တတ်တာဟာ ကျွန်မတို့နိုင်ငံရဲ့ အဓိကအင်အားဖြစ်ရမယ်။ ကမ္ဘာကြီးဟာ အမြဲပဲမေတ္တာအပေါ်မှာအခြေခံပြီးတော့ဆောင်ရွက်ကြတာမဟုတ်ပါဘူး။ မေတ္တာကို ပထမတန်းစားတန်ဖိုးအနေနဲ့ထားပြီးတော့ လှုပ်ရှားတဲ့လူ့အသိုင်းအဝိုင်းတွေဆိုတာ တစ်နေ့ထက်တစ်နေ့ နည်းလာတာကိုလည်း မြင်ရပါလိမ့်မယ်။

“ဒါပေမယ့် အဲဒီလို ကျွန်မတို့ရဲ့နိုင်ငံမှာ မေတ္တာကိုအခြေခံပြီးတော့ ဖွံ့ဖြိုးမှုရရှိအောင်လုပ်နိုင်မယ့် လူ့အသိုင်းအဝိုင်း ထူထောင်နိုင်မယ်ဆိုရင် ကျွန်မတို့ဟာ ဒီတစ်ကမ္ဘာကြီးနဲ့ အခြားနိုင်ငံတွေထက်ပိုပြီးတော့ သာလွန်တဲ့ ချမ်းသာမှုကို ကျွန်မတို့ ရနိုင်မှာပါ။ စိတ်၏ချမ်းသာမှု၊ ကိုယ်၏ချမ်းသာမှု နှစ်မျိုးရှိပါတယ်။ ကိုယ်၏ချမ်းသာမှုဟာ တကယ်တော့ ရုပ်ပိုင်းဆိုင်ရာချမ်းသာမှု လိုအပ်ချက်တွေဟာ ဒီလောက်များတာ မဟုတ်ပါဘူး။ စိတ်ကမကျေနပ်လို့သာများများ များများလာတာပါ။ လူ့ရဲ့စိတ်ဆိုတာ ကျွန်မတို့ဆိုရိုးစကားရှိပါတယ်။ လူ့အလို နတ်မဖြည့်နိုင်ဘူးဆိုတာ လူတွေက တစ်ခုပြီးတစ်ခုလိုနေတဲ့အခါကျတော့ နတ်များတောင်မှ မဖြည့်နိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်ပါ။ တကယ်ပဲ လိုအပ်သလားဆိုတော့ တကယ်တော့ လိုအပ်တာမဟုတ်ပါဘူး။ စိတ်က လိုအပ်တာပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့က စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်အောင်လည်းလုပ်ရမယ်။ ရုပ်ပိုင်းဆိုင်ရာလည်း ဖွံ့ဖြိုးသင့်သလောက် ဖွံ့ဖြိုးအောင်လုပ်ရမယ်။ ဒီနှစ်ခုကိုတွဲပြီးမှ ကျွန်မတို့နိုင်ငံကြီးကို တိုးတက်သာယာအောင် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

### တကယ်တိုးတက်နိုင်မယ့်အခြေအနေ

“ကျွန်မတို့ အခုလို လမ်းဖွင့်လိုက်တယ်၊ လမ်းဖောက်လိုက်တယ်ဆိုတာဟာ ကျွန်မတို့ရဲ့နိုင်ငံ တကယ်တိုးတက်နိုင်မယ့်အခြေအနေကို သွားနိုင်မယ့်လမ်းကို ဖွင့်ပေးတာပဲဖြစ်ပါတယ်။ ဒါပေမယ့် လမ်းဆိုတာ ဖောက်လိုက်ပြီ၊ ဖွင့်လိုက်ပြီ

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်လန်ဖူးမြို့မှ ဒေသနေပြည်သူများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်လန်ဖူးမြို့၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

**“ဒီလိုလမ်းတွေ ဖောက်တယ်ဆိုတာ အဓိကအားဖြင့် ကျွန်မတို့ ဒေသဖွံ့ဖြိုးရေးအတွက်လည်း ဖြစ်တယ်။ ဒါပေမယ့် ပိုပြီးတော့ အရေးကြီးတာက ကျွန်မတို့ ပြည်ထောင်စုတိုင်းရင်းသားများ အားလုံးကြားထဲမှာ နီးစပ်လာအောင် လုပ်တာဖြစ်ပါတယ်။ လမ်းမဖောက်ဘဲနဲ့ တစ်ယောက်နဲ့တစ်ယောက် ထိတွေ့မှုရှိဖို့ဆိုတာ မလွယ်ပါဘူး။ လမ်းဖောက်လိုက်တယ်ဆိုတာနဲ့ပဲ ထိတွေ့မှုတံတားကြီးတစ်ခု ဆောက်လိုက်သလိုပါပဲ”**

*စာမျက်နှာ ၅ မှ*

ဒီလမ်းကို လျှောက်မှ ဒီလမ်းကိုအသုံးချမှ အသုံးချတဲ့သူအတွက် တန်ဖိုးရှိမှာပဲ ဖြစ်ပါတယ်။ လမ်းတစ်ခုကို ဖောက်ပေးတယ်၊ ဆောက်ပေးတယ်၊ ဖွင့်ပေးတယ် ဒါပေမယ့် ဒီမှာရှိနေတဲ့ ဒီလမ်းကို သုံးနိုင်တဲ့ ပုဂ္ဂိုလ်များက မသုံးဘဲနဲ့ အရင်အတိုင်းပဲ အရင်ပုံစံအတိုင်းပဲ နေမယ်ဆိုရင် ဒီလမ်းဖောက်ရခြင်း၊ ဆောက်ရခြင်းရဲ့ တန်ဖိုးဟာ ကျသွားမှာပါ။ ဒါကြောင့် အခုလို လမ်းသစ်ကြီးပွင့်လာတဲ့ခါမှာ ဒီလမ်းသစ်ကြီးကို တန်ဖိုးရှိအောင်လို့ သုံးကြပါ။ ကိုယ့်အချင်းချင်း ပိုပြီးတော့ညီညွတ်မှုရှိအောင်၊ တစ်ယောက်အကြောင်း တစ်ယောက်ပိုပြီးတော့ သိနိုင်တဲ့ အခွင့်အရေးတွေကို ကောင်းကောင်းမွန်မွန်သုံးကြပါ။ ကိုယ့်ဒေသအတွက် ဖွံ့ဖြိုးရေးဖြစ်နိုင်တဲ့လုပ်ငန်းတွေလုပ်ဖို့ ဒီလမ်းကြီးကိုသုံးကြပါ။ ကျွန်မတို့ ဒီလမ်းကြီး ဖောက်လိုက်ခြင်းဟာ ကျွန်မတို့ ဒေသခံတွေအတွက် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပိုပြီးရှိနိုင်အောင်လို့ လုပ်ပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်” ဟု ပြောကြားသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က မဝေ့ဇ - ဆန်းလွတ်ချက်တောင်ထိပ် (၃၃ မိုင် ၆ ဖာလုံ) လမ်းပိုင်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဖောက်လုပ်သွားမည့် လမ်းလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံပြည်သူ ဦးဖုန်ယုက မဝေ့ဇ - ငါ့လုံဒမ်-ရီဒမ်း- ခေါင်လန်ဖူး လမ်းဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

**အမှတ်တရလက်ဆောင်များပေးအပ်**

ယင်းနောက် ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းနာယက ဦးအားတန် ဦးဆောင်သည့် အဖွဲ့ဝင်များက အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လမ်းလုပ်ငန်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်း ပေးအပ်သည်။

ယင်းနောက် မဝေ့ဇ - ဆန်းလွတ်ချက်တောင်ထိပ် (၃၃ မိုင် ၆ ဖာလုံ)လမ်းပိုင်း လမ်းဖွင့်ပွဲအခမ်းအနားကို အဆိုပါ လမ်းမုခ်ဦးရှေ့၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မော်တော်ယာဉ်ဖြင့် မဝေ့ဇ - ဆန်းလွတ်ချက်တောင်ထိပ် (၃၃ မိုင် ၆ ဖာလုံ) လမ်းပိုင်း လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တပ်မတော်ရဟတ်ယာဉ်ဖြင့် မဝေ့ဇမှ ခေါင်လန်ဖူးမြို့သို့ ရောက်ရှိပြီး ခေါင်လန်ဖူးမြို့ ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**တန်းတူညီတူအခွင့်အရေးရရန်ဆောင်ရွက်**

တွေ့ဆုံပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိတို့အနေဖြင့် ဝေးလံခေါင်သီဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေး ကူညီဆောင်ရွက်ပေးလိုပါကြောင်း၊ နေရာတိုင်း တန်းတူညီရေးသည် အရေးပါပြီး ခက်ခဲသည့်နေရာများသည် ပို၍အရေးပါပါကြောင်း၊ ဖွံ့ဖြိုးမှုနည်းသည့် ဒေသများအတွက် ဖွံ့ဖြိုးတိုးတက်မှု အမြန်ရရှိစေရန် ပံ့ပိုးရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသဖြင့် ဘက်ပေါင်းစုံကြည့်ရပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုဖြစ်သည်နှင့်အညီ တိုင်းရင်းသားများအားလုံး တန်းတူညီတူအခွင့်အရေးရရန် ဆောင်ရွက်ရပါကြောင်း။

မိမိအနေဖြင့် ယခုရောက်ရှိသည်မှာ လမ်းဖွင့်သည့် အခမ်းအနားတက်ရောက်ရန်ဖြစ်ပါကြောင်း၊ သို့သော် ယခုကဲ့သို့ ကြုံကြိုက်တုန်း တတ်နိုင်သမျှ ပြည်သူလူထုနှင့် ထိတွေ့မှုရှိလိုပါကြောင်း၊ ပြည်သူလူထုထဲမှ ကလေးများသည် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ ကလေးများသည် နိုင်ငံ၏တာဝန်ကို ကြာမြင့်စွာ ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် ဖြစ်ပါကြောင်း၊ ကလေးများ စာသင်မှ မိမိတို့နိုင်ငံ၏ အနာဂတ်သည် ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် အဓိက အရေးပေးပြီး ပြောကြားသည်မှာ ပညာရေးနှင့် ကျန်းမာရေး ဖြစ်ပါကြောင်း။

မိမိတို့ နိုင်ငံသူ နိုင်ငံသားများသည် ကျန်းမာမှ၊ ပညာရှိမှ




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ မလိခကြိုးတံတား(မချမ်းဘော) အား ဖြတ်သန်းကြည့်ရှုလေ့လာစဉ်။** သတင်းစဉ်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ မူလာရှီးဒီ ဂျစ်ကားကူးကြိုးတံတားအား ကြည့်ရှုလေ့လာစဉ်။** သတင်းစဉ်

နိုင်ငံ့အကျိုးကို ထမ်းဆောင်နိုင်မည်ဖြစ်သကဲ့သို့ မိမိအကျိုးကိုလည်း ထမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ဤဒေသများတွင် ကလေးများ အာဟာရပြည့်ဝအောင် အထူးကြိုးစားပြီး လုပ်ဆောင်ပေးလိုပါကြောင်း၊ ကလေးများ အာဟာရပြည့်ဝမှ သန်သန်မာမာ၊ ကျန်းကျန်းမာမာဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ပညာတတ်မှလည်း အားလုံးကို ကူညီနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ရပ်မိရပ်ဖများနှင့် တွေ့ဆုံစဉ် ဒေသအတွက် အဓိကလိုအပ်ချက်များကို တင်ပြစေလိုပါကြောင်း၊ အစိုးရအနေဖြင့် ဘယ်လိုပုံစံမျိုးဖြင့် ပံ့ပိုးပေးနိုင်သည်ဆိုသည်ကိုလည်း ဆွေးနွေးတင်ပြစေလိုပါကြောင်း။

ဒေသခံများက တင်ပြသည့် ကြိုးပြင်တောကိစ္စနှင့်ပတ်သက်၍ ကြိုးပြင်တောကာကွယ်ရေးဆိုသည်မှာ နောင်တွင် မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ထိန်းသိမ်းဆောင်ရွက်ရာတွင် ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်နှင့် ညှိနှိုင်းပြီး လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ဤဒေသတွင်ရှိသည့် မျိုးပင်များသည် ဆေးဖက်ဝင်ပြီး တန်ဖိုးရှိသည်ဟု ကြားသိရပါကြောင်း၊ ထိုကဲ့သို့ တန်ဖိုးရှိသည့်အရာများကို ဒေသခံများအတွက် အထောက်အကူဖြစ်စေရန် စဉ်းစားဆောင်ရွက်မည် ဖြစ်ပါကြောင်း။

မြွေမသေ၊ တုတ်မကျိုးဆိုသကဲ့သို့ နှစ်ဖက်စလုံးအတွက် အဆင်ပြေစေရန် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မျိုးပင်များ မပြုန်းတီးစေရန်နှင့် ဒေသခံပြည်သူလူထု၏ စားဝတ်နေရေးမထိခိုက်စေရန် လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ ဤဒေသ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးတွင် တံတားများသည် လိုအပ်ချက်ဖြစ်သည်ဆိုသည်ကို နယ်စပ်ရေးရာဝန်ကြီးဌာနက တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး လိုအပ်သည့် တံတားများ အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရန် အထူးအလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

**ဆရာ ဆရာမများကို သင်တန်းပေးရန်**

ပညာရေးနှင့်ပတ်သက်၍ ကလေးများ အခြေခံပညာ အထက်တန်းအဆင့် အောင်နှုန်းနည်းခြင်းနှင့် ပတ်သက်၍ မိမိအနေဖြင့် ဆရာ ဆရာမများကို သင်တန်းပေးရန် လိုအပ်နေသည်ဟု စဉ်းစားမိပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကလေးများကို အောင်နှုန်းကောင်းအောင် သင်ကြားပေးနိုင်ရန်အတွက် မွမ်းမံသင်တန်းပေးသည့် အစီအစဉ်များကို ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လုံလောက်သည့် သင်ထောက်ကူပစ္စည်းများကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံအသစ် တည်ဆောက်ရန် လိုအပ်နေသည်ကို လက်ခံပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အမြန်ဆုံးဖြစ်မြောက်အောင် လုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း၊ အလားတူ လယ်ယာမြေနှင့် ပတ်သက်၍လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး တိမ်ကောလယ်ယာမြေများ အမြန်ဆုံး ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူ စီဒီးထာရ်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသနေပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ခေါက်ဆွဲခြောက် စသည့် စားနပ်ရိက္ခာများကို တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ခေါင်လန်ဖူးမြို့မှ မချမ်းဘောမြို့သို့ ရောက်ရှိကြသည်။

**တံတားဆိုင်ရာအချက်အလက်များရှင်းလင်း**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မချမ်းဘောမြို့ ဒေသဖွံ့ဖြိုးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မလိခကြိုးတံတား (မချမ်းဘော)သို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၁) မှ ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနည်လှက တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မလိခတံတား (မချမ်းဘော)အား ဖြတ်သန်းကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပူတာအိုမြို့သို့ ရောက်ရှိကြပြီး မြစ်ကြီးနား - ဆွမ်ပရာဘွမ်- ပူတာအို လမ်းပေါ်ရှိ မူလာရှီးဒီ ဂျစ်ကားကူးကြိုးတံတားအား ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မလိခလောဒ့်ဟိုတယ်၌ ပူတာအိုမြို့မိမြို့ဖ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ မြို့မိမြို့ဖများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအတွက် အဓိကလိုအပ်ချက် အခြေခံအဆောက်အအုံများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆောင်ရွက်ရန် ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့လာရောက်သည့်အခါ သာယာလှပပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သည့် အခြေအနေများကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့မြို့ရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့်စပ်လျဉ်းပြီး မြို့မိမြို့ဖများ၏ သဘောထားများကို ပွင့်ပွင့်လင်းလင်း သိရှိလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးနိုင်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း၊ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း တင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြို့မိမြို့ဖများက ပူတာအိုဒေသအတွက် အဓိကအရေးကြီးသော ငြိမ်းချမ်းရေးရရှိရန် လိုအပ်ချက်၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လိုအပ်ချက်၊ ပူတာအိုဒေသအတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် လိုအပ်ချက်၊ ပူတာအိုမြို့ပတ်လမ်းနှင့် လမ်း၊ တံတားများ လိုအပ်ချက်၊ ဒေသခံ ဘွဲ့ရလူငယ်များအား ဦးစားပေး၍ ဒေသတွင်း အလုပ်တာဝန်ပြန်လည်ခန့်ထားနိုင်ရေး စသည်တို့ကို တင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်၏ မူဝါဒနှင့်အညီ မျှမျှတတဖြစ်စေရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းတွေ့ဆုံပွဲသို့ ပူတာအိုမြို့မှ မြို့မိမြို့ဖ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် လေယာဉ်ကွင်းရပ်ကွက်မှ ရှမ်းရိုးရာယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးတင်လှ၊ ဟိုခိုရပ်ကွက်မှ ရှမ်းရိုးရာယဉ်ကျေးမှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်စွဲ့ထွန်းထွန်းနွယ်၊ ပန်းလှိုင်ရပ်ကွက်မှ ကောင်းမှုလုံဂေါပကအဖွဲ့ဝင် ဦးစောနွဲ့သိုက်ရွှေ၊ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည့် ပူတာအိုမြို့ မြို့မရပ်ကွက်မှ ရဝမ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမယစ်ယောရှု၊ လေယာဉ်ကွင်းရပ်ကွက်မှ ရဝမ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း အတွင်းရေးမှူး ဦးဆရစ်ဒီး၊ ဒုတ္တန်ရပ်ကွက်မှ ရဝမ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း အဖွဲ့ဝင် ဦးဒိန်ခန်ဒါဝိ၊ ဟိုခိုရပ်ကွက်မှ လီဆူရိုးရာယဉ်ကျေးမှုကော်မတီ ယာယီဥက္ကဋ္ဌ ဦးဂျေဖာဒါး၊ လုံးစွတ်ရပ်ကွက်မှ လီဆူရိုးရာယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး ဦးဒီးဒီရဲ၊ လုံးစွတ်ရပ်ကွက်မှ ဂျိန်းဖောရိုးရာယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆင်ဝါး၊ ကောင်ကထောင်ရပ်ကွက်မှ ဂျိန်းဖောရိုးရာယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး ဦးအောင်ခမ်း၊ ဟိုခိုရပ်ကွက်မှ မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးအခီယိုထ၊ မြို့မရပ်ကွက်မှ မြို့နယ်စည်ပင်ကော်မတီအဖွဲ့ဝင် ဦးခေါ်ဒုဆာရ်းတန်၊ ကောင်ကထောင်ရပ်ကွက်မှ မြို့နယ်စည်ပင်ကော်မတီအဖွဲ့ဝင် ဦးနိုခမ်း၊ မူလာရှီးဒီရပ်ကွက်မှ မြို့နယ်စည်ပင်ကော်မတီ အဖွဲ့ဝင် ဦးရီလီဆာ၊ ကောင်ကထောင်ရပ်ကွက်မှ ဒေါ်နန်ဆိုင်း၊ မြို့မရပ်ကွက်မှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမလောင်ဒေးဗစ်၊ ဟိုခိုရပ်ကွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်လာဖီးချာ၊ လေယာဉ်ကွင်းရပ်ကွက်မှ ဦးချန်းဂျောင်ဆာရ်း၊ လုံးစွတ်ရပ်ကွက်မှ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထမ်းတန်ဖီးရမ်တို့ တက်ရောက်ကြသည်။

**ညစာစားပွဲတက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပူတာအိုမြို့မိမြို့ဖများသည် ကချင်ပြည်နယ်အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ညစာစားပွဲတွင် ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်သည်။

**သတင်းစဉ်**

# တရုတ် - မြန်မာ ဆွေမျိုးပေါက်ဖော်များ ပရဟိတလှူဒါန်းပွဲ ကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့နံနက် ၁၀ နာရီက ညောင်ဦးမြို့အမှတ် (၅)ရပ်ကွက် ရွှေစည်းခုံဘုရားအရှေ့ဘက် စောင်းတန်းရှိ ချူအင်လိုင်းတန်ဆောင်း၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်း တရုတ် - မြန်မာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်လည်ပတ်ခြင်း (၅၈) နှစ်ပြည့် အထိမ်းအမှတ် တရုတ် - မြန်မာဆွေမျိုးပေါက်ဖော်များ ပရဟိတလှူဒါန်းပွဲကို တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့် တာဝန်ရှိသူများက ညောင်ဦးမြို့နယ်အတွင်းရှိ နွမ်းပါးသောအိမ်ထောင်စုဝင်များကိုယ်စား ညောင်ဦးမြို့ အမှတ်(၂) ရပ်ကွက်မှ ရပ်မိရပ်ဖ ဦးထွန်းလင်းနိုင်၊ အမှတ်(၄)ရပ်ကွက်မှ ရပ်မိရပ်ဖ ဦးကိုကိုနိုင်၊ အမှတ်(၆) ရပ်ကွက်မှ ဒေါ်တင်တင်အေး၊ ပုဂံမြို့သစ် ရွှေတွင်းရပ်ကွက်မှ ဦးအောင်ရွှေ၊ ပုဂံမြို့ ဂန့်ဂါရပ်ကွက်မှ ဒေါ်အေးအေးညိုတို့ထံ အိမ်ထောင်စု ၁၀၀ အတွက်အိမ်ထောင်စု တစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းလှူဒါန်းငွေကျပ် သိန်းတစ်ရာဖိုးရှိသော စားသောက်ကုန်ပစ္စည်း၊ အိမ်သုံးဆေးဝါးများနှင့် မီးဖိုချောင်သုံးပစ္စည်းမျိုးစုံပါဝင်သော လှူဒါန်းပစ္စည်း ၂၄ မျိုးကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

○ *ကျောဖုံးမှ*

ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ့တပ်မတော် (လေ)မှ ပထမဆုံးအကြိမ်အပ်နှင်းသည့် ဂုဏ်ထူးဆောင် လေသူရဲတောင်ပံတံဆိပ်အား မိမိကိုအပ်နှင်းသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်နှင့် တပ်မတော်(လေ) နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် အဆင့်အလိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ ချစ်ကြည်ရေးအားကစားပွဲများ၊ ယဉ်ကျေးမှုဖလှယ်ခြင်းနှင့် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆောင်ရွက်နိုင်မှုနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးစွာဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ဒုတိယပိုင်းတွင် သွင်းယူသည့် နှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အခြားပွဲများတွင် GV Athletic အသင်းက မြို့မအသင်းကို သုံးဂိုး - တစ်ဂိုး၊ AMM အသင်းက White Colour အသင်းကို ရှစ်ဂိုး- သုံးဂိုး၊ Comrade အသင်းက UPT အသင်းကို သုံးဂိုး- တစ်ဂိုး၊ ရွှေမြဝတီအသင်းက ယူ- ၁၉ အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊TitanXII အသင်းက PU အသင်းကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

MIC အသင်းသည် ကိုးပွဲဆက် အနိုင်ရခဲ့သည့်အပြင် ထိပ်ဆုံးနေရာအတွက် အဓိကပြိုင်ဘက်ဖြစ်သည့် VUC အသင်းကို အနိုင်ရခဲ့သောကြောင့် ရာသီဝက်ချန်ပီယံဖြစ်ရန် နီးစပ်သွားခဲ့သည်။ ပထမအကျော့ပြီးဆုံးရန် ပွဲစဉ်နှစ်ခုသာလိုတော့ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**

**ဓာတ်ပုံ-စိုးညွန့်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) က လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၈

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား** Ms. Rosario G. Manalo **ဦးဆောင်သော လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်** (ICOE) **က ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီအသီးသီးဖွဲ့စည်း၍ ဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု နောက်ဆုံးအခြေအနေများ၊ နိုင်ငံသားဖြစ်ခွင့်၊ လွတ်လပ်စွာသွားလာခွင့်၊ နေရပ်စွန့်ခွာသူများ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ IDP စခန်းများအား စနစ်တကျပိတ်သိမ်းနိုင်ရေးမဟာဗျူဟာရေးဆွဲရာတွင် နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် UNDP ၊ UNHCR တို့နှင့် နားလည်မှုစာချွန်လွှာရေးထိုးဆောင်ရွက်နေမှုများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများအား ပြန်လည်ခေါ်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် United Nations Convention on the Rights of the Child (UNCRC)၊ United Nations Convention on the Elimination of All Forms of Discrimination Against Women (UNCEDAW)သို့ အစီရင်ခံစာများ ပုံမှန်ရေးသားတင်သွင်းနေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်နေမှုများ၊ လူမှုသဟဇာတဖြစ်ထွန်းရေးဆောင်ရွက်နေမှုများ၊ အကောင်အထည်ဖော်ရာတွင် မြေပြင်တွင် စစ်မှန်သော ပြောင်းလဲမှုများပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ မကြာသေးမီကဖြစ်ပွားခဲ့သော Arakan Army (AA)အဖွဲ့၏ တိုက်ခိုက်မှုများကြောင့် အစိုးရ၏တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များထိခိုက်နိုင်သည့် အခြေအနေများ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်က ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်နှင့်အဖွဲ့အား ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်ရှိ ဇမ္ဗူသီရိခန်းမ၌တွေ့ဆုံ၍ ကျပ်တစ်သောင်းတန်ငွေစက္ကူများ အတု၊ အစစ် ခွဲခြားခြင်းကိစ္စ၊ နိုင်ငံခြားသုံးငွေ ရည်ညွှန်းငွေလဲလှယ်နှုန်းသတ်မှတ်ခြင်းဆိုင်ရာကိစ္စ၊ နိုင်ငံခြားငွေဈေးကွက် တည်ငြိမ်စေရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်၊ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၈**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့နှင့် မိုးမိတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကိုကိုးကျွန်းမြို့တွင် ၆ ဒသမ ၈၅ လက်မ၊ လပွတ္တာမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ကျောက်မဲမြို့နှင့် နောင်ချိုမြို့တို့တွင် ၃ ဒသမ ၃၁ လက်မစီ၊ ဖျာပုံမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ပြင်ဦးလွင်မြို့နှင့် ချောက်မြို့တို့တွင် ၂ ဒသမ ၃၆ လက်မစီ၊ ငါန်းဇွန်မြို့တွင် ၂ ဒသမ ၂၁ လက်မ၊ လားရှိုးမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ရန်ကုန် (ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၂ ဒသမ ၁၃ လက်မနှင့် မိုးကုတ်မြို့တွင် ၂ ဒသမ ၀၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# မြန်မာ- ဗြိတိန်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအကူအညီပေးရေးကိစ္စများ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဗြိတိန်နိုင်ငံ Foreign and Commonwealth Office မှ Permanent Under-Secretary Sir Simon McDonald အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်သို့ သံရုံးပြောင်းရွှေ့ဖွင့်လှစ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မှု အခြေအနေနှင့် လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးခဲ့ကြပြီး မြန်မာ- ဗြိတိန်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအကူအညီပေးရေးကိစ္စများနှင့် ရခိုင်ပြည်နယ်ကိစ္စအပါအဝင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့နေ့လယ်မှ နောက် ၃၆ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**လှိုင်းကြီးမည်**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

အဆိုပါလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုနေ့ဂုဏ်ပြုညစာစားပွဲတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများနှင့်ဖျော်ဖြေတင်ဆက်ရန် ယဉ်ကျေးမှုကိုယ်စားလှယ်များနှင့် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၈**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများနှင့် ဖျော်ဖြေတင်ဆက်ရန်အတွက် ပြည်ထောင်စုနေ့ ညစာစားပွဲ ဖျော်ဖြေရေး ဆပ်ကော်မတီ၏ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ ညှိနှိုင်းအစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ဓါတ်ပုံ)**

အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်များမှ ယဉ်ကျေးမှုကိုယ်စားလှယ်များနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးတွင် လုံခြုံရေးကိစ္စရပ်များ၊ ဖိတ်ကြားရေးကိစ္စရပ်များ၊ ကြိုဆိုနေရာချထားရေး ကိစ္စရပ်များ၊ အခမ်းအနားပြင်ဆင်ရေး ကိစ္စရပ်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကိစ္စရပ်များ၊ ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကိစ္စရပ်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ရေးကိစ္စရပ်များ အပါအဝင် ဆပ်ကော်မတီ၏ အဓိကတာဝန်ဖြစ်သော ဖျော်ဖြေရေးအစီအစဉ်များကို အဆင်ပြေချောမွေ့စွာ၊ ခမ်းနားသိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ဆပ်ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ”ပွဲတော်နှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ” (Myanmar Ethnics Culture Fest) အမည်ဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ပွဲတော်ကြီးကို ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ ပွဲတော်နှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ပြုလုပ်သည်။ **(ဓါတ်ပုံ)**

**ပထမဆုံးပြုလုပ်သည့်ပွဲတော်**

ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က “ဒီနေ့ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ” ကျင်းပရတဲ့ အကြောင်းကို မီဒီယာတွေကို ချပြတဲ့ပွဲ ဖြစ်ပါတယ်။ ဒီပွဲက မြန်မာနိုင်ငံရဲ့သမိုင်းမှာ ပထမဆုံး လုပ်တဲ့ တိုင်းရင်းသားတွေရဲ့ပွဲတော်ဖြစ်ပါတယ်။ တိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်မှုက အင်မတန် အရေးကြီးတယ်။ ဒီပွဲတော်ကျင်းပခြင်းဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့် ဖြစ်ပါတယ်” ဟု ပြောသည်။

ထို့နောက် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးမင်းဗညားစန်း က “သွေးချင်းတို့ရဲ့ပွဲတော်ဆီ” ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာများ၏ ပွဲတော်နှင့် စပ်လျဉ်းသည့် မေးမြန်းချက်များကို ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ “သွေးချင်းတို့ရဲ့ပွဲတော်ဆီ” ပွဲတော် ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းရှိ ပွဲတော်ဖျော်ဖြေရေးစင်မြင့်၌ ကျင်းပသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၃၀ ရက်အထိ ခြောက်ရက်တိုင်တိုင် ဝင်ကြေး အခမဲ့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**ဖျော်ဖြေပွဲများပါဝင်**

အဆိုပါ ပွဲတော်တွင် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ တိုင်းရင်းသားလူမျိုးစု တစ်စုချင်းစီ၏ အကအလှများ၊ တိုင်းရင်းသားအလှမယ်ရွေးချယ်ပွဲ “Miss Ethnic Myanmar 2019”၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုရိုးရာဓလေ့နေထိုင်မှုပုံစံများနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများကို တစ်စုတစ်စည်းတည်း ဖော်ပြထားသည့် ပြခန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် မိမိတို့ ကုန်ပစ္စည်းများကို တစ်စုတစ်ဝေးတည်း၊ တစ်နေရာတည်းတွင် လူအများကို ပြသ ရောင်းချနိုင်သည့် Exhibition Booth များ၊ လူမျိုးဘာသာမရွေး စားသောက်နိုင်သည့် Ethnics Night Market ဈေးတန်းများ၊ ဈေးဆိုင်များ၊ အမှတ်တရဓာတ်ပုံရိုက်ရန်နှင့် မီးအလှများ စသည့်အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်တွင် အာဇာနည်၊ ရေဗက္ကာဝင်း၊ အမွန်း၊ ဆုန်သင်းပါရ်၊ ချစ်သုဝေ၊ နီနီခင်ဇော်၊ မိစန္ဒီ၊ အောင်ထက်၊ ဖြိုးပြည့်စုံ၊ ဂျူဝယ်လ်၊ ဝင်းကိုခိုင်၊ ညီမင်းခိုင်၊ စံပီး၊ ဟက်ကက်၊ ကယ်ရိုလိုင်း၊ နန့်ချစ်နဒီဇော်၊ နီလန်း၊ လိမ္မော်သီး၊ ဆိုင်းစံ၊ စောလားထော်ဝါး၊ ဂျက်ဆန်ထွန်း၊ မရန်ဆိုင်းနော်၊ စောဖိုးခွား၊ စိုင်းအောင်ထီးခမ်း၊ လီလီမြင့် စသည့် အနုပညာရှင်၊ တေးသံရှင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ပွဲတော်တွင် ပါဝင်သည့် တိုင်းရင်းသား အလှမယ်ရွေးချယ်ပွဲ “Miss Ethnic Myanmar 2019”ကို တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုများ၊ ခရီးသွားလုပ်ငန်းများကို မြှင့်တင်နိုင်ရန်နှင့် တိုင်းရင်းသားလူမျိုး အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၏ သံတမန်အဖြစ် ကိုယ်စားပြုနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ပထမဆုကို ငွေကျပ်သိန်း ၁၅၀ နှင့် ရတနာရှစ်မျိုးရွှေသရဖူ၊ ဒုတိယဆုကို ငွေကျပ်သိန်း ၇၀ နှင့် အခြားဆုများ၊ တတိယဆုကို ငွေကျပ်သိန်း ၃၀ နှင့် အခြားဆုတို့ကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ “သွေးချင်းတို့ရဲ့ပွဲတော်ဆီ” ပွဲတော်ကြီးကို ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာဖြင့် တွေ့ဆုံကြပြီး စည်းလုံးညီညွတ်မှုကို ပြသနိုင်ရန်၊ တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို အထောက်အကူပြုစေရန်၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် တိုင်းရင်းသားဒေသ အသီးသီးရှိ အမိမြန်မာနိုင်ငံ၏ လှပသော၊ စိတ်ဝင်စားဖွယ်ကောင်းသော တော၊ တောင်၊ ရေ၊ မြေ အလှအပသဘာဝများကို နိုင်ငံသူနိုင်ငံသားများသာမက နိုင်ငံခြားသားများပါ သိရှိလေ့လာနိုင်ကြရန်၊ ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားလာစေရန်၊ မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ဒေသထုတ်ကုန်များနှင့် ရိုးရာအဝတ်အထည်များ စသည်တို့ကို နိုင်ငံတွင်းသာမက နိုင်ငံတကာသို့ပါ ဈေးကွက်တင်ပို့ဖြန့်ဖြူးရောင်းချနိုင်ရန်၊ မြန်မာနိုင်ငံ တိုင်းရင်းသားလူငယ်များအတွက် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ရည်ရွယ်၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ မီမီဖြိုး**
**ဓာတ်ပုံ - လှမိုး**



# ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ကျဆုံးသွားခဲ့သည့် တပ်ဖွဲ့ဝင်များ၏ မိသားစုများအား ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး တာဝန်ထမ်းဆောင်စဉ် AA သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကျဆုံးသွားခဲ့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၏ မိသားစုနေအိမ်များသို့ သက်ဆိုင်ရာရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု နှစ်သိမ့်အားပေးစကားများ ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပေးအပ်သည့်ထောက်ပံ့ငွေများ သွားရောက်ပေးအပ်သည်။ **(ဓါတ်ပုံ)**

ဇန်နဝါရီ ၅ ရက်တွင် အမှတ်(၅)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ဒုတိယ တပ်ဖွဲ့ခွဲမှူး ရဲမှူး ဇော်လင်းအောင် ဦးစီးသည့် တပ်ဖွဲ့ဝင်များက မိုင်တိုင်အမှတ်(၅၀)အနီး နယ်စပ် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းလုပ်ကိုင်နေသော ရဲတပ်သား သန့်ဇင်မင်း၏ ကျန်ရစ်သူမိသားစုနှင့် တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားများပြောကြားပြီး ဖခင်ဖြစ်သူ ဦးမင်းရွှေ ထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊

ဇန်နဝါရီ ၆ ရက်တွင် အမှတ်(၃)နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်ကျော်ဇော ဦးစီးသည့် တပ်ဖွဲ့ဝင်များက တောင်ဘဇာနယ်မြေရုံး၌ ရဲဒုတပ်ကြပ်ထွန်းလှ၏ ကျန်ရစ်သူမိသားစုနှင့်တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားများ ပြောကြားပြီး ဇနီးဖြစ်သူ ဒေါ်စောမြထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊

အမှတ်(၈)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲမှူး ရဲဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက ရဲဒုတပ်ကြပ် သန်းရွှေဦး၏ ကျန်ရစ်သူမိသားစုအား ငမြင်းဘော်ကျေးရွာ၌ သွားရောက်တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားများ ပြောကြားပြီး ဇနီးဖြစ်သူ ဒေါ်ခိုင်ယုံထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊

ဇန်နဝါရီ ၇ ရက်တွင် အမှတ်(၁)နယ်ခြားစောင့် ကွပ်ကဲမှုအဖွဲ့ခွဲမှ ရဲမှူးအောင်မြတ်ဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များက ရဲတပ်ကြပ်မျိုးမြင့်၏ ကျန်ရစ်သူမိသားစုနှင့် တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားများ ပြောကြားပြီး ဇနီးဖြစ်သူ ဒေါ်မြတ်မြတ်စိုးထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**



# ကန်တော်ကြီးရေပြင်အနီးရှိ ကန်သာယာစင်တာကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးရေပြင်အနီးရှိ ကန်သာယာစင်တာဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**

ယနေ့ နံနက်ပိုင်းတွင် ကန်သာယာစင်တာနှင့် Wyndham Grand Yangon Hotel တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုး၊ Asia Myanmar Shining Star ဥက္ကဋ္ဌ Mr.Yan Yu နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတကာအဆင့်မီ ရုံးခန်းများ၊ အဆင့်မြင့်လူနေအိမ်ခန်းများ၊ ဟိုတယ်နှင့်ဈေးဝယ်စင်တာများ ပါဝင်သော ကန်သာယာစင်တာကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ ပုဂ္ဂလိကကဏ္ဍရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဟာ အလွန်အင်မတန်အရေးကြီးပါတယ်။ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနဲ့ စနစ်တကျ လုပ်ငန်းစဉ်ကို လည်ပတ်နိုင်မှုတွေကို ဆောင်ရွက်နိုင်မယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှုတွေကို မျက်ဝါးထင်ထင် တွေ့မြင်ရမှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနှစ်သစ်ကူးကာလ၌ ကန်တော်ကြီးအတွင်း၌ ရေအောက်လမ်းများပါဝင်သော နိုင်ငံတကာ အဆင့်မီ ငါးပြတိုက်ကိုလည်း ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆင့်မြင့်အခန်းများ ၁၆၈ ခန်း ပါဝင်သော အထပ်ပေါင်း ၂၂ ထပ်ရှိ တာဝါတွင် ခေတ်အမီဆုံး လုံခြုံရေးစနစ်များနှင့် ကားအစီးပေါင်း ၆၀၀ ရပ်နားနိုင်သော ကားပါကင် ဧရိယာပါဝင်ကြောင်း သိရသည်။ အဆိုပါစင်တာ အဆောက်အအုံကို အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရင်းနှီးမြှုပ်နှံထားပြီး အရင်းကျေကာလမှာ ကိုးနှစ်ခန့် ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါအဆောက်အအုံ၌ ပါဝင်သည့် ဈေးဝယ်စင်တာတွင် စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ ဖက်ရှင်ဆိုင်များ၊ Spa နှင့် အလှပြင်ဆိုင်များ၊ အားကစားပြုလုပ်နိုင်သည့် ခန်းမများ၊ ကုန်စုံဆိုင်များနှင့် အဆင့်မြင့်ဈေးဝယ်စင်တာကြီးများတွင် ပါဝင်လေ့ရှိသော ရုပ်ရှင်ရုံလည်း ပါဝင်ကြောင်း သိရသည်။

ထို့ပြင် Wyndham Grand Yangon Hotel ကို ကမ္ဘာတစ်ဝန်းလုံးတွင် ဟိုတယ်အလုံးပေါင်း ၉၀၀၀ ကျော်ရှိသော အမေရိကန်ကုမ္ပဏီကို လုပ်ငန်းလည်ပတ်လုပ်ကိုင်နိုင်ရန်အတွက် အပ်နှံထားကြောင်း သိရသည်။ နိုင်ငံတကာခရီးသွားများအတွက် ရည်ရွယ်ဖွင့်လှစ်ထားသော ဇိမ်ခံဟိုတယ်တစ်ခုဖြစ်ပြီး



အခန်းပေါင်း ၂၉၁ ခန်း ပါဝင်ကြောင်း သိရသည်။

ကန်သာယာစင်တာကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ တင်ဒါအောင်မြင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်သို့ ရသင့်ရထိုက်သော အခွန်အခများ ပေးဆောင်သွားမည်ဖြစ်ကာ လက်ရှိတွင် အဆိုပါစင်တာ၌ ပြည်တွင်းဝန်ထမ်းပေါင်း ၅၀၀ အလုပ်အကိုင် ရရှိလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ရရှိငွေ၏ ၂ ရာခိုင်နှုန်းကို ပတ်ဝန်းကျင်ဒေသ ကောင်းကျိုးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ-ထိန်လင်း**



# ဟိုပုံးနှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၈**

ဟိုပုံးမြို့နယ် ပန်လျန်းကျေးရွာ၏ တောင်ဘက် ၁ မိုင် ၂ ဖာလုံခန့်အကွာ၌ ဇန်နဝါရီ ၇ ရက်တွင် အမြင့် တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၁၇ ကေကို ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန် ဦးစီးပူးပေါင်းအဖွဲ့က ဖျက်ဆီးခဲ့သည်။ ထို့အတူ ဆီဆိုင်မြို့နယ် ထီတန်းကျေးရွာ၌ ဘိန်းစိုက်ခင်း ၁၃ ကေကို ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရောဝတီတံတား(ညောင်တုန်း)ရေလမ်းကြောင်း ပြောင်းလဲမည်

**နေပြည်တော် ဇန်နဝါရီ ၈**

ရောဝတီတံတား(ညောင်တုန်း) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် RP 12 နှင့် RP 13 အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် RP 11 နှင့် RP 12 အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေနည်းကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် RP 15 နှင့် RP 16 အကြားသို့ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် RP 14 နှင့် RP 15 အကြားသို့ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်း၏ ကင်းလွတ်အကျယ်မှာ ၂၆၂ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၇ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်ဖြစ်သည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**



**နေပြည်တော် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာတွင် သပြေချောင်း ကျောင်းထိုင်ဆရာတော် ဦးတိလောက၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်နှင့် ရပ်မိရပ်ဖများ ဇန်နဝါရီ ၇ ရက်က ကျေးရွာဘုန်းကြီးကျောင်းဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးဝင်းတို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။**

မောင်လွင်(တပ်ကုန်း)

# အချိန်အခါမဟုတ်မိုးရွာသွန်းမှုကြောင့် အလောင်းတော်ကဿပ ကပိုင်-သပိတ်ဆေး ဘုရားဖူးလမ်း လမ်းချော်မှုဖြစ်


**ယင်းမာပင် ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်း အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်း တည်ရှိသော အလောင်းတော်ကဿပ စံကျောင်းနှင့် ရုပ်ကလပ်တော် တည်ရှိရာသို့ သွားလာနိုင်သော ကပိုင်-သပိတ်ဆေး ဘုရားဖူးလမ်းသည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် လမ်းချော်မှုဖြစ်ပွားလျက်ရှိကြောင်း အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်ထံမှ သိရသည်။

"ဇန်နဝါရီ ၇ ရက် ညပိုင်းက နာရီဝက်လောက်ကြာအောင် မိုးရွာတယ်။ ၁၆ မိုင်မှာရှိတဲ့ ချောင်းမကြီးချောင်းအတက်မှာ ကားတွေလမ်းချော်နေတယ်။ ကျန်တဲ့နေရာတွေမှာတော့ အဆင်ပြေတယ်။ လမ်းပိတ်မှုမဖြစ်စေဖို့အတွက် အတက်ကားတွေကိုတော့ ၉ မိုင်စခန်းမှာ ခဏတားထားတယ်။ အခုအခြေအနေအတိုင်း မိုးဆက်ရွာရင်တော့ လမ်းပျက်နိုင်တဲ့အနေအထားရှိတယ်။ မရွာရင်တော့ အဆင်ပြေနိုင်တယ်။ တောင်ပေါ်က ဆင်းလာတဲ့ကားတွေကတော့ လမ်းချော်တယ်လို့ပြောတယ်။ လမ်းခြောက်အောင် စောင့်နေရတယ်"ဟု အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က ပြောသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ကာတွန်း



# ကမ္ဘာကြီးပူနွေးလာမှုနှင့် ဆောင်ရန်၊ ရှောင်ရန်

သန်းလွင်ငြိမ်း (ပိန်းဇလုပ်)

**ကမ္ဘာ့လေထုအတွင်းရှိ အိုဇုန်းလွှာ စတင်ပျက်စီးလာမှုကြောင့် နေရောင်ခြည်သည် လူတို့၏အသားအရေနှင့်ထိတွေ့လျှင် ဖြစ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးများကို သိရှိခဲ့ရပြီးနောက် မိသားစုဝင်များကိုလည်း အသိပညာပေး၍ ဆောင်ရန်၊ ရှောင်ရန်တို့ကို ပြောပြခဲ့ပါသည်။ ဌာနဆိုင်ရာ ဆွေးနွေးပွဲများတွင်လည်း အလျဉ်းသင့်သည်နှင့် ယင်းအိုဇုန်းလွှာအကြောင်းကို ထည့်သွင်းဆွေးနွေးပြောပြခဲ့ပါသည်။ ယနေ့တွေ့မြင်နေရသော လူအများစုမှာ နေပူထဲသို့ထွက်လျှင် နေရောင်ခြည်ကာကွယ်သည့် ထီး၊ ဦးထုပ်၊ ခမောက် အသုံးပြုခြင်း၊ အင်္ကျီလက်ရှည် ဝတ်ဆင်ခြင်းများ လုံးဝမပြုလုပ်ကြပါ။**

လူတို့၏ ကျန်းမာရေးအရေးကြီးပုံနှင့် ပတ်သက်၍ "အာရောဂျံ ပရမံလာဘံ" ဟူသော ဆောင်ပုဒ်ကဲ့သို့ လူတစ်ဦးတည်းဖြစ်စေ၊ မိသားစုလိုက်ဖြစ်စေ ကျန်းမာစွာ နေထိုင်နိုင်ကြခြင်းသည် လာဘ်တစ်ပါးဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ သို့အတွက် စာရေးသူသည် ယနေ့အချိန်တွင် နေ့စဉ် နံနက် ၅ နာရီ အိပ်ရာထ၍ အိမ်၏ပြင်ပတွင် နာရီဝက်ကျော်ခန့် လမ်းလျှောက်ခြင်း၊ ဇနီးသည်သည်လည်း နံနက်စာ ထမင်းဟင်းချက်ပြုတ်လျက် ၅ ပင် × ၃ ပင် တိုက်အိမ်၏ အရှေ့နှင့်အနောက် အိမ်အတွင်း၌ လမ်းလျှောက်ခြင်း၊ အသက် ၈၄ နှစ်ရှိပြီဖြစ်သော ဇနီး၏ မိခင်ကြီးပင်လျှင် အိမ်တွင်း၌ လမ်းလျှောက်ခြင်း၊ နားခြင်းများ နေ့စဉ်ပြုလုပ်လျက်ရှိပါသည်။

ဆောင်းပါးအစတွင် ဖော်ပြခဲ့သည့် အိုဇုန်းလွှာနှင့် နေရောင်ခြည်ဘေးဥပဒ်ကို စာရေးသူတို့ မိသားစု သိရှိရှောင်ရှားနေသကဲ့သို့ ယခုဆောင်းပါးကို ဖတ်ရှုနေသူများသည်လည်း တစ်စွန်းတစ်စ သိရှိထားကြမည်ဟု ထင်ပါသည်။ သို့ရာတွင် "ပညာရှိ သတိဖြစ်ခဲ" ဆိုသကဲ့သို့ သိရှိထားပြီးသူများလည်း ပြန်လည်သတိရစေရန်နှင့် မသိရှိသေးသူများလည်း သိရှိနိုင်စေရန် စာရေးသူ လေ့လာထားသော သိပ္ပံစာရေးဆရာများ၏ ဆောင်းပါးများမှ ထုတ်နုတ်တင်ပြသွားပါမည်။

## အိုဇုန်းလွှာဆိုသည်မှာ

ဓာတုဗေဒ ဖွဲ့စည်းပုံအရ အောက်ဆီဂျင် အက်တမ်သုံးလုံးပေါင်းစပ်ရာ ဖြစ်ပေါ်လာသော ဓာတ်ငွေ့သည် အိုဇုန်းဓာတ်ငွေ့ ဖြစ်ပါသည်။ ယင်းအိုဇုန်းလွှာသည် ကမ္ဘာ့မြေပြင်အထက် ခြောက်မိုင်မှ ၃၁ မိုင်အတွင်းရှိ ကမ္ဘာ့လေထု၏ ဒုတိယအလွှာဖြစ်သည့် "စထရက်တိုခမီးယား" အလွှာတွင် တည်ရှိပါသည်။ ဂရိဘာသာစကားအရ အိုဇုန်း၏ အဓိပ္ပာယ်မှာ အနံ့ထွက်သည်ဟု အဓိပ္ပာယ်ရပါသည်။ ယင်းသည် အပြာရောင်ဖျော့ဖြစ်၍ အနံ့နှင့် အဆိပ်ပြင်းသော ဓာတ်ငွေ့တစ်မျိုးဖြစ်ပါသည်။ စထရက်တိုခမီးယားအလွှာတွင် အထူ သုံးစင်တီမီတာခန့်ရှိပြီး နေရောင်ခြည်တွင်ပါရှိသည့် ခရမ်းလွန်ရောင်ခြည် (B) (ခ-အမျိုးအစား)ကို ကောင်းစွာ စုပ်ယူနိုင်သဖြင့် ကမ္ဘာမြေသို့ မကျရောက်အောင် ကာကွယ်ပေးပါသည်။

## အိုဇုန်းလွှာ ပျက်စီးမှုဖြစ်စဉ်

လူသားတို့နေထိုင်ရာ ကမ္ဘာကြီးနှင့် ပတ်ဝန်းကျင် အာကာသအတွင်းသို့ စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာနေကြသော သိပ္ပံပညာရှင်များသည် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင် အန္တာတိက ကောင်းကင်ပြင်တွင် အိုဇုန်းလွှာပေါက်နေသည်ကို စတင်တွေ့ရှိခဲ့သည်။ ၁၉၈၂ ခုနှစ်နောက်ပိုင်းတွင် အာတိတ်ဒေသ၌လည်း အိုဇုန်းလွှာပျက်စီးမှုကိုပါ တွေ့ရှိခဲ့ကြသည်။ ထို့နောက် ၁၉၈၅ ခုနှစ်တွင် အန္တာတိကဒေသတွင် အခြေပြုနေသော ဗြိတိသျှသုတေသနစခန်းမှ သိပ္ပံပညာရှင်များက တောင်ဝင်ရိုးစွန်းဒေသ၏ အိုဇုန်းလွှာပေါက်ကြီးကိုလည်း ထပ်မံတွေ့ရှိ အတည်ပြု၍ ထုတ်ပြန်ကြေညာခဲ့သည်။

## အိုဇုန်းလွှာ ပျက်စီးရခြင်း အကြောင်းရင်း

အိုဇုန်းလွှာ ပျက်စီးရခြင်းမှာ လူသားများ နေ့စဉ်အသုံးပြုနေကြသော လူသုံးကုန်ပစ္စည်းများမှ ထုတ်လွှတ်လျက်ရှိသော ကလိုရင်းနှင့် ဘရိုမင်းပါဝင်သော ဓာတုပစ္စည်းများကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။ ယင်းဓာတုပစ္စည်းများသည် လေထုအတွင်းသို့ ဓာတ်ငွေ့အဖြစ် ရောက်ရှိသွားပါက စထရက်တို ခမီးယားအလွှာရှိ အိုဇုန်းလွှာနှင့် ထိတွေ့ဓာတ်ပြုမှုအဆင့်ဆင့်ဖြစ်၍ အောက်ဆီဂျင် အက်တမ်များ ကွဲထွက်ပျက်စီးသွားခြင်း ဖြစ်ပါသည်။ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ ကလိုရင်းအက်တမ်တစ်ခုသည် အိုဇုန်းမော်လီကျူး တစ်သိန်းအထိ ဖျက်ဆီးနိုင်ကြောင်း သိရှိရပါသည်။

## ကလိုရင်းနှင့် ဘရိုမင်း ထုတ်လွှတ်သော လူသုံးကုန်များ

အိုဇုန်းလွှာပျက်စီးမှုကို ရေရှည်ဖြစ်စေသော လူသုံးကုန်ပစ္စည်းများမှာ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ လေမှုတ်ဆေး၊ ရင်ကျပ်ရောဂါရှူဆေး၊ လျှပ်စစ်ပစ္စည်း / သတ္တုပစ္စည်း/ အီလက်ထရွန်နစ်ပစ္စည်းများကို သန့်စင်သောပစ္စည်းများ၊ မီးသတ်ဆေးဘူး၊ ပိုးမွှားကာကွယ်/ သန့်စင်ပစ္စည်းများ စသည်တို့ ဖြစ်ပါသည်။ ယင်းကဲ့သို့သော လူသုံးကုန်များ မြောက်မြားစွာရှိသော်လည်း နမူနာမျှသာ ဖော်ပြထားခြင်းဖြစ်ပါသည်။

## နေရောင်ခြည်တွင် ပါဝင်သော ခရမ်းလွန်ရောင်ခြည်

နေမှ နေ့စဉ်ထုတ်လွှတ်နေသော နေရောင်ခြည်တွင် ပါရှိသည့် ခရမ်းလွန်ရောင်ခြည်အုပ်စု သုံးစု၏ အကျိုးဖြစ်ထွန်းမှုနှင့် အန္တရာယ်ဖြစ်စေမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ခရမ်းလွန်ရောင်ခြည် (A) သည် နံနက်ခင်း နေရောင်ခြည်တွင် ပါဝင်၍ ယင်းနှင့် လူ့အသားအရေ ထိမိပါက လူသားများ၏ ကျန်းမာရေးကို အထောက်အကူပြုပါသည်။ ဗီတာမင် D ဓာတ်ရရှိကြောင်းသိရှိရပါသည်။

(၂) ခရမ်းလွန်ရောင်ခြည် (B) သည် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ဖြစ်ပေါ်သော ရောင်ခြည်ဖြစ်၍ ယင်းနှင့် လူ့အသားအရေ တိုက်ရိုက်ကျရောက်ထိတွေ့ပါက ကာလကြာလျှင် အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း၊ မျက်စိနာရာမှ အစပြု၍ မျက်စိမျက်ကြည်လွှာ ပျက်စီးခြင်းများ ဖြစ်နိုင်ခြေရှိ၍ အလွန်အန္တရာယ်များပါသည်။

(၃) ခရမ်းလွန်ရောင်ခြည် (C) သည် လှိုင်းအလျားတိုသော ရောင်ခြည်လှိုင်းဖြစ်၍ လူတို့အပေါ် ကျရောက်ပါက ကိုယ်ခန္ဓာစွမ်းအားစနစ်များကို ထိခိုက်ပျက်စီးစေသဖြင့် အသက်သေဆုံးသည်အထိ အန္တရာယ်ရှိပါသည်။ ယင်းအပြင် လူသားများသာမက ရေနေသတ္တဝါများ သေဆုံးခြင်းနှင့် စိုက်ပျိုးသီးနှံများ ပျက်စီးခြင်းတို့ ဖြစ်စေနိုင်ပါသည်။

> **"ယခုကဲ့သို့ အိုဇုန်းလွှာပျက်စီးမှုနှင့် ကမ္ဘာကြီး ပူနွေးလာမှုဖြစ်စဉ်သည် လူသားတိုင်းတွင် တာဝန်ရှိသည်ဖြစ်သည့်အလျောက် - နိုင်ငံသားတစ်ဦးချင်းအနေဖြင့် လက်လှမ်းတမီ အနီးစပ်ဆုံးလုပ်သင့်သည့် အကြောင်းအရာများ ရှိပါသည်။ ယင်းတို့မှာ ဆေးလိပ်သောက်ရာမှ မီးခိုးထွက်ခြင်း၊ ဖွဲ/ထင်း မီးဖိုများမှ မီးခိုးထွက်ခြင်း၊ အမှိုက်မီးရှို့၍ မီးခိုးထွက်ခြင်း စသည့်မီးခိုးထွက်စေမည့် ကိစ္စများကို နည်းပါးအောင် ဆောင်ရွက်ရပါမည်"**

## အိုဇုန်းလွှာ၏ ကာကွယ်ပေးမှု

အိုဇုန်းလွှာသည် နေရောင်ခြည်မှ ထုတ်လွှတ်သည့် ခရမ်းလွန်ရောင်ခြည် B နှင့် C တို့ကို စုပ်ယူနိုင်စွမ်းရှိသဖြင့် ယင်းရောင်ခြည်လှိုင်းများ ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်လာမည့် အန္တရာယ်များကို သဘာဝအမိုးအကာ တံတိုင်းကြီးအဖြစ် အကာအကွယ် ပေးနေခြင်းဖြစ်ပါသည်။ ယခင်က ၁၉၇၀ ပြည့်နှစ်၏ ရှေ့ပိုင်းကုန်လွန်ခဲ့သည့် နှစ်များတွင် ထိုကဲ့သို့ ကာကွယ်ပေးနိုင်ခဲ့သော်လည်း ယနေ့အခြေအနေတွင် အပြည့်အဝ ကာကွယ်ပေးနိုင်ခြင်း မရှိနိုင်ဟု သုံးသပ်ရပါသည်။

## ကမ္ဘာ့နိုင်ငံများ၏ ဆောင်ရွက်ချက်

အိုဇုန်းလွှာကို လျော့နည်းပါးလွှာ ပျက်စီးစေသော ဓာတုပစ္စည်းများ ထုတ်လုပ်သုံးစွဲမှုအား တစ်ကမ္ဘာလုံး ထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက မွန်ထရီယယ်စာချုပ်ကို ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင် အတည်ပြုခဲ့သည်။ ယင်းနောက် ၁၉၉၂ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂက ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြပြန်ပါသည်။ ၁၉၉၃ ခုနှစ်တွင် မွန်ထရီယယ်နောက်ဆက်တွဲ စာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက်စာချုပ်များကို ထပ်မံရေးဆွဲခဲ့ကြပါသည်။ ၁၉၉၄ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက စက်တင်ဘာလ ၁၆ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့" အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ ယင်းနေ့ကို ကမ္ဘာ့နိုင်ငံအသီးသီးက ၁၉၉၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပ လာခဲ့ကြပါသည်။

## မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်

မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသော ဓာတုပစ္စည်းများ ထုတ်လုပ်သုံးစွဲမှု လျှော့ချရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂမှပြုလုပ်ခဲ့သည့် မွန်ထရီယယ်စာချုပ်၊ နောက်ဆက်တွဲစာချုပ်၊ လန်ဒန်ပြင်ဆင်ချက်၊ ကိုပင်ဟေဂင် ပြင်ဆင်ချက်တို့တွင် ကမ္ဘာ့နိုင်ငံများနည်းတူ ပါဝင်တက်ရောက်၍ လက်မှတ်ရေးထိုးခဲ့ပါသည်။ မြန်မာနိုင်ငံသည် အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းများထွက်ရှိသည့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့မှုမရှိဘဲ ပြည်ပမှသာ မှာယူတင်သွင်း၍ သုံးစွဲမှုများသာ ရှိခဲ့ပါသည်။ ၂၀၀၇ ခုနှစ်မှစ၍ ယင်းပစ္စည်းများအနက်မှ အချို့ကို မှာယူတင်သွင်းမှု လျှော့ချခဲ့ပါသည်။ ၂၀၁၃ ခုနှစ်မှစ၍ ၂၀၀၉-၂၀၁၀ ပြည့်နှစ် ပျမ်းမျှသုံးစွဲမှု အခြေခံသတ်မှတ်ချက်ထက် ကျော်လွန်မှုမရှိစေရန် ကန့်သတ်ခဲ့ပါသည်။ ယင်းနောက် ၂၀၁၅ ခုနှစ်မှစ၍ ၂၀၃၀ ပြည့်နှစ်အတွင်း ယင်းပစ္စည်းများသုံးစွဲမှု လုံးဝမရှိတော့စေရန် စီမံထားရှိပါသည်။ မြန်မာနိုင်ငံသည် နှစ်စဉ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို မပျက်မကွက် ကျင်းပလျက်ရှိပြီး လေထုအတွင်းရှိ ပိုလျှံ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လျှော့ချစေရန်အတွက် နိုင်ငံအနှံ့အပြား၌ နှစ်စဉ် ဇွန်လတွင် နှစ်ရှည်ပင်များကို စီမံချက်ဖြင့် " သစ်ပင်စိုက်ပျိုးရေးပွဲတော် " ကျင်းပ၍ စိုက်ပျိုးခဲ့ပါသည်။

## ကမ္ဘာကြီး ပူနွေးလာမှု

ကမ္ဘာ့နိုင်ငံအများအပြားသည် အကျိုးမဲ့ဓာတ်ငွေ့များ ထွက်ရှိစေသည့် ဓာတုပစ္စည်းများ လျှော့ချရေး၊ စိမ်းလန်းစိုပြည်သော ကမ္ဘာကြီးဖြစ်ရေးအတွက်စာချုပ်များ၊ ကွန်ဗင်းရှင်းများ၊ ပြင်ဆင်ချက်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်များ စသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့် ကြိုးစားဆောင်ရွက်နေကြပါသည်။ ယင်းတို့ကို နှစ်တို/နှစ်ရှည် စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော်ခဲ့ကြသော်လည်း ကမ္ဘာတစ်ဝန်းရှိ အင်ဂျင်စက်အမျိုးမျိုး၊ လောင်စာသုံးဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ၊ ခေတ်သစ်မွေးမြူ/စိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြားအခြားသောလုပ်ငန်းမျိုးစုံ၊ နေရာမျိုးစုံတို့မှ ထွက်ပေါ်လာသည့် အကျိုးမဲ့ဓာတ်ငွေ့များသည် ကမ္ဘာ့လေထုအတွင်း တစ်နေ့ထက် တစ်နေ့ များပြားစွာ ရောက်ရှိစုရုံးလျက် ရှိပါသည်။ ယင်း ဓာတ်ငွေ့များသည် ဖျောက်ဖျက်သွားခြင်းမရှိဘဲ ကမ္ဘာ့လေထုအတွင်း ကမ္ဘာကြီးအား ဝန်းရံကာ ဖန်လုံအိမ်ကဲ့သို့ ဖြစ်လာနေပါသည်။ ဖန်လုံအိမ်အတွင်းရှိ ဓာတ်ငွေ့များသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုလာကာ ကမ္ဘာကြီးအား ပူနွေးသည်ထက် ပူနွေးလာစေရန် ခြိမ်းခြောက်လျက်ရှိပါသည်။

၂၀၁၁ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် အမေရိကန်သိပ္ပံသုတေသနပညာရှင်များ၏ ပြောကြားချက်အရ ကမ္ဘာကြီးပူနွေးလာ၍ ရာသီဥတုပြောင်းလဲမှုကြောင့် လွန်ခဲ့သည့် ရာစုနှစ်အတွင်းဂရင်းလန်ကျွန်းနှင့် အန္တာတိကနှစ်နေရာရှိ ကမ္ဘာ့တောင်ပေါ် ရေခဲမြစ်နှင့် ရေခဲပြင်များ အရည်ပျော်လျက်ရှိကြောင်း၊ ယင်းအပြင် အာဖရိကတိုက်၊ ကီလီမန်ဂျာရို တောင်ပေါ်မှရေခဲမြစ်များ ၈၀ ရာခိုင်နှုန်း အရည်ပျော်မှုကြောင့် လာမည့်ဆယ်စုနှစ်အတွင်း ရေခဲမြစ်များ ပျောက်ကွယ်နိုင်ကြောင်း၊ ဟိမဝန္တာနှင့် အင်ဒီးစ်တောင်တန်းဒေသများမှ ရေခဲမြစ်များလည်း အရည်ပျော်နိုင်ကြောင်း၊ ဂရင်းလန် ရေခဲပြင်ကြီးသည်လည်း မကြာသေးမီနှစ်များအတွင်းမှ စတင်ကာ နှစ်စဉ် ၈၂ ကုဗကီလိုမီတာ နှင့် ၂၂၄ ကုဗကီလိုမီတာအကြား ရေခဲများ အရည်ပျော်လျက်ရှိကြောင်း၊ အန္တာတိက ဒေသတစ်ခုလုံး အခြေအနေမှာ အဆိုးရွားဆုံးဖြစ်ကြောင်း ရေခဲများ၊ အရည်ပျော်မှုကြောင့် ၂၀ ရာစုနှစ် အတွင်း ပင်လယ်ရေမျက်နှာပြင်သည် ပျမ်းမျှ ၁၅ စင်တီမီတာမှ ၂၀ စင်တီမီတာအတွင်း မြင့်တက်လာနိုင်ကြောင်း၊ ပင်လယ်ရေ မြင့်တက်လာမှုကြောင့် ကျွန်းစုနိုင်ငံများနှင့် ကမ်းခြေဒေသရှိ မြို့ကြီးများ ရေဘေးအန္တရာယ် စိုးရိမ်ရကြောင်း ၂၁ ရာစုအဆုံးတွင် ကမ္ဘာ့ဝင်ရိုးစွန်းများမှ ရေခဲတောင်များ အရည်ပျော်ကျမှုကြောင့် ပေါ်ပေါက်လာမည့် ကုန်းမြေများအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ များစွာထွက်ရှိလာမည်ဖြစ်ကြောင်း၊ ယင်းဓာတ်ငွေ့များသည် သစ်ပင်တို့၏ စုပ်ယူနိုင်မှု ပမာဏထက်များစွာ ကျော်လွန်မည်ဖြစ်၍ ပိုသောဓာတ်ငွေ့များသည် ကမ္ဘာ့လေထုအတွင်း ရောက်ရှိ၍ ကမ္ဘာကြီး ပိုမိုပူနွေးလာနိုင်ကြောင်း သိရှိခဲ့ရပါသည်။

## ရာသီဥတုပြောင်းလဲမှုနှင့် ယနေ့အခြေအနေ

အိုဇုန်းလွှာပျက်စီးမှုမှအစပြု၍ ကမ္ဘာကြီးပူနွေးလာရာမှ ကမ္ဘာ့ရာသီဥတုများသည်လည်း ရှေးယခင်ကကဲ့သို့ မဟုတ်ဘဲ ဆိုးရွားစွာ ပြောင်းလဲလာလျက် ရှိပါသည်။ စာရေးသူလေ့လာတွေ့ရှိချက်များ တင်ပြရသော် ကမ္ဘာကြီး ပူနွေးမှုကြောင့် ပင်လယ်သမုဒ္ဒရာရေစီးကြောင်းများ ပူနွေးလာရာမှ အယ်လ်နီညိုရာသီဥတုကို ဖြစ်စေပါသည်။ ယင်းရာသီဥတုမှာ မိုးရွာသွန်းမှုလျော့နည်းခြင်း၊ နွေရာသီအပူအချိန်မြင့်မားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ ရေရှားခြင်း၊ အပူကြောင့် ကျန်းမာရေးပြဿနာများကြုံတွေ့နိုင်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ယင်းနှင့် ဆန့်ကျင်ဘက် လာနီညာရာသီဥတုမှာ မိုးများခြင်း၊ စွတ်စိုထိုင်းမှိုင်းခြင်း၊ အအေးလွန်ကဲခြင်းစသည်တို့ ဖြစ်တတ်ပါသည်။ ယနေ့မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်း၊ မိုးသည်းထန်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မုန်တိုင်းများ မကြာခဏ ဖြစ်ပေါ်ခြင်း၊ ငလျင်များ မကြာခဏလှုပ်ခြင်း၊ မီးတောင်များ ပေါက်ကွဲခြင်း၊ တောမီးများ အလိုအလျောက်လောင်ကျွမ်းခြင်း၊ အပူချိန်မြင့်မားခြင်း၊ အအေးလွန်ကဲခြင်း၊ ရေရှားပါး၊ ပြတ်လပ်ခြင်း စသည်များ ကြုံတွေ့ခံစားရလျက်ရှိပါသည်။

## လေထုညစ်ညမ်းမှု

သဘာဝသစ်တောသစ်ပင်များ၏ စုပ်ယူမှုပမာဏထက် ကျော်လွန်ပိုလျှံနေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ၊ မီးခိုးများ၊ ဖုန်မှုန့်များ၊ အဆိပ်အတောက်များနှင့် ရောဂါပိုးများသည် ကမ္ဘာ့မြေပြင်အထက် လေထုအတွင်း ရောက်ရှိနေကြပါသည်။ ကမ္ဘာ့မြေပြင်အထက် လေထုသည် အချို့နေရာများ၌ အသက်ရှူရန်အန္တရာယ်ရှိနေကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ဖော်ပြထားသည့် နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံများ ပါဝင်လျက်ရှိကြောင်း သိရှိရပါသည်။

## ရွှေရတုသို့ တိုင်တော့မည်

အချုပ်အားဖြင့် တင်ပြရသော် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင် အန္တာတိကဒေသရှိ အိုဇုန်းလွှာစတင်ပျက်စီးမှုသည် ၂၀၂၀ ပြည့်နှစ်သို့ ရောက်လျှင် နှစ် ၅၀ ရွှေရတုတိုင်တော့မည် ဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအသီးသီးသည် အကျိုးမဲ့ ဓာတ်ငွေ့များ ထွက်ပေါ်စေမည့် ဓာတုလူသုံးကုန်ပစ္စည်းများထုတ်လုပ်မှု လျော့စေရေး ရေးဆွဲထားသည့် စာချုပ်များ၊ ပြင်ဆင်ချက်များအပေါ် နှစ်တို / နှစ်ရှည် စီမံချက်များ ချမှတ်၍ ဆောင်ရွက်လျက်ရှိကြပါသည်။ မိသားစုတစ်စုတွင် မွေးဖွားလာသော ညီအစ်ကိုမောင်နှမများပင်လျှင် စိတ်ဓာတ်များ မတူညီသည်ဖြစ်ရကား မြောက်မြားစွာသော ကမ္ဘာ့နိုင်ငံများသည်လည်း တူညီကြမည် မဟုတ်ကြပါ။ ထို့ကြောင့် ၎င်းကိစ္စအား လုပ်ဆောင်သည့် နိုင်ငံရှိသကဲ့သို့ မလုပ်ဆောင်နိုင်သည့် နိုင်ငံများလည်း ရှိနိုင်ပါသည်။ လူတစ်ဦးသည် သစ်ပင်တစ်ပင်ကို ဖြစ်ထွန်းရှင်သန်အောင် မစိုက်ပျိုးနိုင်သော်လည်း သစ်ပင် ၁၀ ပင်ကိုမူ အချိန်တိုအတွင်း လျင်မြန်စွာ ခုတ်လှဲနိုင်ကြပါသည်။ သို့ဖြစ်၍ ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်သည် လူတို့၏ ပယောဂကြောင့် တစ်နေ့တခြား ပိုမိုယိုယွင်းပျက်စီးလာနေသည်ကို မြန်မာနိုင်ငံသားများ နားလည်သဘောပေါက်သင့်ကြပြီ ထင်ပါသည်။

## ဆောင်ရန်၊ ရှောင်ရန်

ယခုကဲ့သို့ အိုဇုန်းလွှာပျက်စီးမှုနှင့် ကမ္ဘာကြီးပူနွေးလာမှု ဖြစ်စဉ်သည် လူသားတိုင်းတွင် တာဝန်ရှိသည် ဖြစ်သည့်အလျောက်- နိုင်ငံသားတစ်ဦးချင်းအနေဖြင့် လက်လှမ်းတမီ အနီးစပ်ဆုံး လုပ်သင့်သည့် အကြောင်းအရာများ ရှိပါသည်။ ယင်းတို့မှာ ဆေးလိပ်သောက်ရာမှ မီးခိုးထွက်ခြင်း၊ ဖွဲ/ထင်း မီးဖိုများမှ မီးခိုးထွက်ခြင်း၊ အမှိုက်မီးရှို့၍ မီးခိုးထွက်ခြင်း စသည့် မီးခိုးထွက်စေမည့် ကိစ္စများကို နည်းပါးအောင် ဆောင်ရွက်ရပါမည်။ မိမိပိုင် မြေကွက်လပ်များရှိပါက နှစ်ရှည်ပင်များ စိုက်ပျိုးရပါမည်။ သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပပါကလည်း တက်ကြွစွာ ပါဝင်လှုပ်ရှားရပါမည်။

သို့ဖြစ်ရာ ဤဆောင်းပါးကို ဖတ်ရှုသူများအနေဖြင့် ဆောင်းပါးပါ ဖြစ်စဉ်များသည် မိမိမှစ၍ မိသားစု၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ နိုင်ငံအထိ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည် ဖြစ်သဖြင့် မိုးပြိုအများဟု သဘောမထားဘဲ တစ်ဦးချင်းဆိုင်ရာ လုပ်သင့်လုပ်ထိုက်သည်များကို တစ်ထောင့်တစ်နေရာမှ လုပ်ဆောင်ကြစေရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ၅ ကီလိုမီတာအပြေးပြိုင်ပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် "Myanmar Union Day Peace Run" ၅ ကီလိုမီတာ အပြေးပြိုင်ပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် "Myanmar Union Day Peace Run"၅ ကီလိုမီတာ အပြေးပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အစိုးရအဖွဲ့ရုံးစိုက်ရာ မြို့ကြီးများတွင် တစ်ရက်တည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပသွားနိုင်ရေး အစီအစဉ်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးသွား ကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

## (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်လအတွင်း ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ဦးစီး၍ ၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်လအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ သိရသည်။

နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ၁၀ ရက်ကြာကျင်းပမည့် အဆိုပါ (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အချောထည်များနှင့် ကျောက်စိမ်းအတွဲများကို ခင်းကျင်းပြသပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ရတနာကုန်သည်များ လာရောက်လေ့လာ ဝယ်ယူကြည့်ရှုနိုင်မည်ဖြစ်သည်။

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲအဖြစ် ၂၀၁၈ ခုနှစ် ဇွန်လ ၂၄ ရက်မှ ၂၉ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၅၂၅၉ တွဲကို ရောင်းချနိုင်ခဲ့ပြီး ယူရိုငွေ ၄၂၃ ဒသမ ၁၁၈ သန်း ရရှိခဲ့ကြောင်း သိရသည်။ **မောင်မောင်မျိုး**

## ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

## ဆရာ ဆရာမများ၏ လက်တွေ့ကျွမ်းကျင်မှု စွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၈**

ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများမှ ဆရာ ဆရာမများ၏ လက်တွေ့ကျွမ်းကျင်မှု စွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲကို မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဘယ်လင်းရွာရှိ နည်းပညာမြှင့်တင်ရေးသင်တန်းဌာန(ဘယ်လင်း)၌ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၃ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားတွင် လက်တွေ့ကျွမ်းကျင်မှု စွမ်းရည်ပြိုင်ပွဲ၏ ပြိုင်ပွဲဝင် ခေါင်းစဉ်များအလိုက် ဆုရရှိကြသည့် ဆရာ ဆရာမများ၏ ဆုရ လုပ်ဆောင်ချက်များကိုလည်း ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မျိုး**



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပစေရန် ပလတ်စတစ်ကင်းစင်ရေး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ ဦးဆောင်မှုဖြင့် စုပေါင်းအမှိုက်ကောက်ယူရှင်းလင်းရေးလုပ်ငန်းများ အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ပထမပတ်က နိုင်ငံခြားသားခရီးသွားဧည့်သည်များပါ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးမှုကို တွေ့ရစဉ်။

ရဲဝင်းနိုင်(ညောင်ဦး)

# ဇန်နဝါရီ ၁၁ ရက်တွင် ရုံတင်ပြသမည့် ဟောက်စား ရုပ်ရှင်ဇာတ်ကားအထူးပွဲပြသ



ဘိုဘိုဆန်း



အိချောပို



ဝါဝါအောင်

**ရန်ကုန် ဇန်နဝါရီ ၈**

ဒါရိုက်တာ ပြည်ဟိန်းသီဟ ရိုက်ကူးထားသည့် ဟောက်စားရုပ်ရှင်ဇာတ်ကား အထူးပွဲကို ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြသခဲ့သည်။

ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူ ဘိုဘိုဆန်း (Bo Bo ရုပ်ရှင်ထုတ်လုပ်ရေး)က "ဒီဟောက်စား ဇာတ်ကားကို ဇာတ်လမ်းရေးဆရာ နတ်စောင်းက လာပြတယ်။ ဇာတ်ညွှန်းကို သက်ဦးမောင်က ဇာတ်ညွှန်းတွဲပြီး ကျွန်တော်ရယ်၊ မြင့်မြတ်ရယ်၊ ကျော်ကျော်ဗိုလ်တို့ပေါင်းပြီး ဟာသဇာတ်ကားလေး ရိုက်ဖြစ်ကြတယ်။ ဒီနှစ်ထဲမှာ ကျွန်တော့်ရဲ့ ပထမဆုံးဇာတ်ကားပါ။ ဒါရိုက်တာပြည်ဟိန်းသီဟကလည်း အကောင်းဆုံးရိုက်ထားပြီး ဟာသ သရုပ်ဆောင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ၂၀၁၉ ခုနှစ်အတွက် ဟာသဇာတ်ကားပါ။ နှစ်သစ်မှာ ပရိသတ်ပျော်ရွှင်စေမယ့် ဇာတ်ကားပါ။ ပညာပေးလည်းပါတယ်။ အဓိကကတော့ ဟာသပိုင်းပါ။ ဒီဇာတ်ကားမှာ အဓိက သရုပ်ဆောင် မြင့်မြတ်၊ အိချောပို၊ ကျော်ကျော်ဗိုလ်နဲ့ သရုပ်ဆောင်ပေါင်းများစွာက အကောင်းဆုံး သရုပ်ဆောင်ထားပါတယ်။ ပရိသတ်တွေ နှစ်သစ်မှာ လာရောက်ကြည့်ရှု အားပေးကြပါ" ဟု ပြောသည်။

သရုပ်ဆောင် ကျော်ကျော်ဗိုလ် က "ဒီဇာတ်ကားကို ရိုက်ကူးနေကျနေရာမဟုတ်တဲ့ ကရင်ပြည်နယ် ဘားအံဘက်မှာ ပျော်ပျော်ပါးပါးရိုက်ကူးခဲ့တဲ့ ဇာတ်ကားလေးပါ။ ပရိသတ်တွေအတွက် ပျော်ရွှင်မှုသက်သက် ဖန်တီးထားတဲ့ ဟာသဇာတ်ကားပါ။ ဟာသ ဇာတ်ပို့ဇာတ်ရံများစွာ သရုပ်ဆောင်ထားပြီး ပရိသတ်တွေကို လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ပါတယ်"ပြောသည်။

သရုပ်ဆောင် အိချောပို က အဆိုပါ ဇာတ်ကားတွင် သိုင်းဆရာကြီး ဦးခင်လှိုင်၏ ညီမအနေဖြင့် သရုပ်ဆောင်ထားကြောင်း၊ ပရိသတ်များ ရယ်ရမည့် ဇာတ်ကားဖြစ်၍ အားပေးကြည့်ရှုကြရန် ဖိတ်ခေါ်ကြောင်း ပြောသည်။

သရုပ်ဆောင် အကယ်ဒမီဝါဝါအောင် က "ဒီဇာတ်ကားမှာ ဂျိုကာရဲ့ အမေအနေနဲ့ သရုပ်ဆောင်ထားပါတယ်။ ဂျိုကာက ဆိုးလွန်းလို့ ထောင်က ပြန်လွတ်လာမယ့်နေ့မှာ ပြန်မလွတ်အောင် ယတြာချေထားပါတယ်။ ဟာသဇာတ်ကားပေမယ့် ပုံစံက တစ်မျိုးလေးပါ။ ပရိသတ်လက်ခံမယ့် တစ်မူထူးခြားတဲ့ ဇာတ်ကားလေးတစ်ကား ဖြစ်ပါတယ်။ လာရောက်ကြည့်ရှုအားပေးဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောသည်။

တက္ကသိုလ်ဂွမ်းပုံက "ဒီဇာတ်ကားမှာ အိချောပိုရဲ့ အဒေါ်အနေနဲ့ သရုပ်ဆောင် ထားပါတယ်။ ကိုခင်လှိုင်က ရွာမှာသိုင်းတော်တဲ့သူအဖြစ် သရုပ်ဆောင်ထားတယ်။ ဘားအံဘက်မှာ ရိုက်ထားတဲ့ ဇာတ်ကားပါ။ ဒီဇာတ်ကားမှာ မဂွမ်းတို့ အနုပညာရှင်တွေအားလုံး စုစုစည်းစည်းနဲ့ ကြိုးစားထားပါတယ်။ပရိသတ်တွေကို လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောသည်။



တက္ကသိုလ်ဂွမ်းပုံ



စိန်သီး

သရုပ်ဆောင် စိန်သီးက အဆိုပါဇာတ်ကားတွင် မိမိနှင့် အုန်းသီး ပူးတွဲသရုပ်ဆောင်ထားကြောင်း၊ ပျော်စရာဇာတ်ကားလေးဖြစ်၍ ပရိသတ်များ ဤဇာတ်ကားလေးကြည့်ပြီး အမောအပန်းဖြေပါဟု ဆိုသည်။

ဟောက်စား ရုပ်ရှင်ဇာတ်ကားတွင် အကယ်ဒမီ မြင့်မြတ်၊ ကျော်ကျော်ဗိုလ်၊ အိချောပို၊ ခင်လှိုင်၊ ဂျိုကာ၊ တက္ကသိုလ်ဂွမ်းပုံနှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားပြီး ဇန်နဝါရီ ၁၁ ရက်တွင် မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည် ဖြစ်သည်။ **သတင်း - ဥမ္မာသန့်၊ မီမီဖြိုး**

**ဓာတ်ပုံ - ပန်းသစ္စာ**

## ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာ၌ ကျေးလက်စကားဝိုင်းကျင်းပ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တစ်ပါတည်း ကွင်းဆင်းဆောင်ရွက်ပေး

**ဘိုကလေး ဇန်နဝါရီ ၈**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ကျေးလက်စကားဝိုင်းကို ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာရှိ ဓမ္မာရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများ ပြုလုပ်ရခြင်း ရှင်းလင်းပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာမီးလင်းရေး၊ ကျေးလက်ရေရရှိရေး၊ မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သောရောဂါများ၊ ကာကွယ်ရမည့်နည်းလမ်းများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများနှင့် ဆေးလိပ်ဆေးရွက်ကြီး အန္တရာယ်ဆိုင်ရာ သိကောင်းစရာများ၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေအကြောင်း၊ ရွှေ့ခရုအန္တရာယ်ကာကွယ်ရေးနှင့် စပါးအထွက်တိုးစေရေးနည်းလမ်းများ၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများနှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများကို သက်ဆိုင်ရာ ဌာနအလိုက် ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် ဒေသခံများကလည်း သိလိုသည်များ ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ဌာန ၁၁ ဌာနပါဝင်သော ရွေ့လျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကိုပါ တစ်ပါတည်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြင်းကောင်ရေ ၂၀ အောက် စက်တပ်ရေယာဉ်လိုင်စင်လျှောက်ထားသူ လေးဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ရေလုပ်သားမှတ်ပုံတင်ကတ်ပြုလုပ်သူ ၁၅ ဦး၊ မြို့နယ်လဝကမှ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်လိုသူ ၃၇၀၊ အိမ်ထောင်စုပုံစံ (၆၆/၆) ပြုလုပ်လိုသူ ၁၅၀၊ မြို့နယ်ပြန်/ဆက်မှ ရွေ့လျားစာကြည့်တိုက်ဝန်ဆောင်မှုတို့အား ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်စကားဝိုင်းဆွေးနွေးပွဲသို့ ဘိုကလေးမြို့နယ်အတွင်းရှိ သာပေါင်း၊ ဘုရားချောင်း၊ သစ်တိုချောင်း၊ ညီနောင်ဝ၊ ပိုက်စလ၊ သပြုကုန်း၊ မလော့ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ ဦးရေ ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# ကျောက်မဲ ၊ နောင်ချို ဂုတ်တွင်းခြောက်ထပ်ကွေ့၌ တွဲယာဉ်တစ်စီး လမ်းချော်၍လမ်းပိတ်ဆို့

**သီပေါ ဇန်နဝါရီ ၈**

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် မိုးအဆက်မပြတ် ရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ၊ နောင်ချို ဂုတ်တွင်းလမ်းပိုင်း ခြောက်ထပ်ကွေ့၌ လမ်းချော်၍ (၂၂) ဘီးယာဉ် တွဲကားကြီးများ မတက်နိုင်သဖြင့် ယနေ့မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**



အဆိုပါ မန္တလေး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီးသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ကုန်သွယ်ရေး လမ်းကြောင်း မရှိမဖြစ်လမ်းမကြီးဖြစ်သဖြင့် နေ့စဉ် မော်တော်ယာဉ်စီးရေ ငါးထောင်ကျော်ခန့် သွားလာလျက်ရှိရာ ယာဉ်ကြောပိတ်ဆို့မှု ကြာရှည်စွာ မဖြစ်စေရေးအတွက် ကျောက်မဲခရိုင်အမှတ် (၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဂုတ်တွင်းရဲကင်းမှ တပ်ဖွဲ့ဝင်များ၊ ပြည်သူများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုကြောင့် မွန်းလွဲ ၃ နာရီခွဲတွင် လမ်းပိုင်း ပွင့်သွားပြီး ယာဉ်များကို အလှည့်ကျ စေလွှတ်ခဲ့သည်။

မော်တော်ယာဉ်များ၏ လမ်းပိတ်ဆို့မှုမှာ ယခုရက်ပိုင်း မိုးရွာသွန်းမှုနှင့်အတူ ယာဉ်ကြီးများ လမ်းပိတ်ဆို့မှုဖြစ်နေသော်လည်း ယာဉ်ငယ်များမှာ ယာဉ်ကြောအပြိုင် လုယက်မောင်းနှင်ခြင်းကြောင့် တောင်ပေါ်ဒေသ လမ်းကျဉ်းသော နေရာများ၌ တစ်စီးနှင့် တစ်စီး ရှောင်တိမ်း မရဘဲ ပိတ်ဆို့ခြင်းဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးက ပြောသည်။

**စိုင်း(သီပေါ)**

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် YREO အသင်း သုံးပွဲဆက်အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၈**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၆) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ YREO အသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

YREO အသင်းသည် သုံးပွဲဆက်အနိုင်ရခဲ့ခြင်းဖြစ်ပြီး အမှတ်ပေးဇယားတတိယနေရာမှ အား/ကာသိပွဲအသင်းကို အမှတ်တူဖြင့် ဖိအားပေးနိုင်ခဲ့သည်။ ပုံစံကောင်းရနေသည့် YREO အသင်းသည် ယခုပွဲတွင်လည်း ဇွဲကပင်အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ပြီး ၄၃ မိနစ်တွင် နွယ်နီဝင်း သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

ဇွဲကပင်အသင်းသည် နိုင်ပွဲပြန်ရရန်ကြိုးပမ်းသော်လည်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။ ပွဲစဉ် (၆) ဒုတိယနေ့ကို ဇန်နဝါရီ ၉ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်အသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မတူပီမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များအမိုးလန်ပျက်စီး

**မတူပီ ဇန်နဝါရီ ၈**

မတူပီမြို့နယ်အတွင်း ဇန်နဝါရီ ၇ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဖနိုင်ကျေးရွာအုပ်စုအတွင်းရှိ လူနေအိမ် ၁၂ လုံး အမိုးလန်ပျက်စီးသွားခဲ့ကြောင်း သိရသည်။ အဆိုပါ သဘာဝဘေးသင့် အိမ်ထောင်စုများကို မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက် အကူအညီပေးခဲ့ကြသည်။ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၂လုံး အမိုးလန်ပျက်စီးသွားခဲ့ကြောင်း သိရသည်။ မတူပီမြို့နယ်အတွင်းရှိ တီွရှစ်ကျေးရွာ၌လည်း ဇန်နဝါရီ ၇ ရက် ညပိုင်းကမိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အ.လ.က(ခွဲ) တီွရှစ် စာသင်ကျောင်း အမိုးလန်ပျက်စီးသွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# စလင်း၌ အချိန်အခါမဟုတ်မိုးရွာသွန်းသဖြင့် သီးနှံများပျက်စီးမည်ကိုစိုးရိမ်

**စလင်း ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ယမန်နေ့မှစတင်၍ အချိန်အခါမဟုတ်မိုးများရွာသွန်းနေသဖြင့် လက်ရှိစိုက်ပျိုးနေသော မြေပဲ၊ အာလူးနှင့် အခြားသီးနှံများ ပျက်စီးနိုင်ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ယခုအခါ စပါးရိတ်သိမ်းရာသီဖြစ်၍ အချို့တောင်သူများက စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများကို အသုံးပြု၍ စပါးများကို အမိုးအကာအောက်ပို့ထားနိုင်သော်လည်း စက်ကြီးများဝင်ရန် ခက်ခဲသောလယ်များမှာ လက်ရိတ်ရိတ်၍ ကောက်လှိုင်းထုံးများပြုလုပ်ပြီး လယ်ထဲမှာ ပင်ထားရသဖြင့် ယခုလို အချိန်အခါမဲ့ မိုးကြောင့် ပျက်စီးမည်ကို စိုးရိမ်နေရသည်။ ယမန်နှစ်ကလည်း ယခုရာသီမျိုးတွင် အချိန်ခါမဲ့ မိုးရွာသွန်းမှုကြောင့် စပါးများမိုးမိပြီး အရည်အသွေးကျဆင်းမှုကြောင့် စပါးဝယ်လက်များ၏ ဈေးနှိမ်မှုခံခဲ့ရကာ တောင်သူများ နစ်နာခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။


**မိုး/ဇလ**

# ကုလားကုတ်ကျွန်း လေပြင်းတိုက်ခတ်ခံရ

**ရေး ဇန်နဝါရီ ၈**

မွန်ပြည်နယ် ရေးမြို့နယ် ကုလားကုတ်ကျွန်းကျေးရွာအုပ်စုရှိ အောက်ဆိပ်ရွာမှာ ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၂၀၀ ခန့်နှင့် စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းပါ ထိခိုက်ပျက်စီးသွားခဲ့ကြောင်း သိရသည်။ လက်ရှိမှာ လေဘေးသင့်ပြည်သူများကို ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

**နေမျိုးထွန်း**



# အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ဘိုးလင်းပဏာမ လူရွေးချယ်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

ဖိလစ်ပိုင်နိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်မှ ပဏာမလက်ရွေးစင်အားကစားသမားများ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စာရင်းပေးသွင်းနိုင်**

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပထမအကြိမ်ပဏာမ လူရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ်လူရွေးချယ်ပွဲကို မတ် ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများသည် ဖေဖော်ဝါရီ ၈ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ် ဖုန်း ၀၉-၂၅၀၆၅၇၆၅၇ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**အေကေလင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ဆီဗီလာအသင်းသည် အသက် ၂၆ နှစ်အရွယ် စပိန်တိုက်စစ်ကစားသမား မိုရာတာအား ရာသီကုန်အထိ အငှားဖြင့်ခေါ်ယူနိုင်ရန်အတွက် ချယ်လ်ဆီးအသင်းနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ဂိုးဒေါ့ကွန်း၏ ဖော်ပြချက်အရ သိရသည်။
- မန်ယူအသင်းက အသက် ၃၂ နှစ်အရွယ် ဉရုဂွေးနောက်ခံကစားသမား ဂိုဒင်အတွက် ကမ်းလှမ်းမှုတစ်ရပ်ကို အက်သလက်တီကို မက်ဒရစ်အသင်းက ပယ်ချလိုက်ကြောင်း တက်တိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။
- ရီးရဲမက်ဒရစ်အသင်းသည် တော့တင်ဟမ်အသင်းမှ အသက် ၂၆ နှစ်အရွယ် ကွင်းလယ်တိုက်စစ်ကစားသမား အဲရစ်ဆင်အား ခေါ်ယူနိုင်ရေးနှင့် ပတ်သက်ပြီး ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း အင်ဒီပင်းဒန့်၏ ဖော်ပြချက်အရ သိရသည်။ ဒေးလီးမေးလ်၏ ဖော်ပြချက်တွင်မူ ဒိန်းမတ်ကစားသမား အဲရစ်ဆင်သည် တော့တင်ဟမ်အသင်း၌ စာချုပ်သစ်ချုပ်လိုပြီး စာချုပ်သစ်၌ ၎င်း၏ တစ်ပတ်လုပ်ခအား နှစ်ဆလိုချင်နေကြောင်းလည်း ဖော်ပြထားသည်။ ၎င်း၏ တော့တင်ဟမ်အသင်းနှင့်စာချုပ်သက်တမ်းသည် ၁၈ လ ကျန်ရှိနေသေးကြောင်း သိရသည်။
- ဂျူဗင်တပ်စ်အသင်းသည် မန်စီးတီးအသင်း၏ ပစ်မှတ်ဖြစ်သော အသက် ၂၅ နှစ်အရွယ် အာဂျင်တီးနားတိုက်စစ်ကစားသမား ဒိုင်ဘာလာအား ပေါင်သန်း ၉၀ နှင့်အထက် ကမ်းလှမ်းမှု လက်ခံရရှိခဲ့ပါက နွေရာသီတွင် ရောင်းထုတ်သွားရန် စဉ်းစားဖွယ်ရှိကြောင်း ပြောကြားလိုက်သည်။ အီတလီသတင်းအရင်းအမြစ်တစ်ခုတွင် ဒိုင်ဘာလာအတွက် မန်စီးတီး၊ ဘိုင်ယန်မြူးနစ်နှင့် ပီအက်စ်ဂျီအသင်းတို့၏ ကမ်းလှမ်းမှုများကို ပယ်ချခဲ့ကြောင်း ဖော်ပြထားသည်။
- ဖူလ်ဟမ်အသင်းသည် မာဆေးလ်အသင်းမှ ကင်မရွန်းတောင်ပံကစားသမား ကလင်တန် အင်န်ဂျီ (၂၅နှစ်) အား ခေါ်ယူရေးနှင့်ပတ်သက်ပြီး ဘန်လေ၊ ကာဒစ်ဖ်၊ နယူးကာဆယ်အသင်းတို့နှင့်အပြိုင် ပါဝင်လာခဲ့ကြောင်း ဒေးလီးမေးလ်၏ ဖော်ပြချက်အရ သိရသည်။
- ဒေါ့မွန်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် လီဗာပူးအသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေသော လိုက်ဇစ်အသင်းမှ ဂျာမနီတိုက်စစ်ကစားသမား တီမိုဝါနာ (၂၂နှစ်) အား ကမ်းလှမ်းဖွယ်ရှိကြောင်း ဂျာမန်သတင်းအရင်းအမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလတွင် အက်သလက်တီကို မက်ဒရစ်အသင်းမှ တရုတ်စူပါလိဂ်ကလပ် ဒါလီယန် ယီဖန်းအသင်းသို့ ပြောင်းရွှေ့သွားခဲ့သော ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား ကာရက်စ်ကို (၂၅နှစ်) အား ခေါ်ယူချင်နေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- ယမန်နေ့က အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်များကို မဲခွဲဆုံးဖြတ်ခဲ့ရာ အာဆင်နယ်နှင့် မန်ယူအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး မန်စီးတီးနှင့် ဘန်လေ၊ ခရစ္စတယ်ပဲလေ့စ်နှင့် တော့တင်ဟမ်အသင်းတို့ တွေ့ဆုံနေကြောင်း သိရသည်။

**အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၉-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "ဆက်သွယ်ကူးသန်း ချစ်ကြည်ရေးလမ်း"
၈း၄၅ - "ပညာရေးစကားဝိုင်း" "ကျောင်းသား၊ ကျောင်းသူများ သုတေသနအခြေပြု သင်ယူခြင်းကို အခြေခံပညာမှစ၍ တက္ကသိုလ်အထိ ဆောင်ရွက်ရန်"
၉း၂၅ - "ကချင်ပြည်နယ်အတွင်းရှိ အထင်ကရ နေရာများသို့ အလည်အပတ်သွားခြင်း" (အပိုင်း-၁)
၁၁း၂၀ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၁း၄၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "လူပျိုသိုး...ည" ပြေတီဦး၊ စိုးမြတ်သူဇာ၊ မိုးဟေကို၊ ဒါရိုက်တာ-ကျော်သားကြီး

**ညပိုင်း**

၁၆း၃၅ - "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (သင်္ချာဘာသာရပ်)
၁၇း၀၅ - အနုပညာခန်းရိပ်သာ "အလင်္ကာကျော်စွာရွှေမန်းတင်မောင် နှစ်(၁၀၀)ပြည့် အောက်မေ့ဖွယ်ရာ အထိမ်းအမှတ်ဂုဏ်ပြုပွဲ" (အပိုင်း-၂)
၁၇း၂၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ဟောက်စား" မြင့်မြတ်၊ ကျော်ကျော်ဗို၊ အိချောပို၊ ဒါရိုက်တာ-ပြည်ဟိန်းသီဟ
၁၇း၃၅ - MRTV Travelogue
၁၈း၃၀ - ဘ၀ထဲကဝတ္ထု၊ ဝတ္ထုထဲကဘ၀ "ပျော့သောနှီးဖြင့် ခိုင်အောင်ချည်"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက် တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၄) "ကြာမှုရှင်"(ပထမပိုင်း) ထိုက်တန်လင်း၊ မင်းသာ King ၊ မေပန်းချီ၊ နေထိုက်၊ ညီဂျော်၊ ဒါရိုက်တာ-ဟိန်းဇော်
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "သာစွဌာနေ မော်လိုက်မြေ"
- နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်"(အပိုင်း-၃၂)
- ရိုးရာယဉ်ကျေးမှု ထင်ဟပ်ပေါ်လွင်မြန်မာတို့၏ အနုသုခုမသဘင်(အလင်္ကာအလွမ်းပြေ) "မြိုင်ထနှစ်ပါးသွားများ" မင်းသား-ဝင်းဗိုလ်

# ကောလင်းမြို့နယ်တွင် ခရီးသည်တင်မှန်လုံယာဉ်တစ်စီးတိမ်းမှောက်၍ ၁၂ ဦး ဒဏ်ရာရ

**ကသာ ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်း မိုင်တိုင်အမှတ်(၁၁၅/၁၁၆)ကြားတွင် ခရီးသည်တင်မှန်လုံယာဉ်တစ်စီး တိမ်းမှောက်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၄ နာရီခန့်က ကောလင်းမြို့နယ် ခန်သာနယ်မြေရဲကင်းစခန်းမှူး ရဲအုပ် စိုးသိန်းအောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ခရီးသည်တင်မှန်လုံယာဉ်တစ်စီးတိမ်းမှောက်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကောလင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား သွားကားလမ်းတွင် ယာဉ်နောက်လိုက် ချမ်းမြေ့အောင် မောင်းနှင်ပြီး ယာဉ်မောင်း သိန်းယုနိုင်ဘေးမှ လိုက်ခဲ့သော ခရီးသည် ၁၄ ဦး တင်ဆောင်မောင်းနှင်ခဲ့သော ရွှေကချင်စာတန်းပါ MDY 4N/---- ခရီးသည်တင်မှန်လုံယာဉ်သည် မိုင်တိုင်အမှတ်(၁၁၅/၁၁၆)ကြား အကွေ့တွင် ယာဉ်ကိုအရှိန်မထိန်းနိုင်ဘဲ တံတားလက်ရန်းအုတ်ခုံအား ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်သွားရာ ယာဉ်ပေါ်ပါ ခရီးသည် ၁၂ ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

**လူအောင်(ကသာ)**



## အောင်ဘာလေထီလက်မှတ်ပါ ချောထုပ်ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ယာဉ်နောက်လိုက်တစ်ဦးအား အမှုဖွင့်

**မကွေး ဇန်နဝါရီ ၈**

မကွေးစာတိုက်ကြီးမှ ပွင့်ဖြူစာတိုက်သို့ ပို့ဆောင်သည့် အောင်ဘာလေထီလက်မှတ်များပါ ချောထုပ်များ ပျောက်ဆုံးခဲ့မှုနှင့် ပတ်သက်၍ စာတိုက်တာဝန်ရှိသူက ဇန်နဝါရီ ၃ ရက်တွင် ယာဉ်နောက်လိုက်တစ်ဦးကို တိုင်ကြားအမှုဖွင့်ခဲ့ကြောင်း မကွေးနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မကွေးစာတိုက်ကြီးမှ ချောစာပို့ဝန်ထမ်း မျိုးသူရသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် ည ၈ နာရီက မကွေးကားကြီးကွင်းရှိ စတားသန်းဆုအောင် ကားဂိတ်တွင် 3M/----အန်စာတုံးယာဉ်မှ ယာဉ်နောက်လိုက် ဦးပိုင်ထံသို့ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ရောင်းချမည့် အောင်ဘာလေထီလက်မှတ်(တန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀ )ပါ ချောထုပ်တစ်ထုပ်၊ တန်ဖိုးပေးရွေး အမြန်ချောထုပ်သုံးထုပ် (တန်ဖိုးငွေကျပ် ၄၀၀၀၀)တို့အား ပို့ဆောင်ပေးရန်အပ်နှံခဲ့ကြောင်း၊ ထိုသို့ ပို့ဆောင်ပေးလိုက်သော ချောထုပ်များမှာ ပွင့်ဖြူစာတိုက်သို့ မရောက်ဘဲ လမ်းတွင်ကျပျောက်ခဲ့ကြောင်း ယာဉ်နောက်လိုက် ဦးပိုင်က ပွင့်ဖြူစာတိုက်မှူး ဒေါ်မြင့်ဌေးထံ အကြောင်းကြားခဲ့သည်။

ထို့ပြင် စတားသန်းဆုအောင်ကားဂိတ်မှာ မကွေးစာတိုက်ကြီးနှင့် ၁-၁၀-၂၀၁၈ မှ ၃၀-၉-၂၀၂၂ ရက်အထိ တစ်လလျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် သုံးနှစ်စာ နှုတ်ကတိဖြင့် ပို့ဆောင်ခြင်းလုပ်ငန်း လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း တရားလို၏ တိုင်ကြားချက်အရ သိရသည်။

အဆိုပါ ချောထုပ်များပျောက်ဆုံးခဲ့မှုနှင့်ပတ်သက်၍ ဦးပိုင်အား အရေးယူပေးရန် မကွေးတိုင်းဒေသကြီး စာတိုက်မှူး ဒေါ်နှင်းရီသော်က ၂၀၁၉ ဇန်နဝါရီ ၃ ရက်တွင် တရားလိုပြု တိုင်ကြားခဲ့၍ မကွေးနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## ရှမ်းမြို့နယ်နှင့် ခန္တီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ခန့်က ရှမ်းမြို့နယ် ရှမ်း-ကျောက်ဆည်ကားလမ်း ကျောက်ကူပြင်ကျေးရွာအနီးတွင် အငယ်လေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၅၃ ဒသမ ၂ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။



အလားတူ ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၃ နာရီ ၅ မိနစ်က ခန္တီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ခန္တီးမြို့နယ် နန်စီပွန်ဒေသ လသာတိုးချဲ့ ကွက်သစ်ရပ်နေ ဒေါ်မိုး(ခ) ဒေါ်မိုးမိုးလှိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မောင်မြင့်အား တွေ့ရှိရပြီး ဘိန်းဖြူ ၀ ဒသမ ၂၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ရွှေတူးဖော်ထားသည့် ကျင်းအဟောင်းအတွင်း ခြေချော်ကျကာ အမျိုးသားတစ်ဦး ရေနစ်သေဆုံး

**ရွှေကျင် ဇန်နဝါရီ ၈** ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ခြေတော်ရာကျေးရွာ၌ ဇန်နဝါရီ ၇ ရက်ညနေ ၄ နာရီခန့် က အမျိုးသားတစ်ဦး ရွှေတွင်းဟောင်းအတွင်း ပြုတ်ကျကာ ရေနစ် သေဆုံးနေခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ရွှေကျင်မြို့မရဲစခန်းမှ တာဝန်ရှိသူ များက သွားရောက်စစ်ဆေးရာ ရေနစ်သေဆုံးသူမှာ ရွှေကျင်မြို့ကျွဲတဲရပ်ကွက်နေ ဦးညီညီ (၅၄ နှစ်) ဖြစ်ပြီး ၎င်းသည် နွားကျောင်းရင်းရေဆာသဖြင့် ရွှေတူးဖော်ထားသည့် တွင်းအနက် ၁၈ ပေခန့်၊ ရေအနက် ၁၂ ပေခန့်ရှိ ကျင်းဟောင်းအတွင်းရှိ ရေအားခပ်ယူစဉ်ခြေချော်ပြီး ပြုတ်ကျကာရေနစ်သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ဘူးသီးတောင်မြို့နယ်၌ လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**မောင်တော ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ပန်းဘဲချောင်းကျေးရွာအနီး တောင်ဘဇာ-ပန်ဇီသွား ကားလမ်းပေါ်တွင် ယနေ့ နံနက် ၁၀ နာရီက လက်လုပ်မိုင်း နင်းမိပေါက်ကွဲမှုကြောင့် ဆိုင်ကယ်နောက်တွင် လိုက်ပါသူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘူးသီးတောင်မြို့နယ် တောင်ဘဇာကျေးရွာနေ မမေသန်းနုသည် ဘူးသီးတောင်မြို့နယ် ကျောင်းတောင်အုပ်စု ဂန္ဓရုံး(ခမီး)ရွာရှိ ဆွေမျိုးများထံသို့ အလည်အပတ်သွားရောက်ပြီး ဆိုင်ကယ်ကယ်ရီမောင်းသူ ဦးထွန်းလေး၏ ဆိုင်ကယ်ဖြင့် ပြန်လာစဉ် တောင်ဘဇာ - ပန်ဇီသွားကားလမ်းတွင် လက်လုပ်မိုင်း နင်းမိပေါက်ကွဲသဖြင့် မမေသန်းနုတွင် ဝဲဘက်ခြေသလုံးကြွက်သား အလျား ငါးလက်မ၊ အကျယ် နှစ်လက်မခွဲခန့်ရှိ ပေါက်ပြဲဒဏ်ရာတစ်ချက် (မစိုးရိမ်ရ) ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိသူ မမေသန်းနုသည် ဘူးသီးတောင်မြို့ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မလှိုင်မြို့နယ် ခရိုင်ချင်းဆက်လမ်းတွင် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိ၍ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**မလှိုင် ဇန်နဝါရီ ၈**

မလှိုင်မြို့နယ် ဝါးခွကျေးရွာအနီး ခရိုင်ချင်းဆက်လမ်းတွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင် တိုက်မိ၍ လူတစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မလှိုင်မြို့နယ် ဝါးခွကျေးရွာအနီး ခရိုင်ချင်းဆက်ကားလမ်း မိုင်တိုင်အမှတ်(၃၄၉/၅-၆) အကြား မလှိုင်မြို့ဘက်မှ မလှိုင်မြို့ ပျူကန်ကျေးရွာနေ ကိုစိုးအောင် (၃၇နှစ်) မောင်းနှင်လာသော ဆိုင်ကယ်(လိုင်စင်စိစစ်ဆဲ)နှင့် မျက်နှာချင်းဆိုင် ပျူကန်ဘက်မှ လာသော မလှိုင်မြို့အမှတ်(၃)ရပ်ကွက်နေ ဖိုးသား(၂၂ နှစ်)မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ တင်ဝမ်း(၂၄ နှစ်) လိုက်ပါလာသော ဆိုင်ကယ်တို့ တိုက်မိပြီး စိုးအောင်မှာ ရရှိဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း၊ ဖိုးသားနှင့် တင်ဝမ်းတို့တွင် (စိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ကြောင်း မလှိုင်မြို့မရဲစခန်းမှ သိရသည်။

**ဘိုဘို(မလှိုင်)**

## တစ်သောင်းတန်ငွေစက္ကူအတုများဖြင့် နွားဝယ်ယူမှုဖြစ်ပွား

**ရေကြည် ဇန်နဝါရီ ၈**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့မအုကုန်အုပ်စု စံပြကျေးရွာနေ ဦးကိုမြင့်ပိုင်ဆိုင်သော နွားထီးတစ်ကောင်ကို ဇန်နဝါရီ ၇ ရက် နံနက် ၅ နာရီခန့်၌ ရေကြည်မြို့နယ် ဇရပ်လှကျေးရွာရှိ မီးရထားသံလမ်းအနီးတွင် နွားဝယ်ယူသူ (အမည်မသိ)(စုံစမ်းဆဲ)နှင့် ချိန်းဆို၍ နွားအရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အရောင်းအဝယ်ပြုလုပ်ပြီးစီး၍ အဆိုပါနေရာ၌ နွားဖိုးပေးချေငွေ တစ်သောင်းတန်ငွေစက္ကူများအား ရေတွက်ကြည့်ခဲ့ရာ မသင်္ကာသဖြင့် ငါးသိုင်းချောင်း နယ်မြေရဲစခန်းသို့ နွားရောင်းချခဲ့သူများက လာရောက်အပ်နှံခဲ့ရာ AI 7223849 (ကဈ ၇၂၂၃၈၄၉)နံပါတ်တူ တစ်သောင်းတန်ငွေစက္ကူ ၁၁၄ ရွက်၊ BI 7120943 (ခဈ ၇၁၂၀၉၄၃) ၃၂ ရွက်နှင့် အခြားနံပါတ်ပါ တစ်သောင်းတန်ငွေစက္ကူ ၁၁ ရွက် စုစုပေါင်း ငွေစက္ကူအတု ၁၅၇ ရွက်ကို စစ်ဆေးသိမ်းဆည်းရမိခဲ့ပြီး အရောင်းအဝယ် ပြုလုပ်ခဲ့သည့် နွားကို အဆိုပါနေ့ညနေပိုင်းတွင် ပြန်လည်ရှာဖွေရရှိခဲ့ကြောင်း၊ ငွေစက္ကူအတုများဖြင့် နွားဝယ်ယူခဲ့သူအား ဆက်လက်ရှာဖွေစုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ငါးသိုင်းချောင်းနယ်မြေရဲစခန်းက အမှုဖွင့် ဆက်လက်စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# တီးတိန်မြို့နယ်တွင် တရားမဝင် ဝင်ရောက်လာသူ သုံးဦးအား ဖမ်းဆီးထိန်းသိမ်း

**တီးတိန် ဇန်နဝါရီ ၈**

ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် ယနေ့နံနက် ၁ နာရီ ၁၅ မိနစ်ခန့်က တရားမဝင် ဝင်ရောက်လာသူ သုံးဦး ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တီးတိန်မြို့နယ် ဒုရဲမှူး မောင်လွင်နှင့် တာဝန်ရှိသူများသည် သတင်းပေးချက်အရ လမ်းဇန်-တီးတိန်ကြား ရိဒ်သွားလမ်း မိုင်တိုင် (၂/၃)အနီးတွင် စောင့်ဆိုင်းနေစဉ် လာလ်လျန်းထာလ် (၂၀ နှစ်) ဖလမ်းမြို့နယ် ခေါထီလ်ကျေးရွာနေ မောင်းနှင်လာသော ဆိုင်ကယ်နှင့် တင်ဆောင်လာသည့်တရားမဝင် ဝင်ရောက်လာသူ အာတာရ်ပါရစ် (၂၀ နှစ်) ဘုရားပင်အောင်ပရပ်ကွက် ညောင်ချောင်းရွာ ဘူးသီးတောင်မြို့နယ်နေသူကို လည်းကောင်း၊ ဇမ်ထန်အား(၃၄ နှစ်) ဖလမ်းမြို့နယ် ခေါထီလ်ကျေးရွာနေသူ မောင်းနှင်လာသော ဆိုင်ကယ်နှင့် တင်ဆောင်လာသည့် တရားမဝင် ဝင်ရောက်လာသူ ဇာဖောဟဆောင်း (၁၉ နှစ်) မြောင်းနဒီလိကျေးရွာ ဘူးသီးတောင်မြို့နယ်နေသူကို လည်းကောင်း၊ ဟလျန်းကျူး(၂၂ နှစ်) ဖလမ်းမြို့နယ် ခေါထီလ်ကျေးရွာနေသူ မောင်းနှင်လာသော ဆိုင်ကယ်နှင့် တင်ဆောင်လာသည့် တရားမဝင် ဝင်ရောက်လာသူ နူးခေါဖီရ် (၁၇နှစ်) အောင်ပရပ်ကွက် ညောင်ချောင်းကျေးရွာ ဘူးသီးတောင်မြို့နယ်နေသူကို လည်းကောင်း စစ်ဆေးတွေ့ရှိသဖြင့် တီးတိန်မြို့သို့ ခေါ်ဆောင်ပြီး ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ဆိုင်ကယ်မောင်းနှင်သူများအား စစ်ဆေးရာတွင် အိန္ဒိယနိုင်ငံ ကျန်ဖိုင်မြို့နေ ဦးလာလ်လွယ်တွောင်ဆိုသူက တစ်ဦးလျှင် ငွေကျပ်တစ်သိန်းဖြင့် ကလေးမြို့သို့ ပို့ဆောင်ပေးရန် ပြောသဖြင့် သယ်ဆောင်လာခဲ့ခြင်း ဖြစ်ကြောင်း ၊ တီးတိန်မြို့ လဝကမှူးနှင့် အဖွဲ့က ဆက်လက်မေးမြန်းလျက်ရှိကြောင်းနှင့် လဝကအက်ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိပြီး သယ်ဆောင်လာသူ၊ ဆိုင်ကယ်မောင်းနှင်သူ သုံးဦးအား ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်ရန် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘာ့ဘဏ်ကို ခြောက်နှစ်ကြာ ဦးဆောင်ခဲ့သည့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌဂျင် ရာထူးမှအနားယူတော့မည်

**ဝါရှင်တန် ဇန်နဝါရီ ၈**

ကမ္ဘာ့ဘဏ်ကို ခြောက်နှစ်ကြာ ဦးဆောင်ခဲ့သည့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဂျင်ရောင်ကင် ရာထူးမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း မကြာသေးမီက ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံသားဖြစ်သူ ဥက္ကဋ္ဌ ဂျင်သည် ၎င်း၏ သက်တမ်း မကုန်ဆုံးမီ နှစ်အနည်းငယ်အလို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်အနားယူတော့မည် ဖြစ်ကြောင်း သိရသည်။

၎င်း၏နေရာတွင် ကမ္ဘာ့ဘဏ် အမှု ဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော ခရစ်တာလီနာ ဂျော်ဂျီဗာက ယာယီဥက္ကဋ္ဌအဖြစ် တာဝန်ယူထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ဂျော်ဂျီဗာသည် ဘူလ်ဂေးရီးယားနိုင်ငံသူဖြစ်ပြီး ဘဏ္ဍာရေးနှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေးကဏ္ဍများတွင် ကျွမ်းကျင်သူတစ်ဦးဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဂျင်သည် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး လုပ်ငန်းများကို လက်တွေ့ကွင်းဆင်း လုပ်ကိုင်ခဲ့သူတစ်ဦး အဖြစ် ကမ္ဘာ့ဘဏ်အဖွဲ့ကြီးကို ပထမဆုံး ဦးဆောင်ခဲ့သလို နိုင်ငံရေးနှင့်ဘဏ္ဍာရေး ဆိုင်ရာ နောက်ခံအတွေ့အကြုံမရှိဘဲ ယခု တာဝန်ကို ပထမဆုံးယူခဲ့သူလည်း ဖြစ်သည်။

ဂျင်သည် ဆရာဝန်တစ်ဦးဖြစ်သည့်အပြင် မနုဿဗေဒပညာရှင်တစ်ဦးလည်း ဖြစ်သည်။ ၎င်းသည် ဆင်းရဲနွမ်းပါးသည့် နိုင်ငံများတွင် တီဘီနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာ စီမံကိန်းများကို ယခင်က လုပ်ကိုင်ခဲ့သူဖြစ်သည်။

ဂျင်သည် အလွန်အမင်း ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ တစ်ဦးအနေဖြင့် တွန်းအားပေး လုပ်ဆောင်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။ ဂျင်၏ နုတ်ထွက်စာတွင် ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ရောဂါဘယများကို တိုက်ဖျက်ရေးနှင့် ဥတုရာသီပြောင်းလဲမှုကြောင့် အိုးအိမ်ပြောင်းရွှေ့နေထိုင်နေရသူများကို ကူညီပေးနိုင်မည့် ဘဏ္ဍာငွေရှာဖွေပေးနိုင်ရေး နည်းလမ်းသစ်များကို ရှာဖွေပေးလိုကြောင်း ရေးသားဖော်ပြခဲ့သည်။

ထို့အပြင် ငတ်မွတ်ခေါင်းပါးမှုဖြစ်ပေါ်ခြင်းကို ရှာဖွေဖော်ထုတ်ပြီး ဟန့်တားနိုင်ရေး ကုလသမဂ္ဂနှင့် နည်းပညာကုမ္ပဏီ များနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်းလည်း ဂျင်က ဆက်လက်ရေးသားဖော်ပြထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဂျင်ရောင်ကင်

# သမ္မတရှီနှင့်တွေ့ဆုံရန် မြောက်ကိုရီးယားခေါင်းဆောင်ကင် ပေကျင်းသို့ ရောက်ရှိ



တရုတ်နိုင်ငံသို့ ကြေညာခြင်းမရှိဘဲ ရောက်ရှိလာသည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် ၎င်း၏ဇနီးဖြစ်သူတို့ကို တွေ့ရစဉ်။

**ပေကျင်း ဇန်နဝါရီ ၈**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးရန် ဇန်နဝါရီ ၇ ရက်က ကြိုတင်ကြေညာခြင်းမရှိဘဲ ပေကျင်းသို့ ရောက်ရှိလာခဲ့ကြောင်း သတင်းရရှိသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒုတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေးခြင်းမပြုမီ ယခုလို တရုတ်နိုင်ငံသို့ ရုတ်တရက် ကြိုတင်ကြေညာခြင်းမရှိဘဲ ရောက်ရှိလာခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ အဓိက မဟာမိတ်နိုင်ငံဖြစ်သကဲ့သို့ ကုန်သွယ်ရေးဆိုင်ရာနှင့် အကူအညီပေးရေးဆိုင်ရာများတွင်လည်း အဓိကအားထားရသည့် နိုင်ငံ တစ်နိုင်ငံဖြစ်သည်။

အမေရိကန်နိုင်ငံနှင့် ထပ်မံတွေ့ဆုံခြင်းမပြုမီ ကင်က ၎င်း၏နည်းဗျူဟာများနှင့် ပတ်သက်ပြီး တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ဆွေးနွေးကောင်း ဆွေးနွေးနိုင်ကြောင်း သိရသည်။

ကင်ဂျုံအန်း၏ ရထား တရုတ်နိုင်ငံမြောက်ပိုင်းနယ်စပ်ကို ဖြတ်ကျော်သွားသည်အထိ လုံခြုံရေးများ ချထားကြောင်း သိရသည်။ ၎င်း၏ရထားသည် ပေကျင်းဘူတာသို့ ဇန်နဝါရီ ၇ ရက် ဒေသစံတော်ချိန် ၁၀ နာရီ ၅၅ မိနစ်တွင် ရောက်ရှိလာခဲ့သည်။

ကင်ဂျုံအန်းသည် ၎င်း၏ဇနီး ရီဆော်ဂျူနှင့် အဆင့်မြင့်အရာရှိကြီးများလိုက်ပါလျက် ၎င်း၏ ရထားဖြင့် မြောက်ကိုရီးယားမှ ဇန်နဝါရီ ၆ ရက်က ထွက်ခွာလာခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်၏ ယခုခရီးစဉ်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်ကြောင့်ဖြစ်ပြီး ၎င်း၏ ခရီးစဉ်သည် ဇန်နဝါရီ ၉ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီနှင့် ဆင်ဟွာသတင်းဌာနတို့တွင် ဖော်ပြထားသည်။

အကယ်၍ ဝါရှင်တန်အနေဖြင့် မြောက်ကိုရီးယားအပေါ် ပိတ်ဆို့အရေးယူမှုများ ဆက်လက်လုပ်ဆောင်နေဦးမည်ဆိုပါက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏ နျူကလီးယားကင်းစင်ရေးဆိုင်ရာ ရည်ရွယ်ချက်လမ်းကြောင်းများ ပြောင်းလဲကောင်း ပြောင်းလဲနိုင်သည်ဟု ကင်၏ သတိပေးနှစ်သစ်ကူး မိန့်ခွန်းပြောကြားပြီးနောက်ပိုင်း ယခုလို တရုတ်ခရီးစဉ် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

**အေအက်ဖ်ပီ**

# ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့များ ဘေးကင်းလုံခြုံမှသာ အမေရိကန်တပ်ဖွဲ့ဝင်များ ဆီးရီးယားမှ ရုပ်သိမ်းမည်ဖြစ်ကြောင်း ဂျွန်ဘော်လ်တန်ပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၈**

အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများကို အပြီးသတ်ချေမှုန်းနိုင်ပြီး အမေရိကန်၏ မဟာမိတ်ဖြစ်သည့် ကာ့ဒ်တိုက်ခိုက်ရေးအုပ်စုများ ဘေးကင်းလုံခြုံသည့်အနေအထားရောက်ရှိမှသာ အမေရိကန်တပ်ဖွဲ့ဝင်များ ဆီးရီးယားနိုင်ငံမှ ထွက်ခွာမည်ဖြစ်သည်ဟု အမေရိကန်ပြည်ထောင်စု လုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က ပြောကြားခဲ့ကြောင်း သိရသည်။

ဂျွန်ဘော်လ်တန်သည် ပြီးခဲ့သည့် တနင်္ဂနွေနွေနေ့က အစ္စရေးနိုင်ငံသို့ ခရီးစဉ်သွားရောက်ခဲ့သည်။ ထိုသို့သွားရောက်ခဲ့စဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ ဆီးရီးယားမှ ရုပ်သိမ်းရေးနှင့် စပ်လျဉ်း၍ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း အိုင်အက်စ်စစ်သွေးကြွများ လုံးဝခေါင်းမထောင်နိုင်တော့သည့်အချိန်မှသာ အမေရိကန်တပ်ဖွဲ့ဝင်များကို ဆီးရီးယားမှရုပ်သိမ်းမည်ဖြစ်သည်ဟု တနင်္ဂနွေနေ့က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လက အမေရိကန်သမ္မတဒေါ်နယ်ထရမ့် ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန် ပြောကြားခဲ့မှုအပေါ် ဝေဖန်မှုများပေါ်ထွက်လာခဲ့သည်။

**အင်န်အိတ်ခ်ျကေ**




အမေရိကန်လုံခြုံရေးအကြံပေးဂျွန်ဘော်လ်တန်

# တရုတ်ရေပိုင်နက်အတွင်းသို့ အမေရိကန်စစ်သင်္ဘော ကျူးကျော်ဝင်ရောက်လာမှုကို တရုတ်ကန့်ကွက်

**ပေကျင်း ဇန်နဝါရီ ၈**

တရုတ်ရေပိုင်နက်ဖြစ်သည့် စီရှာကျွန်းစုအတွင်းသို့ အမေရိကန်စစ်သင်္ဘောတစ်စင်း ကျူးကျော်ဝင်ရောက်လာမှုကို တရုတ်နိုင်ငံက လုံးဝကန့်ကွက်ကြောင်း တနင်္လာနေ့တွင် ဖော်ပြခဲ့ပြီး ယင်းကဲ့သို့သော ကျူးကျော်ရန်စသည့် အပြုအမူမျိုးကို အမေရိကန်ဘက်မှ အမြန်ဆုံးရပ်တန့်ရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

USS McCampbell စစ်သင်္ဘောသည် တရုတ်အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ တရုတ်ရေပိုင်နက်ဖြစ်သည့် စီရှာကျွန်းစုအတွင်းသို့ တနင်္လာနေ့က ကျူးကျော်ဝင်ရောက်လာခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ လူကန်က သတင်းမီဒီယာများသို့ ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံသည် အမေရိကန်စစ်သင်္ဘောဟုတ် မဟုတ် သေချာစေရန် တပ်မတော်ရေယာဉ်နှင့် ရဟတ်ယာဉ်ကို စေလွှတ်ခဲ့ပြီး အဆိုပါရေယာမှ ထွက်သွားရန် သတိပေးခဲ့သည်။

အမေရိကန်ဘက်မှ ထိုသို့ကျူးကျော်ဝင်ရောက်လာမှုသည် တရုတ်နိုင်ငံနှင့် သက်ဆိုင်ရာ နိုင်ငံတကာစည်းမျဉ်းဥပဒေများကို ချိုးဖောက်လိုက်ခြင်းဖြစ်ပြီး တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးလာသော ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ယိုယွင်းစေသော လုပ်ရပ်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးလူကန်က ပြောကြားလိုက်ကြောင်း သိရသည်။

အမေရိကန်ဘက်မှ ထိုသို့ကျူးကျော်လာမှုက တရုတ်-အမေရိကန်ကုန်သွယ်ရေးအပေါ် အကျိုးသက်ရောက်မှု ရှိ မရှိနှင့် ပတ်သက်၍ သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားရာတွင် လူက တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ရန် လိုအပ်သလို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆော်ဒီစီးပွားရေး ပြုပြင်ပြောင်းလဲမှုများတွင် ဂျပန်ကူညီထောက်ပံ့မည်

**ရီယာ့ဒ် ဇန်နဝါရီ ၈**

ရေနံစိမ်းအပေါ် မှီခိုအားထားမှုလျှော့ချရန် ရည်ရွယ်သည့် ဆော်ဒီအာရေဗျနိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများတွင် ဂျပန်နိုင်ငံက ဆက်လက် ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုက ပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုသည် ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အီဘရာဟင် အယ်အာဆက်ဖ်နှင့် တနင်္ဂနွေနေ့က တယ်လီဖုန်းဖြင့်ဆက်သွယ် ဆွေးနွေးခဲ့သည်။

မစ္စတာ အယ်လ်အာဆက်ဖ်သည် ပြီးခဲ့သည့်လတွင် ဆော်ဒီအာရေဗျအစိုးရအဖွဲ့၏ ထိပ်တန်းသံတမန်ဖြစ်သည့် အဒဲ အယ်လ်ဂျာဘီအာ၏ ရာထူးနေရာကို ဆက်ခံခဲ့သည်။

မစ္စတာဂျူဘီအာသည် သတင်းထောက် ဂျမားလ်ခါရှော့ဂီ အသတ်ခံရမှုတွင် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန် ပါဝင်ပတ်သက်နေသည်ဆိုသော စွပ်စွဲချက်များကို ငြင်းဆန်ခဲ့သည်။ မစ္စတာအာဆက်ဖ်က ဂျပန်နိုင်ငံသည် ဆော်ဒီအတွက် အရေးပါသည့် မိတ်ဆွေနိုင်ငံဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### တူရကီမြောက်ပိုင်း ဘလက်ဆီးပင်လယ်အတွင်း၌ သင်္ဘောနစ်မြုပ်မှုဖြစ်ပွားကာ ခြောက်ဦးသေဆုံး

**အန်ကာရာ ဇန်နဝါရီ ၈**

ပနားမားအလံလွှင့်ထူထားသည့် သင်္ဘောတစ်စင်းသည် တနင်္လာနေ့က တူရကီမြောက်ပိုင်းပြည်နယ် ဆမ်ဆန် ရှိ ဘလက်ဆီးပင်လယ်အတွင်း၌ နစ်မြုပ်ခဲ့ရာ သင်္ဘောအမှုထမ်းခြောက်ဦးသေဆုံးခဲ့ကြောင်း နိုင်ငံပိုင် အနာဒိုလူသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

သင်္ဘောအမှုထမ်း ၁၃ ဦးတို့ထံမှ ဖုန်းခေါ်ဆိုမှုကို လက်ခံရရှိခဲ့ပြီးနောက်တွင် ကမ်းခြေစောင့်တပ်ဖွဲ့တစ်ဖွဲ့ကို ဆမ်ဆန်ကမ်းခြေမှ ၁၂၄ ကီလိုမီတာအကွာသို့ စေလွှတ်ကာ ခုနစ်ဦးကိုကယ်ဆယ်နိုင်ခဲ့ကြောင်း ဒေသအုပ်ချုပ်ရေးမှူး၏ ပြောဆိုချက်ကို ကိုးကားလျက် အနာဒိုလူ သတင်းအေဂျင်စီကဖော်ပြခဲ့သည်။

လှေနှစ်စင်း၊ ရဟတ်ယာဉ် လေးစင်းနှင့် လေယာဉ်တစ်စင်းတို့ကိုလည်း သင်္ဘောအမှုထမ်းများအား ကယ်ဆယ်ရန် အသုံးပြုခဲ့ကြောင်း သိရသည်။

ကျောက်မီးသွေးများကို တင်ဆောင်ထားသည့် နစ်မြုပ်သင်္ဘောသည် ရုရှားဆိပ်ကမ်း အာဇော့ဗ်မှ ဆမ်ဆန်သို့ ဦးတည်ခုတ်မောင်းလာစဉ် ထိုသို့နစ်မြုပ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အနာဒိုလူ သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ သင်္ဘောသားကိုးဦးတို့မှာ ယူကရိန်းမှဖြစ်ပြီး နှစ်ဦးမှာ အဇာဘိုင်ဂျန်မှဖြစ်ကာ အခြားနှစ်ဦးမှာ ရုရှားမှဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ပါရီဆန္ဒပြပွဲများ အင်အားသုံးဖြေရှင်းဖို့လိုအပ်လာပြီလား

**—● ကလျာမိုးမြင့် ●—**

**ပြင်သစ်နိုင်ငံတစ်ဝန်းမှာ အစိုးရကဆန့်ကျင်တဲ့ ဆန္ဒဖော်ထုတ်မှုတွေ ဖြစ်ပွားလာခဲ့တာဟာ အခုဆိုရင် ရက်သတ္တပတ် ခုနစ်ပတ်လောက် ကြာမြင့်လာခဲ့ပြီ ဖြစ်ပါတယ်။ ဆန္ဒပြသူတွေနဲ့ ရဲတွေအကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေ ပေါ်ပေါက်လာခဲ့ပြီးနောက်မှာ ပြင်သစ်ဝန်ကြီးချုပ် အက်ဒဝပ်ဖိလစ်ပီက ခွင့်ပြုချက်နဲ့မညီတဲ့ ဆန္ဒပြပွဲတွေကျင်းပနေတဲ့ ပြည်သူတွေကို အင်အားသုံးနှိမ်နင်းမှုတွေ လုပ်ဆောင်သွားမယ့် အစီအစဉ်တွေကို ထုတ်ဖော်ကြေညာခဲ့ပါတယ်။**




မျက်နှာဖုံးဝတ်ဆင်၍ ဆန္ဒပြနေသူတစ်ဦးကို တွေ့ရစဉ်။

**တပ်ဖွဲ့ဝင်များချထားမည်**

ပြဿနာမဖြစ်ဖြစ်အောင် ဖန်တီးနေတဲ့သူတွေကို ဆန္ဒပြပွဲတွေမှာ မပါဝင်အောင်တားဆီးပိတ်ပင်ပြီး ဆန္ဒပြပွဲတွေမှာ မျက်နှာဖုံး ဝတ်ဆင်မှုတွေအပေါ် နှိပ်ကွပ်သွားမယ့် ဥပဒေမူကြမ်းတစ်ရပ်ကို ဝန်ကြီးချုပ် အက်ဒဝပ်ဖိလစ်ပီရဲ့ အစိုးရအဖွဲ့က ရေးဆွဲချင်နေတာ ဖြစ်ပါတယ်။ နောက်ထပ် ပေါ်ပေါက်လာနိုင်ဖွယ်ရှိတဲ့ ဆန္ဒပြပွဲတွေအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် ၈၀၀၀၀ လောက်ကို ချထားမယ်လို့ ဝန်ကြီးချုပ်က ပြောပါတယ်။

ယခုရက်ပိုင်းအတွင်းမှာပဲ ပါရီမြို့မှာရှိတဲ့ အစိုးရအဆောက်အအုံရဲ့ တံခါးကို ဆန္ဒပြလူအုပ်က လုပ်ငန်းခွင်သုံးကားကြီးတစ်စီးနဲ့ အတင်းဝင်တိုက်ခဲ့တဲ့အတွက် အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်တဲ့ ဘင်ဂျမင်ဂရီပက်နဲ့ဝန်ထမ်းတွေ အဆောက်အအုံထဲကနေ ထွက်ပြေးခဲ့ရပါတယ်။

**မော်တော်ယာဉ်တွေကို မီးရှို့**

ပါရီမြို့မှာဖြစ်ခဲ့တဲ့ အခြားရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေမှာ ဆန္ဒပြသူတွေဟာ ရဲတွေနဲ့ တိုက်ခိုက်ခဲ့ကြပြီး ကားတွေနဲ့ မော်တော်ဆိုင်ကယ်တွေကိုလည်း မီးရှို့ခဲ့ကြပါတယ်။ လောင်စာဆီခွန်တိုးမြှင့်ကောက်ခံမှုကို ဆန့်ကျင်တဲ့ ဆန္ဒပြပွဲတွေဟာ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၇ရက်မှာ စတင်ပေါ်ပေါက်လာခဲ့ပြီး အဝါရောင်အပေါ်အင်္ကျီ ဝတ်ဆင်ထားကြတဲ့ ဆန္ဒပြသူတွေဟာ နိုင်ငံတစ်ဝန်းမှာ ဆန္ဒဖော်ထုတ်ခဲ့ကြတာကြောင့် ယာဉ်ကြောပိတ်ဆို့မှုတွေလည်း ဖြစ်ခဲ့ရပါတယ်။

သီတင်းပတ်အကုန်ရက်တိုင်းမှာ အလားတူဆန္ဒပြပွဲတွေ မပျက်မကွက်လုပ်ဆောင်ခဲ့ကြတာဖြစ်ပြီး ဆန္ဒဖော်ထုတ်သူ အရေအတွက် လျော့နည်းလာတယ်ဆိုပေမယ့် ပြင်သစ်နိုင်ငံတစ်ဝန်း မြို့ကြီးတွေမှာ အဓိကရုဏ်းဖြစ်ပွားမှုတွေနဲ့ လူစုဖြိုခွဲမှုတွေကို ဆက်လက်မြင်တွေ့နေရဆဲပါပဲ။ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေကြောင့် ပြည်သူခြောက်ဦးသေဆုံးခဲ့ပြီး လူ ၁၄၀၀ ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။

**အစိုးရက ဘယ်လိုစီစဉ်ဆောင်ရွက်သွားမလဲ**

ပြင်သစ် ရုပ်မြင်သံကြားချန်နယ် TF1 မှာ စကားပြောဆိုခဲ့စဉ်အတွင်း ပြင်သစ်ဝန်ကြီးချုပ် ဖိလစ်ပီက အစိုးရဟာ ဆန္ဒပြပွဲတွေပြုလုပ်ဖို့လိုအပ်တဲ့အချက်တွေကို လေးစားလိုက်နာမှုမရှိတဲ့သူတွေ၊ ခွင့်ပြုချက်မရရှိတဲ့ ဆန္ဒပြပွဲတွေမှာ ပါဝင်တဲ့သူတွေနဲ့ မျက်နှာဖုံးတွေဝတ်ဆင်ပြီး ဆန္ဒပြပွဲတွေကို ရောက်လာကြတဲ့သူတွေကို အပြစ်ပေးအရေးယူသွားမယ့် ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်အောင် လုပ်ဆောင်သွားမယ်လို့ဆိုထားပါတယ်။

ပြဿနာရှာတဲ့သူတွေ ဆန္ဒပြပွဲတွေမှာ မပါဝင်နိုင်အောင် ပိတ်ပင်မယ်။ ဘောလုံးသမားလူရမ်းကားတွေလည်း အားကစားရုံတွေကို ဝင်ရောက်ခွင့်ပိတ်ပင်ထားပြီလို့ ဆိုပါတယ်။ တကယ့်ဝန်ထုပ်ဝန်ပိုးက အခွန်ထမ်းပြည်သူတွေမဟုတ်တော့ဘဲ ပြဿနာရှာဖို့ ကြိုးစားနေတဲ့လူရမ်းကားတွေဖြစ်သွားပြီလို့ ၎င်းကပြောပါတယ်။

**မြို့နေလူတန်းစားတွေကို မျက်နှာသာပေး**

မော်တော်ယာဉ်လောင်စာဆီခွန် တိုးမြှင့်ကောက်ခံမှုနဲ့ပတ်သက်ပြီး စတင်လာခဲ့တဲ့ ဆန္ဒပြပြည်သူတွေရဲ့ဒေါသဟာ သမ္မတ မက်ခရွန်ရဲ့ ခေါင်းဆောင်မှုအပေါ် မကျေမနပ်ဖြစ်မှုတွေ ပိုပြီးကြီးထွားလာခဲ့ရပါတယ်။ ဆန္ဒပြပြည်သူတွေက သမ္မတမက်ခရွန်ဟာ မြို့နေလူတန်းစားတွေကို မျက်နှာသာပေးနေတယ်လို့ စွပ်စွဲနေကြပါတယ်။ ကျွန်ုပ်တို့ရဲ့ အဖွဲ့အစည်းအပေါ် မေးခွန်းထုတ်နေကြတဲ့သူတွေမှာ နောက်ဆုံးစကားလုံးဆိုတာ ရှိလာမှာမဟုတ်ဘူးလို့ မစ္စတာဖိလစ်ပီက တနင်္လာနေ့မှာ ပြောကြားလိုက်ပါတယ်။

**အစိုးရရဲ့အစီအစဉ်ကို လက်ခံကြိုဆို**

အစိုးရဘက်က တင်းမာတဲ့သဘောထားကို ဖော်ပြလာတဲ့လက္ခဏာ တစ်ခုအနေနဲ့ ရဲတွေဟာ ဆန္ဒပြခေါင်းဆောင်ဖြစ်တဲ့ ထရပ်ကားမောင်းသူ အဲရစ်ဒရိုဝက်ကို ပါရီမှာခွင့်ပြုချက်မရရှိဘဲ ဆန္ဒဖော်ထုတ်မှုကို စီစဉ်ခဲ့မှုနဲ့ ပြီးခဲ့တဲ့ရက်သတ္တပတ်က ဖမ်းဆီးခဲ့ပါတယ်။ ဆီးနိတ်လွှတ်တော်အမတ် ဘရူနိုရီတေလီယူက ဆန္ဒပြသူတွေကို နှိပ်ကွပ်မယ့် ဝန်ကြီးချုပ်ရဲ့ အစီအစဉ်တွေနဲ့ပတ်သက်ပြီး လက်ခံကြိုဆိုခဲ့သလို ဆန္ဒပြပွဲတွေမှာပါဝင်နေတဲ့ ပြဿနာရှာသူ လူရမ်းကားတွေကို ပြင်းပြင်းထန်ထန် အပြစ်ပေးအရေးယူသင့်တယ်လို့ တွစ်တာပေါ်မှာ ရေးသားထားပါတယ်။

**တစ်ပတ်ထက်တစ်ပတ် အခြေအနေပိုဆိုးလာ**

သို့သော်လည်း ရီပတ်ဘလစ်ကန်ပါတီခေါင်းဆောင် Laurent Wauquiez က အစိုးရရဲ့အစီအစဉ်ဟာ လုံလောက်မှုမရှိဘူး။ ဘာကြောင့်လဲဆိုတော့ ဒီလိုလုပ်တာဟာ ချက်ချင်းတော့ထိရောက်မှုရှိမှာမဟုတ်ဘူးလို့ တွစ်တာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ ၎င်းရဲ့ပါတီဟာ အရေးပေါ်အခြေအနေ တစ်ရပ်ထုတ်ပြန်ဖို့ အရင်အကြံပေးခဲ့တယ်။ ကျွန်ုပ်တို့ အကြံပေးတာကို ဘာလို့လက်မခံခဲ့သလဲ။ တစ်ပတ်ပြီးတစ်ပတ် အခြေအနေတွေ ဆိုးဆိုးလာတာကို မြင်ရဖို့ စွန့်စားနေသလားလို့လည်း ရေးသားထားပါသေးတယ်။

သို့သော်လည်းပဲ လက်ဝဲယိမ်း ခေါင်းဆောင် Jean Luc Melenchon က အစိုးရရဲ့အစီအစဉ်က ဆန္ဒဖော်ထုတ်သူတွေ ကြာကြာဆန္ဒပြနိုင်မှာမဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်ဆောင်လာနိုင်တယ်လို့ မှတ်ချက်ပေးခဲ့ပါတယ်။

**ဆန္ဒပြပွဲတွေဘယ်လောက်ထိ အခြေအနေဆိုးလာပြီလဲ**

ပြီးခဲ့တဲ့စနေနေ့က ဆန္ဒပြသူတွေဟာ ပါရီမြို့က Boulevard Saint Germain လမ်းပေါ်မှာ မီးရှို့ဖျက်ဆီးတာတွေကို စတင်လုပ်ဆောင်လာခဲ့ပါတယ်။ ပြင်သစ်လုံခြုံရေးတပ်ဖွဲ့တွေ၊ နိုင်ငံရဲ့အထင်ကရ နေရာတွေကို ဦးတည်တိုက်ခိုက်လာတဲ့ ဆန္ဒပြလှုပ်ရှားမှုတွေဟာဆိုရင် နိုင်ငံသားတွေ လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကို မေ့လျော့နေတဲ့ အခြေအနေကိုဖော်ပြနေတာကြောင့် ပြင်းပြင်းထန်ထန်ရှုတ်ချတယ်လို့ သမ္မတမက်ခရွန်က ပြောကြားခဲ့ပါတယ်။

**ဆန္ဒပြခေါင်းဆောင်တွေပေါင်းစည်း**

သမ္မတမက်ခရွန်က လောင်စာဆီခွန်တိုးမြှင့်ကောက်ခံမှုကို ပယ်ဖျက်မယ်လို့ ပြီးခဲ့တဲ့ဒီဇင်ဘာလအတွင်းက ပြေရာပြေကြောင်း ပြောဆိုခဲ့ပေမယ့် ဒါက ဆန္ဒပြပြည်သူတွေရဲ့ဒေါသတွေကို ငြိမ်းသွားအောင် မစွမ်းနိုင်ခဲ့ပါဘူး။ အခုဆိုရင် ဆန္ဒပြခေါင်းဆောင်တွေဟာ ပူးပေါင်းမိသွားကြပြီး ပူးပေါင်း နိုင်ငံရေး အင်အားစုတစ်ရပ် အနေနဲ့ ဆန္ဒပြလှုပ်ရှားမှုတွေ ဆက်လက်လုပ်ဆောင်သွားကြဖို့ ကြိုးပမ်းနေကြပြီဖြစ်တာမို့ အစိုးရအနေနဲ့ သတိကြီးကြီးထားပြီး စနစ်တကျအစီအမံတွေချပြီး ကိုင်တွယ်ဆောင်ရွက်ရတော့မယ့် အနေအထားဖြစ်နေပါပြီ။

တခြားမြို့ကြီးတွေဖြစ်ကြတဲ့ ဝူအွန်နဲ့ ခန်တို့မှာလည်း အဓိကရုဏ်းဖြစ်ပွားမှုတွေ မြင်တွေ့နေရပြီး နိုင်ငံတစ်ဝန်းက လမ်းတွေပေါ်မှာ ပြည်သူ ၅၀၀၀၀ လောက် ပါဝင်လှုပ်ရှားနေကြပါတယ်။ တောင်ပိုင်း တူလွန်မြို့က ဆန္ဒပြပွဲတစ်ခုမှာ ရဲအရာရှိကြီးတစ်ဦးက ပြည်သူတွေကို တိုက်ခိုက်ခဲ့တဲ့ ဗီဒီယိုဖိုင်တစ်ခု ပေါ်ထွက်လာပြီးနောက်မှာ စုံစမ်းစစ်ဆေးမှုတွေကို ဆက်လက်လုပ်ဆောင်နေပါတယ်။

**ကိုးကား-အေအက်ဖ်ပီ ၊ဆင်ဟွာ**

> “ပြင်သစ်ဝန်ကြီးချုပ် ဖိလစ်ပီက အစိုးရဟာ ဆန္ဒပြပွဲတွေကြေညာဖို့ လိုအပ်တဲ့အချက်တွေကို လေးစားလိုက်နာမှုမရှိတဲ့ သူတွေ၊ ခွင့်ပြုချက်မရရှိတဲ့ ဆန္ဒပြပွဲတွေမှာ ပါဝင်တဲ့သူတွေနဲ့ မျက်နှာဖုံးတွေဝတ်ဆင်ပြီး ဆန္ဒပြပွဲတွေကိုရောက်လာကြတဲ့ သူတွေကို အပြစ်ပေးအရေးယူသွားမယ့် ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်အောင် လုပ်ဆောင်သွားမယ်”

# စွန့်လွှတ်မြေများအား မူလတောင်သူများထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၃) ထုတ်ပေးခြင်းအခမ်းအနား ကျင်းပ




**အုတ်ဖို ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၆ ရက်က တပ်ရင်းတပ်ဖွဲ့များမှ ပြန်လည်စွန့်လွှတ်မြေများကို မူလတောင်သူများထံ လုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ် ပုံစံ(၃) ပေးအပ်ခြင်းအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးချုပ် ဦးဝင်းသိန်းက သိမ်းဆည်းခံခဲ့ရသည့် လယ်ယာမြေများအတွက် တောင်သူများ နစ်နာမှုမရှိစေရေး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းပြီး တောင်သူများ၏ တွေ့ကြုံနေရသည့် အခက်အခဲများကို ဦးစားပေးဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် လုပ်ပိုင်ခွင့်ပြန်လည်ရရှိသည့် လယ်ယာမြေပေါ်တွင် စိုက်ပျိုးနည်းစနစ် မှန်ကန်စွာဖြင့် အရည်အသွေးပြည့်မီသော သီးနှံများထွက်ရှိအောင် စိုက်ပျိုးကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ကူညီဆောင်ရွက်ပေးနေသကဲ့သို့ တောင်သူများအနေဖြင့်လည်း ဥပဒေနှင့်အညီ တောင်သူအချင်းချင်း စည်းလုံးညီညွတ်စွာ စိုက်ပျိုးလုပ်ကိုင်ကြစေလိုကြောင်း၊ သားစဉ်မြေးဆက် လုပ်ကိုင်ခွင့်ရရှိစေရန် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိရေးအတွက်လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သာယာဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးက စွန့်လွှတ်မြေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အုတ်ဖိုမြို့နယ် အေးမြသာယာကျေးရွာအုပ်စုအတွင်းရှိ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၂၄၈ ဒသမ ၅၉ ဧက ယာယီပုံစံ(၃) လျှောက်ထားသူ တောင်သူ ၉၁ ဦးကိုယ်စား တောင်သူ ကိုးဦးထံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် **(ဝဲပုံ)**၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းတို့က ယာယီပုံစံ(၃) လက်မှတ်များ ပေးအပ်ကြကြောင်း သိရသည်။

**ဟိန်းထက် (ပဲခူး)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ ရှိ ဗထူးအားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ တက်ရောက်၍ အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ခရိုင် ခုနစ်ခရိုင်မှပြိုင်ပွဲဝင် အမျိုးသမီး ခုနစ်သင်းတို့မှ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ယင်းနောက် တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ အားကာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဝင်များနှင့်အတူ မန္တလေးခရိုင်အသင်းနှင့် ကျောက်ဆည်ခရိုင်အသင်းတို့ ပထမပွဲစဉ်ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ ယင်းပွဲစဉ်တွင် မန္တလေးခရိုင်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အုပ်စု(က)၌ မန္တလေးခရိုင်၊ မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင်အသင်း၊ အုပ်စု(ခ) တွင် ညောင်ဦးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မြင်းခြံခရိုင်နှင့် ရမည်းသင်းခရိုင်အသင်းတို့ ပါဝင်ကြကာ ပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက်မှ ၁၆ ရက်အထိ ဆက်လက်ယှဉ်ပြိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**




# ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝူရှူး(ဆန်းဆို)ပြိုင်ပွဲတွင် ပထမဒိုင်းဆုရ တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့အား ဂုဏ်ပြု

**ထားဝယ် ဇန်နဝါရီ ၈**

တရားသဖြင့်ယှဉ်ပြိုင်၊ နိုင်အောင်ကြိုးပမ်း ယှဉ်ပြိုင်လျှင် နိုင်ရမည် ဆောင်ပုဒ်များနှင့်အညီ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝူရှူး(ဆန်းဆို)ပြိုင်ပွဲတွင် ပထမဒိုင်းဆု ဆွတ်ခူးရရှိသော တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့က ထားဝယ်မြို့တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်က ဝူရှူးအားကစားနည်းသည် ပြိုင်ပွဲဝင် အားကစားအမျိုးအစားများအနေဖြင့် ထောက်လု၊ ဆန်းဆို နှစ်မျိုးရှိပြီး တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ပိုမိုထူးချွန်သော ဆန်းဆိုအတိုက်အားကစားနည်းကို တိုင်းဒေသကြီးအတွင်း အမြဲလေ့ကျင့်နေသော လက်ဝှေ့အားကစားသမားများနှင့် ထားဝယ်မြို့၌ စခန်းဝင်လေ့ကျင့်ပြီး တိုင်းဒေသကြီး၊ ပြည်နယ် ဝူရှူးပြိုင်ပွဲကို စေလွှတ်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအနေဖြင့် ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သော ဒိုင်းဆုတစ်ခုဖြစ်ပြီး သမိုင်းအသစ်ကို ရေးထိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီး ဝူရှူး (ဆန်းဆို)အဖွဲ့အနေဖြင့် ရရှိပြီးသော အောင်မြင်မှုများကို အနာဂတ်သို့ တိုင်အောင် ထိန်းသိမ်းသယ်ဆောင်သွားနိုင်ရန်အတွက် မလျှော့သောဇွဲ၊ လုံ့လဝီရိယ၊ အားမာန်၊ စိတ်ဓာတ်များနှင့် ဆက်လက်ကြိုးပမ်း အားထုတ်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝူရှူး (ဆန်းဆို) အသင်းအုပ်ချုပ်သူ ဦးကျော်စိုးမိုးက ပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်မှုအပေါ် တွင် ဆုရရှိခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရရှိလာသောဆုဖလားကို တာဝန်ရှိသူများက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အပ်နှံသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးနှင့် ပြည်နယ် ဝူရှူး (ဆန်းဆို)ပြိုင်ပွဲတွင် ပထမဒိုင်းဆု ဆွတ်ခူးရရှိသော တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် ၁၂ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# သရက်မြို့ စည်ပင်သာယာဈေးနှင့် ကလေးအားကစားကွင်းနေရာ ကြည့်ရှု

**သရက် ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထင်အောင်တို့သည် ဇန်နဝါရီ ၆ ရက်က သရက်မြို့ စည်ပင်သာယာရေးအဖွဲ့ရုံးတွင် သရက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဒေါ်အေးယုမော်၊ အမှတ်(၂) ဦးဇော်မိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် ကော်မတီဝင်များ၊ စည်ပင်အမှုဆောင်အရာရှိ ဦးသိန်းနိုင်၊ အင်ဂျင်နီယာ ဦးသန်းဦးတို့နှင့် တွေ့ဆုံပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်သာယာလှပရေး၊ လမ်းဘေးပျံ့ကျဈေးသည်များကိစ္စ၊ စည်ပင်သာယာဈေးကြီးအတွင်း၊ ဈေးဆိုင်ခန်းများ အခြေအနေတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည်၊ စည်ပင်သာယာဈေးကြီးအတွင်း၊ အပြင် ဈေးဆိုင်ခန်းများ၊ ဆုတောင်းပြည့်ဘုရားလမ်း၊ သံကြိုးလမ်း၊ ပရိက္ခရာလမ်း၊ ရွှေဘုံသာဘုန်းကြီးကျောင်းဘေး၊ ပျံ့ကျဈေးသည်များ ဈေးခင်းရောင်းချနေမှု အခြေအနေများကို မှာကြားခဲ့သည်။

ဆက်လက်၍ မီနီဘတ်ဂျက်ဖြင့် ဆောင်ရွက်ခဲ့သည့် ဘောဂလမ်း (ထောင့်ကြီးလမ်း)၊ ကန်တော်ပင်လမ်း ကတ္တရာလမ်းခင်းပြီးမှု အခြေအနေတို့ကို ကြည့်ရှုခဲ့ပြီး ကျွန်းသာယာပန်းဥယျာဉ် ပြုပြင်ဆောင်ရွက်ရန်နှင့် ကလေးကစားကွင်းများ တည်ဆောက်ရန် နေရာများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး (သရက်)**

# ဒိုင်းနက်(ခေါ်) သက္ကမလူမျိုးတို့၏ အမျိုးသားနေ့ စည်ကားသိုက်မြိုက်စွာကျင်းပ

**ဘူးသီးတောင် ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ်အတွင်းရှိ ဒိုင်းနက်(ခေါ်) သက္ကမလူမျိုးများ၏ (၈) ကြိမ်မြောက် အမျိုးသားနေ့ကို ယမန်နေ့နံနက် ၉ နာရီက ဘူးသီးတောင်မြို့နယ် မြောက်ပိုင်း လောင်းချောင်းကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ဒိုင်းနက်ရိုးရာဓလေ့ အဆို၊ အက၊ အတီး၊ အမှုတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဒိုင်းနက်(ခေါ်)သက္ကမအမျိုးသားနေ့ကို ၎င်းတို့လူမျိုးများ၏ မူရင်းအမည်ဖြစ်သည့် သက္ကမအမည်ပြန်လည်အသက်ဝင်လာစေရန်၊ မိခင်ဘာသာစကားနှင့် စာပေများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ယဉ်ကျေးမှု ရိုးရာအဝတ်အစား ပြန်လည်ရှင်သန်လာစေရန်နှင့် နိုင်ငံတကာတွင် ရောက်ရှိနေသည့် သက္ကမလူမျိုးများနှင့် အပြန်အလှန်ဆက်သွယ်လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ကျင်းပရေးကော်မတီမှ တာဝန်ရှိသူ ဦးထွန်းဖြူက ပြောသည်။

ဒိုင်းနက်လူမျိုးများသည် မြို၊ ခမီ၊ သက်၊ မာရမ္မာကြီး အစရှိသော ရခိုင်တိုင်းရင်းသား မျိုးနွယ်စုဝင်များဖြစ်ပြီး ဘူးသီးတောင်၊ မောင်တောအပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ ပျံ့နှံ့နေထိုင်လျက်ရှိကြောင်း၊ ဒိုင်းနက်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ပျောက်ပျက်မသွားစေရန် ဒေသနေ ဒိုင်းနက်လူမျိုးများက ဆက်လက်ထိန်းသိမ်းထားကြကြောင်း သိရသည်။

ဒိုင်းနက်(ခေါ်) သက္ကမလူမျိုးတို့၏ အမျိုးသားနေ့ကို ၂၀၁၂ ခုနှစ်က စတင်ကျင်းပလာခဲ့ပြီး ပထမဆုံးအကြိမ်ကို မင်းပြားမြို့နယ် လက်ပန်ကုန်းကျေးရွာတွင် ကျင်းပခဲ့ကြောင်း၊ နှစ်စဉ်ရခိုင်ပြည်နယ်အတွင်းရှိ ဒိုင်းနက်လူမျိုးများ နေထိုင်ရာမြို့နယ်များကို ရွေးချယ်ကာ ကျေးရွာများ၌ ကျင်းပလေ့ရှိကြောင်း၊ ယခုနှစ် ဒိုင်းနက်(ခေါ်) သက္ကမလူမျိုးများ၏ (၈)ကြိမ်မြောက် အမျိုးသားနေ့ကို



ဘူးသီးတောင်မြို့နယ် လောင်းချောင်းကျေးရွာကို ရွေးချယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းအောင်သိန်း၊ ဘူးသီးတောင်မြို့နယ် ရခိုင်အမျိုးသားပါတီ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ ရခိုင်မျိုးနွယ်စုဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သစ်သီးတင်ပို့သည့် နယ်စပ်ကုန်သွယ်ရေးဂိတ်အသစ် ထပ်တိုးဖွင့်ရန် စီစဉ်နေ

**မူဆယ် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဖရဲ၊ သခွား၊ သစ်သီးများ တင်ပို့ရာတွင် အသုံးပြုခဲ့သည့် ကျင်စန်းကျော့ဂိတ်ကို တရားဝင် နယ်စပ်ဂိတ်ဖြစ်လာစေရန်စီစဉ်ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ပြောသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အပါအဝင် သက်ဆိုင်သောဝန်ကြီးဌာန အချင်းချင်းပေါင်းစပ်ညှိနှိုင်းပြီး တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံဝင်ထွက်ဂိတ်အသစ်ဖွင့်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။




မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ သစ်သီးတင်ပို့နေသည့် ကျင်စန်းကျော့လမ်းကြောင်းကို နှစ်နိုင်ငံအစိုးရ တာဝန်ရှိသူများက တရားမဝင် ကုန်သွယ်လမ်းကြောင်းဟု ဆိုကာ ဒီဇင်ဘာလနောက်ဆုံးပတ်၌ ပိတ်လိုက်ပြီးနောက် သစ်သီးတင်ယာဉ်များ ထောင်နှင့်ချီ၍ မူဆယ်မြို့တွင်ပိတ်ဆို့နေခဲ့ကြောင်း သိရသည်။

သစ်သီးယာဉ်တစ်စီးကို မြန်မာငွေကျပ်သိန်း ၃၀ မှ ၄၀ ကြား ဆုံးရှုံးနစ်နာမှုများ ရှိနေသည့်အတွက် သစ်သီးကုန်သည်များက ယခင်ပို့နေကျ လမ်းကြောင်းဖြစ်သော ကျင်စန်းကျော့ဂိတ်ကို တရားဝင်ဖွင့်ပေးရန်နှင့် တရားဝင်ဖွင့်ခွင့်မပြုမီတွင်လည်း ယာယီပြန်လည် ဖွင့်လှစ်ပေးရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် တင်ပြခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့် (ပြန်/ဆက်)**

# ဗန်းမောက်မြို့နယ်၌ စတုတ္ထမြောက် ပေ ၆၀ သံပေါင်ဘေလီတံတား ကိုယ့်အားကိုယ်ကိုး တည်ဆောက်မည်

**ဗန်းမောက် ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စုတွင် ဗန်းမောက်မြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်သို့ ဆက်သွယ်သွားလာနိုင်သည့် စတုတ္ထမြောက် ပေ ၆၀ သံပေါင် ဘေလီတံတားကို ဇန်နဝါရီ ၁၅ ရက်တွင် ကိုယ့်အားကိုယ်ကိုး စတင်ဆောက်လုပ်တော့မည် ဖြစ်သည်။

အဆိုပါတံတားမှာ မံအင်-နောင်ကွတ် မံစီကြီးလမ်းမပေါ်ရှိ နမ့်ခမ်းချောင်းကိုဖြတ်၍ ကမ်းကပ်ခုံအုတ်တိုင် နှစ်တိုင် ရေလယ်တိုင်တစ်တိုင်တို့ဖြင့် အရှည်ပေ ၆၀ ရှိသော သံပေါင်ဘေလီတံတားကို ဂိုးဒင်းဇော်ကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးဇော်က ငွေကျပ်သိန်း ၁၆၀ မတည်၍ တံတား ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဌေး (ရွှေမြရိပ်ကုမ္ပဏီ-မန်နေဂျင်း ဒါရိုက်တာ) နှင့် အကျိုးတော်ဆောင် ကော်မတီများ၊ မံအင်မင်း ကုန်းအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် ဒေသခံ အလှူရှင်များက မြို့နယ် လမ်း၊ တံတား ဆောက်လုပ်ရေးအင်ဂျင်နီယာ၏ တွက်ချက်မှုဖြင့် ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၁၀၀၀ကျော် အကုန်အကျခံ ၍ ဇန်နဝါရီ ၁၅ရက်တွင် စတင်ဆောက်လုပ်တော့မည်ဖြစ်သည်။

အဆိုပါ တံတားဖြစ်မြောက်ရေးအတွက် ရွှေမြရိပ်ကုမ္ပဏီ -မန်နေဂျင်း ဒါရိုက်တာ ဦးတင်ဌေး၊ မံအင်မင်းကုန်း အုပ်စုဥက္ကဋ္ဌ၊ တံတားဖြစ်မြောက်ရေး အကျိုးတော်ဆောင် ကော်မတီဝင်များနှင့် အလှူရှင်များက ဇန်နဝါရီ ၇ ရက်တွင် မံအင်မင်းကုန်း အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံကာ ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။



ယင်းတံတားမှာ ဗန်းမောက်မြို့နယ်မှ ဟုမ္မလင်းမြို့နယ်သို့ ဆက်သွယ်သွားလာရေးတွင် အရေးပါသော စတုတ္ထမြောက် ကိုယ့်အားကိုယ်ကိုး တည်ဆောက်မည့် သံပေါင်ဘေလီတံတားဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် သရက်ကုန်း-ကူးဆိပ်ချောင်းကြီး ချောင်းကူး သံပေါင်ဘေလီတံတားအရှည် ၂၄၃ ပေကို လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် အရှေ့ကုန်း-မင်းကုန်း ချောင်းကြီး ချောင်းကူး သံပေါင်ဘေလီတံတား အရှည် ပေ ၁၂၀ ကို လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နောင်ကွတ်-မံစီ နမ္မားချောင်းကူး သံပေါင်ဘေလီတံတား အရှည် ပေ ၁၄၀ ကို လည်းကောင်း ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ပြီး ဇန်နဝါရီ ၁၅ ရက်တွင် အမှတ်(၄) နမ့်ခမ်း ချောင်းကူးသံပေါင် ဘေလီတံတား အရှည်ပေ ၆၀ တို့ကို ကိုယ့်အားကိုယ်ကိုး ဆက်လက်ဆောက်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**နီတိုး**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ရန်ပုံငွေများပေးအပ်

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ပထမအကြိမ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး(သိန်းတစ်ထောင်)ကို ပထမအရစ်ဖြင့် ရန်ပုံငွေပေးအပ်ပွဲကို ယနေ့ နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး စီမံချက်တွင်ပါဝင်သော ရပ်ကွက်၊ ကျေးရွာအုပ်စုရှိ ကျေးရွာများကို ပထမအရစ်ဖြင့်၅၀ရာခိုင်နှုန်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောတင်ဝင်း ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောယှားဖောင်အွာနှင့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝေယံကျော်တို့က သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

**မျိုးမင်းဦး (ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်မှ မီးဘေးသင့်ပြည်သူ ၄၈ ဦးအား ထောက်ပံ့

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်မြို့ မြောက်ဥက္ကလာပ မြို့နယ် (၅) ရပ်ကွက် ခွာညိုလမ်းတွင် ဇန်နဝါရီ ၄ ရက်က ပိုင်ရှင်ဒေါ်ခင်ကြွယ်၏ နေအိမ် လျှပ်စစ်မီတာဘောက်ရှိ ခေါမိန်းအပူလွန်ကဲကာ မီးစတင်လောင်ကျွမ်းခဲ့ရာ သွပ်မိုး၊ ထရံကာနေအိမ်လေးလုံး၊ သွပ်မိုး၊ ပျဉ်ကာ နေအိမ်နှစ်လုံး၊ အုတ်ညှပ်ပျဉ်ထောင် နှစ်ထပ်တိုက်တစ်လုံး၊ အာရ်စီတိုက်နှစ်လုံး စုစုပေါင်း အိမ်ခြေကိုးလုံး မီးလောင်ခဲ့သည်။

မီးဘေးသင့် အိမ်ထောင်စု ၂၀ မှ လူဦးရေ ၄၈ ဦးတို့အား မရမ်းကုန်းမြို့နယ် အမှတ် ၃ ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (ရန်ကုန်) တိုင်းဒေသကြီးဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးဝင်းရွှေနှင့် ဝန်ထမ်းများက အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၊ ဆန်ရိက္ခာ ခုနစ်ရက်စာ၊ အိမ်ထောင်စု ၂၀ အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ ကလေးကျောင်းဝတ်စုံ ခြောက်စုံနှင့် စောင် အထည် ၄၀၊ ဒန်အိုး အလုံး ၂၀ ၊ ရေသန့်ငါးလီတာဘူး ၂၀၊ စားဆီ ငါးပိဿာဝင် သုံးပုံး၊ အဝတ်အထည်သုံးထုပ်ကို ယာယီ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ မီးဘေးသင့်ပြည်သူများ လက်ဝယ်သို့ တာဝန်ရှိသူများက ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**



## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၈-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၈၉၀ | ကျပ် | ၈၈၅/၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၉၀၀ | ကျပ် | ၈၉၅/၉၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၇၀/၇၀၀ | ကျပ် | ၇၃၀/၇၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၅၅/၇၈၅ | ကျပ် | ၈၂၀/၈၂၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၇ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၆၂ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၃၃ · ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၆၄ · ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၁၅ · ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၇ · ၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၄ · ၃၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ · ၀၁၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၇ · ၃၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၃ · ၇၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ · ၀၇၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ဖိုးချစ်နှင့် ထာဝရဝိန့်စိန်တို့ ပူးပေါင်း၍ ပညာရေးပရဟိတလုပ်ငန်းများ လုပ်ဆောင်သွားမည်

ဖိုးချစ်နှင့် ထာဝရဝိန့်စိန် အဆင့်မြင့်စိန်ရွှေဆိုင်တို့ ပူးပေါင်း၍ ဆောင်ရွက်သွားမည့် ပရဟိတလုပ်ငန်းများနှင့် ပတ်သက်၍ သတင်းမီဒီယာများအား တရားဝင် ရှင်းလင်းပွဲကို ဇန်နဝါရီ ၇ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ဖိုးချစ်က "ကျွန်တော်နဲ့ ထာဝရဝိန့်စိန်နဲ့ ပူးပေါင်းပြီးတော့ ပရဟိတအလှူလေးတွေ လှူမယ်၊ ကျွန်တော် ဇာတ်ကရာ ဒေသတွေမှာ ကျောင်းသင်ထောက်ကူပစ္စည်းလေးတွေ၊ ကျန်တဲ့ လိုအပ်ချက်ရှိတာလေးတွေ၊ ကျွန်တော်တို့ပုံလေးတွေနဲ့ရိုက်ထားတဲ့စာအုပ်လေးတွေ လှူမယ်၊ ကျွန်တော် ထာဝရဝိန့်စိန်နဲ့ ပူးပေါင်းဆောင်ရွက်တဲ့အကြောင်းကတော့ သူတို့က ပညာရေးအတွက် လှူသွားမယ်ဆိုလို့ပါ၊ နိုင်ငံရဲ့ အသက်သွေးကြောက ပညာရေးလေ၊ အဲဒီလို ပညာရေးကို အဓိကထားဦးစားပေးတဲ့အတွက်လည်း ထာဝရဝိန့်စိန်ကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်ကလည်း ကျွန်တော်တို့တတ်နိုင်တဲ့ဘက်က နေပြီးတော့ ပညာရေးနဲ့ပတ်သက်ပြီး ပူးပေါင်းလုပ်ဆောင်သွားချင်ပါတယ်၊ လူငယ်တွေကို ပြုစုပျိုးထောင်ပြီးတော့ အကူအညီပေးလိုက်ခြင်းအားဖြင့် အနာဂတ်ရဲ့နိုင်ငံကို တည်ဆောက်လိုက်တာဖြစ်ပါတယ်၊ စတုဒိသာလှူရင် စားနေတဲ့အခိုက်အတန့်ပေါ့၊ စားတယ်၊ စားပြီးတဲ့အချိန်မှာ ပြီးသွားပြီ၊ ပညာရေးလှူဒါန်းတာကတော့ တစ်သက်တာအတွက် ရင်းနှီးမြှုပ်နှံဖို့ပေါ့၊ အနာဂတ်အတွက်လည်း လှူပြီးသားဖြစ်တယ်"ဟု ဖိုးချစ်က ပြောသည်။

ထာဝရဝိန့်စိန်ရွှေဆိုင်မှ မသီရိဆွေကလည်း ယခုလို ဖိုးချစ်နှင့်ပူးပေါင်းပြီး ပညာရေးပရဟိတ ဆောင်ရွက်မှုနှင့်ပတ်သက်၍ "ကျွန်မတို့ လာမယ့်ကျောင်းဖွင့်ကာလမှာ ကိုဖိုးချစ်ပုံနဲ့ စာအုပ်တွေကို ကိုဖိုးချစ်နဲ့အတူ ကျွန်မတို့ ပူးပေါင်းပြီးတော့ ကျောင်းတွေမှာ သွားရောက်လှူဒါန်းသွားမှာပါ၊ ကျွန်မတို့ ဝိန့်စိန်က အရင်တုန်းကတည်းက ပညာရေးအတွက် ဘကကျောင်းလည်း နှစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်၊ ဒါ့အပြင် ဘိုးဘွားရိပ်သာ၊ လျှပ်စစ်မီးမရှိတဲ့နေရာတွေအတွက် လျှပ်စစ်မီး၊ ရေရှားတဲ့နေရာတွေအတွက် ရေတွင်းတွေနဲ့ ကျန်းမာရေးအတွက်လည်း အခမဲ့ ဆေးကုသမှုတွေ လုပ်ပေးဖြစ်ပါတယ်၊ ကိုဖိုးချစ်နဲ့ အလုပ်တွေလည်း အတူလုပ်ဆောင်ဖြစ်တာမို့ ပူးပေါင်းဆောင်ရွက်တာပါ၊ ကိုဖိုးချစ်က အဆက်အသွယ် ပိုများတာကြောင့် တကယ်လိုအပ်တဲ့နေရာတွေကို ထိထိရောက်ရောက် ပို့ဆောင်လှူဒါန်းနိုင်ဖို့ ခုလိုဆောင်ရွက်ဖြစ်တာပါ"ဟု ပြောသည်။

**ကိုလင်း**



# အကယ်ဒမီ နေတိုး ၂၀၁၉ တွင် ဇာတ်ကားရိုက်ကူးမှု နည်းသွားမည်

သရုပ်ဆောင် အကယ်ဒမီ နေတိုးအနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်သွားမည့် အနုပညာလှုပ်ရှားမှုများနှင့်ပတ်သက်၍ ပြောပြခဲ့ရာ ယခုနှစ်တွင် ယခင်နှစ်များထက် ရုပ်ရှင်ကားအရေအတွက် လျော့နည်း၍ ရိုက်ကူးဖြစ်မည်ဖြစ်ကြောင်းနှင့် ဇာတ်ရုပ်ပိုင်း ကောင်းမွန်ရေးအတွက် ကြိုးစားသွားမည်ဟု သိရသည်။

"၂၀၁၉ မှာ အနုပညာနဲ့ပတ်သက်ပြီးတော့ပဲ ကျွန်တော်တို့ အားထုတ်သွားဖို့ရှိပါတယ်၊ အထူးသဖြင့် ရုပ်ရှင်ပေါ့၊ သရုပ်ဆောင်ပိုင်းနဲ့ပတ်သက်ပြီး ဖန်တီးမှုတွေကို ကျွန်တော် ပိုပြီးအားထုတ်သွားမယ်၊ ပရိသတ်တွေ အခုထက်မက စိတ်ကျေနပ်မှုရှိစေနိုင်မယ့် ဇာတ်ရုပ်ဖန်တီးမှုတွေကိုပဲ ကြိုးစားပြီး ဖန်တီးသွားမှာပါ၊ နောက်တစ်ခုက ဒီနှစ်ထဲမှာ ကျွန်တော် ဇာတ်ကားတွေကို အများဆုံး ခုနစ်ကား၊ ရှစ်ကား ဝန်းကျင်လောက်မှာပဲ ရိုက်ဖြစ်တော့မှာပါ၊ ကုန်ခဲ့တဲ့နှစ်တွေကတော့ ကားတွေများတယ်"ဟု နေတိုးက ပြောသည်။

လက်ရှိတွင် 'နှင်းဆီပဝါခြုံတဲ့လက်'အငြိမ့်အတွက် ပြင်ဆင်နေမှုများနှင့် ပတ်သက်၍လည်း နေတိုးက "ဇန်နဝါရီလ ၁၁ ရက်နဲ့ ၁၂ ရက်မှာ တော်ဝင်ဂါးဒင်းဟိုတယ်မှာ ပြုလုပ်မယ့်ပွဲအတွက် ကျွန်တော်တို့ အကတိုက်နေကြတယ်၊ ပြက်လုံးတွေ တိုက်နေကြပါပြီ၊ ပြင်ဆင်နေတာတော့ တစ်လလောက်ရှိပါပြီ၊ နှင်းဆီပဝါခြုံတဲ့လက်က ထူးထူးခြားခြားပါ၊ နှင်းဆီရင်ခွင်ဖောင်ဒေးရှင်းကနေ နောက်ထပ် ဖောင်ဒေးရှင်းတစ်ခုကို အလှူငွေပေးအပ်တဲ့အနေနဲ့ ကဖြစ်တာပါ၊ အခုအချိန်အထိ ကျွန်တော်တို့မြတ်နိုးတဲ့ ပညာရပ်တစ်ခုနဲ့ နိုင်သလောက်လေး လှူဒါန်းခွင့်ရနေတာ ပရိသတ်ကို ကျေးဇူးတင်တယ်လို့ ပထမဆုံး ပြောချင်ပါတယ်၊ အငြိမ့်နဲ့ပတ်သက်ပြီး အားလုံးသိကြတဲ့အတိုင်းပါပဲ၊ နှစ်တိုင်း ကျွန်တော်တို့ ကြိုးစားပြီးတော့ ပရိသတ်ကို ဖျော်ဖြေနေကြတာပါ၊ ဒီနှစ်လည်း နှင်းဆီရဲ့ တန်ဖိုးတစ်ခုအတိုင်း မလျော့သောဖန်တီးတင်ဆက်မှုတွေနဲ့ပဲ သွားမယ်၊ နှစ်စဉ်နှစ်တိုင်း ထူးခြားမှုလေးတွေက ရှိနေတာဆိုတော့ ဒီနှစ်လည်း ကြိုးစားနေတုန်းပါပဲ၊ ရာခိုင်နှုန်း ၈၀ လောက်ကတော့ စိတ်ကျေနပ်မှု ရှိပါတယ်၊ ကျန်တာကိုတော့ ရာနှုန်းပြည့်ဖြစ်အောင် ထပ်ကြိုးစားနေပါတယ်"ဟု နေတိုးက ပြောသည်။

ဇန်နဝါရီ ၁၁ ရက်တွင် စတင်ကပြတော့မည့် 'နှင်းဆီပဝါခြုံတဲ့လက်' အငြိမ့်ကို မူလက နှင်းဆီညီအစ်ကိုအငြိမ့် အမည်ဖြင့် ကပြဖျော်ဖြေရန် စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုကဲ့သို့ အမည်ပြောင်းလဲသွားခဲ့ကြောင်း သိရသည်။

**ကိုလင်း**



# နီနီခင်ဇော်ကို သရုပ်ဆောင်တစ်ဦးအဖြစ် တွေ့ရဦးမည်မဟုတ်ဟုဆို

MRTV-4 Channel ၏ လူကြိုက်အများဆုံး အစီအစဉ်တစ်ခုဖြစ်သည့် The Voice Myanmar သီချင်းဆိုပြိုင်ပွဲကြီးတွင် အကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ပါဝင်ထားသည့် အဆိုတော် နီနီခင်ဇော်အား ယခုနှစ် The Voice Myanmar ပြိုင်ပွဲအတွက် ဒုတိယအကြိမ်မြောက် အကဲဖြတ်ဒိုင်အဖြစ်လည်း ထပ်မံတွေ့ရဦးမည်ဖြစ်ကြောင်းနှင့် သရုပ်ဆောင်တစ်ဦးအဖြစ်နှင့်မူ တွေ့မြင်ရဦးမည်မဟုတ်ကြောင်း နီနီခင်ဇော်က ပြောသည်။

"နှစ်သစ်မှာ နီနီ ပထမဆုံးလုပ်ရမယ့်အလုပ်က The Voice Myanmar သီချင်းဆိုပြိုင်ပွဲရဲ့အကဲဖြတ်ဒိုင်အလုပ်ပါပဲ၊ ဒုတိယအကြိမ် ပြန်လုပ်ခွင့်ရတဲ့အပေါ် ရင်ခုန်မှုအပြည့်ရှိတယ်၊ ဒီနှစ်ကတော့ သူတို့ Theme တွေလည်း ပြောင်းထားတယ်၊ ပြီးတော့ တချို့အပတ်တွေမှာဆိုရင် အသစ်တွေ ထပ်တိုးထားတာရှိပါတယ်၊ ပရိသတ်တွေ ဒီတစ်ခေါက်မှာကြည့်ရတာ ပိုပြီးတော့ ပျော်စရာလည်းကောင်းမယ်၊ စိတ်လှုပ်ရှားစရာလည်း ပိုကောင်းလိမ့်မယ်လို့ ထင်ပါတယ်၊ အဓိကကတော့ The Voice က အသံပါပဲ၊ ရုပ်ကိုလည်း ကြည့်ခွင့်မရဘူး၊ ယောကျ်ားလေးလား၊ မိန်းကလေးလားလည်း ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး၊ အဲဒီအတွက် အသံကိုပဲ ကြည့်ရမှာပါ၊ ဒါကြောင့် ရင်ခုန်ပါတယ်၊ အခု ဇန်နဝါရီလမှာပဲ Blind Audition စပြီး ရိုက်ကူးတော့မယ်"ဟု နီနီခင်ဇော်က ပြောသည်။

နီနီခင်ဇော်အနေဖြင့် ခင့်မှာတမ်းသီချင်းတွင် သရုပ်ဆောင်ခြင်းကို ပရိသတ်ကြိုက်နှစ်သက်မှုရှိခဲ့သောကြောင့် နောက်ပိုင်းတွင် သရုပ်ဆောင်ဘက်သို့ကူးရန် အစီအစဉ်ရှိမရှိ မေးမြန်းခဲ့ရာ "ဒါတော့ မပြောပြသေးဘူး၊ ပရိသတ်က ဆက်ပြီးကြည့်ပါလို့ ပြောချင်ပါတယ်၊ မပြောပြချင်သေးဘူးဆိုတာက နီနီက သရုပ်ဆောင်ချည်းသီးသန့်လုပ်ဖို့ အစီအစဉ်တော့ မရှိသေးပါဘူး၊ ဝါသနာ မပါသေးပါဘူး၊ နီနီက သီချင်းဆိုတာ ပျော်တယ်၊ သီချင်းဆိုတဲ့အလုပ်ကိုပဲ လုပ်ချင်ပါတယ်"ဟု ပြောသည်။

**ကိုလင်း**



# မြို့ကြီးခြောက်မြို့၌ The Evolution Music ဂီတဖျော်ဖြေပွဲကြီး ကျင်းပသွားမည်

ပြည်တွင်းရှိ မြို့ကြီးခြောက်မြို့ဖြစ်သော မန္တလေး၊ မော်လမြိုင်၊ ပြည်၊ မြိတ်၊ တောင်ကြီးနှင့် မုံရွာမြို့များတွင် The Evolution ခေါင်းစဉ်ဖြင့် ကြီးကျယ်ခမ်းနားသော တေးဂီတဖျော်ဖြေပွဲကြီးကို မြန်မာဘီယာ၏ စီစဉ်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

The Evolution ၏ အဆိုပါ မြို့ကြီးခြောက်မြို့ ဖျော်ဖြေပွဲများအနက် ပွဲဦးထွက် ဖျော်ဖြေပွဲကို ၂၀၁၈ ဒီဇင်ဘာ ၂၅ ရက်က မော်လမြိုင်မြို့၌ စည်ကားစွာ ကျင်းပခဲ့ပြီး နာမည်ကြီးတေးသံရှင်များဖြစ်သော J-Me၊ X-Box၊ လွှမ်းပိုင်၊ အိမ့်ချစ်၊ မိစန္ဒီတို့နှင့်အတူ အထူးဧည့်သည်အဆိုတော် နီနီခင်ဇော်တို့က တေးသီချင်းပေါင်းများစွာဖြင့် ဖျော်ဖြေခဲ့သည်။



The Evolution ၏ ၂၀၁၉ ခုနှစ်အတွက် ပထမဆုံး ဖျော်ဖြေပွဲကြီးကို ဇန်နဝါရီ ၂၆ ရက်တွင် ပြည်မြို့၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး နာမည်ကြီးအဆိုတော်များဖြင့် ခမ်းနားကြီးကျယ်စွာ တင်ဆက်သွားမည်ဖြစ်ကြောင်း၊ ပွဲနှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို ဖေ့စ်ဘုတ်စာမျက်နှာ www.facebook.com/TheEvolution တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

မြန်မာဘီယာ၏ စီစဉ်မှုဖြင့် The Evolution ပွဲကြီးကို ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်က ရန်ကုန်မြို့တွင် စတင်တင်ဆက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ရန်ကုန်နှင့် မန္တလေးမြို့များ၌ တင်ဆက်ခဲ့ကာ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အခြားမြို့ကြီးများဖြစ်သော မုံရွာ၊ တောင်ကြီး၊ မော်လမြိုင်နှင့် မကွေးမြို့များတွင် မိတ်ဆက်ခဲ့ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ဖခင်ဖြစ်သူရဲ့ကျန်းမာရေးကြောင့် ဘရစ်တနီစပီးယား ဖျော်ဖြေပွဲ ရွှေ့ဆိုင်း

အဆိုတော်လည်းဖြစ်၊ ရုပ်ရှင်သရုပ်ဆောင်လည်းဖြစ်တဲ့ ဘရစ်တနီစပီးယားဟာ လတ်တလောမှာ မိသားစုကို အချိန်ပေးနေရတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ လက်စ်ဗီးဂတ်မှာ ပြုလုပ်မယ့် ရှိုးပွဲကို ရွှေ့ဆိုင်းဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ Domination လို့ အမည်ရတဲ့ ဖျော်ဖြေပွဲကို ဖေဖော်ဝါရီလအထိ ရွှေ့ဆိုင်းလိုက်တယ်လို့ သိရပါတယ်။

ဘရစ်တနီစပီးယားရဲ့ အဖေ ဂျေမီစပီးယားဟာ လွန်ခဲ့တဲ့လအနည်းငယ်ကပဲ ကျန်းမာရေးကြောင့် သေလုမျောပါးဖြစ်ခဲ့ပြီး ဘရစ်တနီကတော့ အခုအချိန်မှာ မိသားစုကိုပဲ အချိန်ပေးဂရုစိုက်လိုတယ်လို့ သူ့ရဲ့ အင်စတာဂရမ်မှာ ရေးသားထားပါတယ်။ ဖခင်ရဲ့ကျန်းမာရေးကြောင့် လက်စ်ဗီးဂတ်မှာ ပွဲမလုပ်နိုင်တဲ့အတွက်လည်း အများကြီး စိတ်မကောင်းဖြစ်ရပါတယ်လို့ ဘရစ်တနီက ပြောပါတယ်။ ဒါပေမယ့်လည်း မိသားစုက အခုအချိန်မှာ အလွန်အရေးကြီးနေတာမို့ ဒီလိုဆုံးဖြတ်ခဲ့ရတာပါလို့ ဘရစ်တနီက ပြောပါတယ်။

လွန်ခဲ့တဲ့ နှစ်လခန့်က ဘရစ်တနီရဲ့အဖေဟာ ဆေးရုံတက်ခဲ့ရပြီး သေမလိုအခြေအနေမျိုးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဖခင်ဖြစ်သူ အသက်ရှင်လျက် အိမ်ပြန်လာနိုင်တာ ဝမ်းသာစရာကောင်းပေမယ့် အခုအချိန်အထိ ကျန်းမာရေးမှာ စိုးရိမ်နေရဆဲဖြစ်လို့ အလုပ်တွေကိုရပ်နားပြီး မိသားစုနဲ့အတူရှိနေမယ်လို့ ဘရစ်တနီက ပြောပါတယ်။ ပွဲအတွက် လက်မှတ်ရောင်းချငွေတွေ ပြန်ပေးဖို့အတွက်လည်း ဘရစ်တနီစပီးယား ဒေ့ါကွန်းမှာ စုံစမ်းနိုင်တယ်လို့ သိရပါတယ်။

**စီအင်န်အင်န်**



### ကလေးတွေကို သက်တော်စောင့်တွေ၊ ကလေးထိန်းတွေနဲ့ ထားသည်ကို ဘရက်ပစ် သဘောမကျ

အင်ဂျလီနာဂျိုလီဟာ သူ့ရဲ့ သမီးငယ်နှစ်ယောက်ကို ဘရက်ပစ်နဲ့ အပြင်သွားဖို့ ထည့်လိုက်တဲ့အခါ သက်တော်စောင့်တစ်ဦးကိုလည်း သူတို့နဲ့အတူ ထည့်လိုက်ပါတယ်။ အသက် ၁၂ နှစ်အရွယ် ရှီလိုနဲ့ အသက် ၁၀ နှစ်အရွယ် ဗီဗီယန်တို့ဟာ ဇန်နဝါရီ ၇ ရက်က စျေးဝယ်ထွက်တဲ့အခါ မိခင်မပါဘဲ သက်တော်စောင့်နဲ့ပဲ အပြင်ထွက်ခဲ့ကြတာပါ။

ဖခင်ဖြစ်တဲ့ ဘရက်ပစ်ကတော့ ဇနီးဟောင်းဂျိုလီရဲ့လုပ်ရပ်ကို သဘောမကျပါဘူး။ သူ့ကလေးတွေရဲ့ဘေးနားမှာ သူပဲရှိသင့်ပြီး သူမသိတဲ့ ကလေးထိန်းတွေ၊ သက်တော်စောင့်တွေ ရှိနေတာကို မကြိုက်ပါဘူး။ ကလေးတွေနဲ့ အချိန်ဖြုန်းဖို့ အချိန်အများကြီး မရတာကိုလည်း ဘရက်ပစ် မကြိုက်ပါဘူး။ ဘရက်ပစ်အတွက် အဆိုးရွားဆုံးအပိုင်းကတော့ ဇနီးဖြစ်သူနဲ့ ကွာရှင်းလိုက်တာ မဟုတ်ပါဘူး။ သားသမီးတွေနဲ့ အချိန်အကြာကြီး မတွေ့ဘဲနေရတာက သူ့အတွက် အဆိုးဆုံးပါပဲ။ သူစိမ်းတွေက သူ့ကလေးတွေကို လွှမ်းမိုးသွားမှာကို ဘရက်ပစ်က မကြိုက်လို့ပါလို့ ဘရက်ပစ်နဲ့ရင်းနှီးတဲ့ သတင်းအရင်းမြစ်တစ်ခုက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။

ဘရက်ပစ်နဲ့ ဂျိုလီတို့ဟာ ကလေးအုပ်ထိန်းခွင့်သဘောတူညီချက်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာမှ ရရှိခဲ့ပါတယ်။

**ဟောလီဝုဒ်လိုက်ဖ်**



ဥပဒေအတွေးရေးပါရစေ အပိုင်း (၁၅၅)

## အမှုနိုင်မှာ သေချာသလား



**ဦးဟန်ညွန့် (ဥပဒေ)**

**တစ်နေ့သ၌**

တစ်နေ့သ၌ ကျွန်တော်၏ ရှေ့နေရုံးခန်းသို့ အမှုသည်တစ်ယောက် ရောက်ရှိလာပါသည်။ တွေ့တွေ့ချင်း ဘာစကားမှ မပြောဘဲ **“ ဆရာ့ကို အမှုတစ်မှုအပ်ချင်လို့။ အဲဒီအမှု ဆရာလိုက်ပေးရင် အမှုနိုင်မှာ သေချာသလား”** ဟု ကောက်ကာငင်ကာ မေးလိုက်ပါသည်။ ကျွန်တော် ဘာပြန်ပြောရမှန်း မသိပါ။

**ရှေ့နေဘဝ**

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အငြိမ်းစားယူပြီး ပြီးချင်း ရှေ့နေဘဝကျင်လည်ခဲ့သော ကျွန်တော်။ လွတ်လပ်သောရှေ့နေဘဝ။ သတင်းစာဆရာဘဝ။ စာရေးဆရာဘဝ။ အပေါင်းအသင်းတွေကလည်းစုံ။ မှုခင်းဖြစ်သော မိတ်ဆွေများနှင့်လည်းကြုံ။ သူတို့ဖြစ်စဉ်၊ သူတို့ဘဝများမှာ အမှုအခင်း၊ ဥပဒေပြဿနာမျိုးစုံ။ အမှုဖြစ်လျှင် ဘယ်လိုဖြေရှင်းရမလဲ။ အမှုတိုင်းက လွတ်ချင်တာသာသိ။ ကိုယ်ကျူးလွန်တာမေ့။ ကိုယ်မှန်သည်ဟုသာ အတင်းအဓမ္မငြင်းကွယ်။ သူတစ်ပါးဘက်ကို မမြင်။ အမှုတစ်ခုဖြစ်သည်ဆိုလျှင် ဘက်နှစ်ဖက်ရှိစမြဲ။ သူတစ်ပါးက မှန်ပါလျက် သူတစ်ပါးမှားသည်ဟုသာမြင်။ မိမိကအမှန်၊ မိမိကတရား၊ သူကအမှား၊ သူကမတရား။ ဤအသံတွေ နေ့စဉ်ကြားရပေသည်။ ရှေ့နေဘဝ။

**ခဏထိုင်ပါဦး**

**“ခဏထိုင်ပါဦး”**။ ကျွန်တော်မေးပါရစေဦး။ ဘာဖြစ်တာလဲ။ ဘာမှုလဲ။ ဘယ်သူနဲ့ဖြစ်တာလဲ။ ဖြစ်ကြောင်းရယ်ကုန်စင်။ ပွင့်ပွင့်လင်းလင်းပြောပါဦး။ ညွှန်ကြားချက်ပေးပါ။ မှတ်စုနှင့် လိုက်မှတ်ပါရစေဟု ကျွန်တော်က ပြောရသည်။ သူ့ကိစ္စ၊ သူ့ပြဿနာ၊ သူ့အမှုအကြောင်း မနည်းမေးရလေသည်။

**“အမှုနိုင်မှာ သေချာရဲ့လား။ ဘယ်လိုအမှုနိုင်အောင် ခြေဆင်းမှာကတည်းက ကြိုတင်ပြင်ဆင်ကြရအောင်”** ဟု အမှုသည်က စိုးရိမ်စွာ ကျွန်တော့်ကို မေးသည်။ ပြင်ဆင်တာ၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရမှာက ရှေ့နေ၏တာဝန်ပါ။ **“သင်၏ဖြစ်စဉ်ကိုသာ မခြွင်းမချန်၊ အမှန်အတိုင်းပြောပါ။ ချန်မပြောပါနဲ့။ ကိုယ်ကောင်းတာချည်းပဲ မပြောနဲ့။ ကိုယ်မှားတာလည်း အရင်ဆုံးပြော။ ဒါမှ ဥပဒေလမ်းကြောင်းနဲ့ ကယ်တင်၍ရမှာနော်”** ဟု တိတိကျကျ၊ ရှင်းရှင်းလင်းလင်း ပြောရပြီ။ အားနာ၍မဖြစ်။

**“ဆရာကလည်း မှားတဲ့အခါလည်း မှားပေမပေါ့။ မှားတာကိုအမှန်ဖြစ်အောင် ဆရာကြံဆောင်ပေးပါနော်။ ဆရာ့ကို ယုံလို့ အပ်မှာပါ။ ကုန်ကျစရိတ် မပူပါနှင့်”** ဟူသော အမြင်ကတ်ဖွယ်သူ့စရိုက်ကို ကျွန်တော်မြင်လိုက်ပါသည်။ ဥပဒေကို ငွေနှင့်ဝယ်မည့်ပုံ…။

**ခုခံရေးလမ်းကြောင်း**

တရားခံတစ်ယောက်၏ ခုခံရေးလမ်းကြောင်းတွေ ရှိပေသည်။ ခုခံရေးလမ်းကြောင်းမျိုးစုံထဲမှာ သူ့အမှုက ဘယ်လမ်းကြောင်းထဲ ဝင်နေသလဲ။ တရားလိုပြ သက်သေများကို စစ်မေးစဉ်အချိန်က ပြန်လှန်မေးခွန်းမေးခဲ့သလား။ ပြန်လှန်မေးခွန်း မမေးခဲ့ဘဲ တရားခံစစ်မေးချိန်ရောက်မှ ခုခံချေပမှု မဖြစ်စေချင်ပါ။ နောက်မှလုပ်ကြံ၍ ခုခံသည်ဟုယူဆရန် အကြောင်းရှိတတ်ပေသည်။

**[စံသိန်းနှင့် ပထမစီရင်ထုံး၊ ၁၉၆၉၊ တရခ-စာ-၂၈]**

**(က) စွဲထားသောအမှုကို မကျူးလွန်ပါ**
(TOTAL DENIAL)

တရားခံက ပြစ်မှုကျူးလွန်ကြောင်း လုံးဝငြင်းဆိုမှု



ပြုတတ်သည့်အမှု။

ထိုအမှုမျိုးတွင် တရားခံပြစ်မှုကျူးလွန်ကြောင်း ထင်ရှားစေရန် လိုအပ်သည့်အကြောင်းကို သက်သေပြရန်မှာ တရားလိုဘက်၏ အဓိကတာဝန်ဖြစ်သည်။ ရှိပြီးသား သက်သေခံချက်တွေနှင့်ထောက်ပြီး မေးရမြန်းရ၊ ထုချေရခြင်းမျိုး။

**(ခ) အခင်းဖြစ်ပွားစဉ် မိမိမရှိပါ**(ALIBI)

အလီဘိုင် (Alibi) အဖြစ် တရားခံဘက်က တင်ပြတတ်သောအမှု။

အခင်းဖြစ်ပွားစဉ်က အခြားတစ်နေရာသို့ ကိစ္စတစ်ခုနှင့် ခရီးလွန်နေပါသည်ဟု ထုချေချက်ဖြစ်ပါသည်။ မစပ်ဆိုင်သော အကြောင်းအရာဖြစ်သော်လည်း သက်သေခံဥပဒေပုဒ်မ ၁၁ အရ စပ်ဆိုင်သည့် အခြင်းအရာဖြစ်လာတတ်ပါသည်။

ခိုင်ခိုင်မာမာတင်ပြရတာမျိုး ဖြစ်ပါသည်။

**(ဂ) လူမှား၍စွပ်စွဲခြင်းမျိုးဖြစ်ပါသည်။**
(Mistaken Identity)

အခင်းဖြစ်ပွားချိန်သည် အလင်းရောင်မလုံလောက်သည့် အချိန်အခါမျိုးဖြစ်နေကြောင်း၊ တရားလိုဘက်မှ လူမှားစွပ်စွဲခြင်း (သို့မဟုတ်) တရားခံနှင့် အရပ်အမောင်း၊ ရုပ်ချင်းတူညီသူ (သို့မဟုတ်) သေသူနှင့် ရန်ငြိုးရန်စရှိသူနှင့် လူမှားစွပ်စွဲခြင်းဖြစ်ပါသည်ဟု ထုချေခြင်း။ ထိုအခါမျိုးတွင် တရားခံနှင့် ထိုသူများ မတူညီသော အချက်များကို ခွဲခြမ်းမေးမြန်းရသည့် ပညာရှိရှေ့နေ၏ ဉာဏ်ပညာကွန့်မြူးမှု။ ခုခံရေးလမ်းကြောင်း။

> **“အခင်းဖြစ်ပွားစဉ်က အခြားတစ်နေရာသို့ ကိစ္စတစ်ခုနှင့် ခရီးလွန်နေပါသည်ဟု ထုချေချက်ဖြစ်ပါသည်။ မစပ်ဆိုင်သော အကြောင်းအရာဖြစ်သော်လည်း သက်သေခံဥပဒေပုဒ်မ ၁၁ အရ စပ်ဆိုင်သည့်အခြင်းအရာ ဖြစ်လာတတ်ပါသည်။ ခိုင်ခိုင်မာမာတင်ပြရတာမျိုး ဖြစ်ပါသည်”**

**(ဃ) ဥပဒေပြဋ္ဌာန်းချက်ကို အားထားခုခံခြင်း**
(LEGAL DEFENCE)

မိမိအားခွင့်ပြုမိန့်ရမှသာ တရားစွဲရမည်ဖြစ်ပါလျက် ခွင့်ပြုမိန့်မရဘဲ တရားစွဲဆိုခြင်းဖြစ်ကြောင်း (ဥပဒေပြဋ္ဌာန်းချက်နှင့် မညီကြောင်း)။

စီရင်ပိုင်ခွင့်မရှိဘဲ တရားစွဲထားကြောင်း (သို့မဟုတ်) ပြစ်မှုဆိုင်ရာ (ရာဇသတ်ကြီး) ဥပဒေ၏ အခန်း (၄)ပါ ကင်းလွတ်ရမြဲအချက်နှင့် ခုခံကာကွယ်ပိုင်ခွင့်ရှိကြောင်း စသည်ဖြင့် ထုချေချက်။

ခွင့်ပြုချက်မပါဘဲ တရားစွဲ၍ မူလကတည်းက အမှုပျက်ကြောင်း။

ကာကွယ်ခုံပိုင်ခွင့်ဘောင်ထဲ ဝင်သလား။ (ဝင်လျှင်) အမှုက လွတ်နိုင်သေးသည်။

**(င) တစ်စိတ်တစ်ဒေသခုခံခြင်း**
(PARTIAL DEFENCE)

တရားခံက (တစ်ခါတစ်ရံ) အမှုတစ်ခုလုံးကို လုံးဝငြင်းဆိုခြင်းမရှိ။ တစ်စိတ်တစ်ဒေသကို ဝန်ခံသည်။ တစ်စိတ်တစ်ဒေသကို ငြင်းဆိုသည်။

ဥပမာ - လူသတ်မှုမှ လူသေမှုသို့ဖြစ်ရေး (ခုခံခြင်း)
- အပြင်းအထန်နာကျင်စေမှုမှ သာမန်နာကျင်စေမှုဖြစ်ရေး (ခုခံခြင်း)
- အခြား သက်သာခွင့်ရစရာရှိသော အမှုများနှင့် ဥပဒေပြဋ္ဌာန်းချက် ညီညွတ်စေခြင်း

**(စ) အကြောင်းပြချက်တစ်ခုခုဖြင့် ခုခံခြင်း**
(Qualified Defence)

အကြောင်းပြချက်ကောင်းပါသလား။

ဥပမာ - သူကဆဲဆို၍ မိမိက ရိုက်နှက်ရကြောင်း
- တရားနည်းလမ်းကျသော ကာကွယ်ခုခံမှုဖြစ်၊ မဖြစ်သုံးသပ်ပါ။
- ဥပဒေက ခွင့်ပြုသောဘောင်ကျော်၊ မကျော်သုံးသပ်ပါ။
- စိစစ်ချက်၊ မေးမြန်းချက် အရေးကြီးလှပေသည်။

**(ဆ) သက်ညှာခွင့်တောင်းခံခြင်း** (LENIENCY)

ကျွန်တော့်မှာ လူမှုရေးဘဝ (သားသမီးတွေကများ၊ ဇနီးကမကျန်းမာ) ကြောင့် အပြစ်ဒဏ်ချမှတ်ပါလျှင် သက်ညှာပါမည့်အကြောင်း၊ ပြစ်မှုကို မငြင်းကွယ်။ ပြစ်ဒဏ်ကိုသာ သက်ညှာပါမည့်အကြောင်း၊ သနားဖွယ်တင်ပြ လျှောက်လဲမှုမျိုး။

**လူတစ်ခု ပူမှုရယ်အစုံ**

လူတစ်ဦးတစ်ယောက်အဖြစ် ပူမှုရယ်အစုံ။ ဘဝအမောတွေနှင့်ကြုံ။ ရင်ခုန်ခဲ့သော အကျပ်အတည်းများကြောင့် ရာဇဝတ်ဘေးနှင့် ကြုံတတ်၊ ဆုံတတ်ပုံ။ သိလျက်နှင့်မှား။ မသိလျက်နှင့်မှား။ ရာဇဝတ်မှု၊ တရားမမှု။ အချို့အမှုသည်များက ရှေ့နေထက်ပင် တတ်သိနေပုံ။ သည်းခံခွင့်လွှတ်ရပုံ…။ လူနာက ဆရာဝန်ကို ပြန်ပြီးအမိန့်ပေးတတ်သလို ( ဟိုအားဆေး၊ ဒီအားဆေး ထိုးပေးပါဟု ဆရာဝန်ကို လူနာက ညွှန်ကြားပုံမျိုး) တွေ ကြားနေရပေသည်။ သြော်… စိတ်ရှည်သည်းခံ၊ အမှန်သို့ညွှန်ပြကြစို့။

**စေတနာ**

လွတ်လပ်သောရှေ့နေဘဝကို ခဏတာခွဲခွာနေရသူ ကျွန်တော်သည် “အမှုနိုင်မှာ သေချာသလား” ဟု မေးမြန်းသူ အမှုသည်များနှင့် ခေတ္တကွဲကွာနေချိန်။ တစ်ချိန်ချိန်တော့ မိတ်ဟောင်း ဆွေဟောင်းများနှင့် ပြန်တွေ့ဦးမည်ဟု တွေးမိသောကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ…။ ။

### ဓနုဖြူမြို့နယ် ယကွင်းဆက်ကျေးရွာ၌ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

**ဓနုဖြူ ဇန်နဝါရီ ၈**

ဓနုဖြူမြို့နယ် ကုန်းတန်းမြောက်ကျေးရွာအုပ်စု ယကွင်းဆက်ကျေးရွာတွင် ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးက အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ ဓနုဖြူမြို့နယ် ကုန်းတန်းမြောက်ကျေးရွာအုပ်စု ယကွင်းဆက်ကျေးရွာမှ ရွာသူ ရွာသားများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသိအမှတ်ပြုပေးအပ်သော ဂုဏ်ပြုမှတ်တမ်းလွှာကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းမောင်က ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီထံသို့ လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဝန်ထမ်းများသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်များနှင့်အညီ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်သူဟိဏ်း (ဓနုဖြူ)**

# အလှမ်းမဝေးလှသည့် အပန်းဖြေကမ်းခြေ (လက်ခုပ်ကုန်း)

ခင်မောင်ဌေး(ပညာရေး)

စာရေးသူကား ခရီးသွားဝါသနာထုံသူဖြစ်သည်။ မိသားစု တစ်စုလုံးကလည်း စိတ်တူကိုယ်တူမို့ အားလပ်ရက်ရသည်နှင့် များများမညှိနိုင်းလိုက်ရ၊ ခရီးစဉ်တစ်ခု ဆွဲမိတော့သည်။ ခရီးသွားခြင်းကို အားပေးသောမိတ်ဆွေကလည်း များသည်။ သူတို့ကိုယ်တိုင်လည်း ခရီးထွက်ကြသူများဖြစ်၏။

ဒီနှစ် ရန်ကုန်ကထိန်က အထူးစည်ကားလှသည်။ မြန်မာလူမျိုးတို့၏ အလှူရေစက်လက်နှင့် မကွာပုံကို အံ့မခန်းတွေ့ရ၏။ မွန်မြတ်လှသည့်အလှူ၊ တစ်နှစ်မှ တစ်ရက်။ တစ်ရက်မှ တစ်ကျောင်းသာ လှူဒါန်းခွင့်ရသည့် ကုသိုလ်ဖြစ်သည်။ လှူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းကိုရွယ်သည့်အချိန် ဘာသာတရားကိုဗန်းပြ၍ အရောင်ဆိုးကြသူများကလည်း ရှိသည်။ အထူးသဖြင့် ဘာသာတရား၏ ကောင်းမြတ်သော အနှစ်သာရများအား အပေါ်ယံပျော်ရွှင်မှု ပကာသနဖြင့် ဖုံးအုပ်ချင်ကြသည်။ အဆိုးရွားဆုံးမှာ ဆူညံတီးမှုတ်ကခုန်ကြခြင်းပင်ဖြစ်သည်။ အချိန်ကာလမရွေး စည်းမဲ့ကမ်းမဲ့များကြောင့် လူကြီးသူမများ များစွာ စိတ်အနှောင့်အယှက်ဖြစ်ရသည်။ သို့ဖြစ်၍လည်း အသံချဲ့စက်သုံးစွဲမှုနှင့် ပတ်သက်၍ တိကျသည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသင့်ကြောင်း ကျယ်ပြန့်စွာ အကြံပြုလာကြသည်ကိုတွေ့ရသည်။ သို့ဖြစ်၍လည်း အားလပ်ချိန်ရသည်နှင့် ဆူညံမှုများနှင့် ဝေးရာသို့သာ စိတ်အစဉ်ကရောက်နေတော့သည်။



**ခရီးသွားမှတ်တမ်း**

မကြာသေးမီကပင် ဆရာမကြီးရွှေကူမေနှင်းထံမှ စာအုပ်လက်ဆောင်ရခဲ့သည်။ စာအုပ်မှာ ခရီးသွားမှတ်တမ်းဖြစ်သည့် Goodbye America ဖြစ်သည်။ ဆရာမကြီးသည် စာပေလောကတွင် ဝတ္ထုတို၊ ဆောင်းပါး၊ မဂ္ဂဇင်းဝတ္ထုရှည် အက်ဆေး၊ ပင်ကိုရေးနှင့် ဘာသာပြန်စာအုပ်ပေါင်းများစွာ ရေးသားခဲ့သူဖြစ်သည်။ ယခုစာအုပ်မှာ အမေရိကမြေသို့ တစ်လကြာ ပြည်နယ်ရှစ်ပြည်နယ်သို့ ခြေဆန့်ခဲ့သည်။ စာပေဟောပြောပွဲများ၊ ဆွေးနွေးပွဲအကြီးအသေးစုံလင်ခဲ့သည်။ ဆန်ဖရန်စစ္စကို၊ လော့စ်အိန်ဂျလိစ်၊ နယူးယောက်၊ ဝါရှင်တန်ဒီစီ၊ အမေရိကန်၊ ဘက်ဖလိုစသည့် ဒေသများ၊ သဲကန္တာရနှင့် ရေခဲနှင်းဆောင်းနေရာများ၊ ရွက်ကြွေတောမှ အရိုးပြိုင်းပြိုင်း မေပယ်ပင်အနီးအဝေးမြင်ကွင်းများ၊ ခမ်းနားသောပြတိုက်များ၊ ဘုရားကျောင်းများ၊ ဈေးဝယ်စင်တာကြီးများအကြောင်း လက်ကမချချင်အောင်ပင် ဖတ်ဖြစ်ခဲ့သည်။ အထူးသဖြင့် ခရီးသွားဆောင်းပါးများမို့ ပို၍ နှစ်သက်မိသည်။ ပို၍လည်း အားကျမိသည်။

မိုးကမကုန်တတ်သေး။ ဆောင်းနှင်းမြူတို့က ဝေ့သီဝဲ၍နေသည်။ ရှူရှိုက်ရသည့် လေနုအေးကြောင့် ပို၍ပင် လန်းဆန်းတက်ကြွသွား၏။ ဖွင့်ထားသည့် ကားတံခါးမှ တိုးဝင်လာသည့် လေအေးများကိုအငမ်းမရ ရှူရှိုက်နေမိ၏။ မူးဝေနောက်ကျိနေသောစိတ်နှလုံးကို ကြည်လင်လန်းဆန်းသွားစေ၏။ စာရေးသူတို့သွားနေသည့် ခရီးမှာ တိမ်တောင်တိမ်လိပ်များကြားမှ ဝေဟင်ခရီးမဟုတ်။ အမေရိကားလည်း မဟုတ်။ ပြင်ပရပ်ခြားခရီးလည်းမဟုတ်။ နှင်းငွေ့ဝေသီနေသည့် ရန်ကုန်-တွံတေးမြေပြင်ခရီးသွားဖြစ်သည်။

အမေရိကားကိုမျှော်လင့်နေ၍ မဖြစ်။ ဖြစ်နိုင်သည့်နေရာမှ ပထမစရမည်။ မိမိနိုင်ငံအတွင်း၌ပင် မရောက်ဖူးသေးသည့် နေရာကများလှစွာ။ နိုင်းမြစ်ကြီးလည်း လှသည်။ အမေဇုန်မြစ်၊ ယန်စီ၊ ဂင်္ဂါမြစ်တို့လည်း လှမည်။ သို့သော် ဧရာဝတီ၏ အလှအပကိုအပြည့်အဝခံစားနိုင်ရန် ကြိုးစားရဦးမည်။ အဲလ်စ်တောင်တန်း၊ အင်ဒီးစ်တောင်တန်းတွေလှသလို ခါကာဘိုရာဇီ၊ ဂမ်လန်ရာဇီတောင်ထွတ်များကလည်း တစ်မျိုးတစ်ဖုံလှနေမည်သာဖြစ်သည်။ စင်စစ်အလှတရားသည် နေရာတိုင်းတွင် ရှိနေသည်။ အလှတရားကို တွေ့အောင်ရှာဖွေတတ်ရန်နှင့် ခံစားသိတတ် ခံယူတတ်ရန်သာ လိုရင်းဖြစ်သည်။

**လက်ခုပ်ကုန်း**

မကြာခင်တွံတေးတံတားသို့ ရောက်တော့မည်။ ထိုမှ တစ်ဆင့် ဆယ်အိမ်တန်း။ ဆယ်အိမ်တန်းမှ တစ်ဆင့် အပြောကျယ်လှသည့် ပင်လယ်ပြင်ကြီးကို မြင်တွေ့နိုင်တော့မည့် ကမ်းခြေတစ်ခု။ ယင်းကမ်းခြေမှာ လက်ခုပ်ကုန်း ကမ်းခြေပင်ဖြစ်သည်။ စင်စစ် ယင်းကမ်းခြေသည် ရန်ကုန်မြို့မှ မိုင် ၃၀ အကွာ ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာတွင်ရှိလေသည်။ (ယင်းခရီးမိုင်မှာ ဒလသို့ ဇက်ကူး၍သွားသော ခရီးမိုင်ဖြစ်နိုင်ပါသည်။) ကမ်းခြေအရှည်မိုင်မှာ ကိုးမိုင်နီးပါးရှိသည်။ ထူးခြားချက်မှာ ယင်းကမ်းခြေအနီးတွင် မြစိမ်းတောင်ကျွန်းရှိပြီး အဆိုပါကျွန်းနှင့် ကမ်းခြေကို လူကူးကြိုးတံတား တည်ဆောက်ကာ ငှက်ကြည့်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဒီရေတောများကို လေ့လာခြင်း ပြုလုပ်နိုင်လေသည်။ (ခွင့်ပြုချက်ရလျှင် တံတားထိုးရန် ပြင်ဆင်လျက်ရှိသည်)။ သို့ဖြစ်လျှင် မြစိမ်းတောင်ကျွန်းမှ ၁၅ မိနစ်သာသာသွားလျှင် ပင်လယ်ရေပြာပြာကို မြင်ကြရမည်သာဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်းအပြီးတွင် ရပ်နားခဲ့သည့် လက်ခုပ်ကုန်းကမ်းခြေဟိုတယ်ကို Orchid Advanture Cher Present အဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ကမ်းခြေပင်လယ်ရေရွံ့ဖုံး၍ ရေအနည်းငယ်နောက်သည့်အတွက် Muddy Water Resort ပြုလုပ်သည့်အပြင် ရွက်ဖျင်တဲများနှင့် မိသားစုဝင်များ စရိတ်သက်သက်သာသာနှင့် တည်းခိုနိုင်မည့်အခန်းများ ပိုမိုစီစဉ်ထားမည်ဟု သိထားရလေသည်။

**ဆယ်အိမ်တန်းသို့**

ကားလမ်းခရီးဖြင့် သွားမည်ဆိုလျှင် ရန်ကုန်မြို့မှ ဘုရင့်နောင်တံတားကိုဖြတ်၍ ယခင်အဝိုင်းမှ တွံတေးတံတားကြီးဆီသို့ တန်းတန်းမတ်မတ်သွားရမည်။ တွံတေးတံတားကျော်လျှင် လှိုင်သာယာ၊ ဒလနှင့် တွံတေး ၃ လမ်းဆုံသို့ ရောက်သည်။ ၃ လမ်းဆုံအထိ ၁၁ မိုင်ရှိသည်။ တွံတေးလမ်းမှတစ်ဆင့် ကန်ဘဲ့လမ်းသို့ချိုးကာ ကော့မှူးအထိ မောင်းရမည်။ ခန့်မှန်းအကွာအဝေး ၂၁ မိုင်နီးပါးရှိသည်။ ကော့မှူးမှ ဝါးဘလောက်သောက်ကိုဖြတ်၍ ဆယ်အိမ်တန်း ကမ်းခြေသို့ မိုင် ၂၀ နီးပါးရှိ၏။ ယခုအခါ ယင်းဆယ်အိမ်တန်းကို လက်ခုပ်ကုန်းအဖြစ် ပြောင်းလဲထားကြောင်း သိရသည်။ အနည်းဆုံး သုံးနာရီပြင်းပြင်းမောင်းရသည်။ တွံတေး၊ ကော့မှူး - ဝါးဘလောက်သောက်လမ်း ကောင်းပါသည်။ ဝါးဘလောက် သောက်မှ ဆယ်အိမ်တန်းသို့ ကွန်ကရစ်လမ်းအပေါက်ခင်းထားသည်။ ရောက်ခါနီး သုံး၊လေး မိုင်ခန့်လမ်းကျဉ်းလွန်း၍ ကား နှစ်စင်းရှောင်တိမ်းရန် ခက်ခဲလှပါသည်။

**လက်ခုပ်ကုန်းကမ်းခြေ**

အရှည်မိုင် ကိုးမိုင်ရှိသောကမ်းခြေတစ်လျှောက် ညီညာသပ်ရပ်စွာဆောက်လုပ်ထားသည့် ယာယီတဲများနှင့် ရောင်စုံထိုင်ခုံများချထားသည်မှာ စနစ်ကျလှသည်။ ခနိမိုးထား၍ အရိပ်ကောင်းသည်။ ကားပါကင်အတွက် နေရာကောင်းသည်။ တစ်မျှော်တစ်ခေါ် ရှုမျှော်ကြည့်နိုင်သည့် ပင်လယ်ပြင်ကြီးကိုတွေ့ရသည်။ ငါးဖမ်းလှေငယ်လေးများကို လှမ်း၍မြင်နေရသည်။ ကျယ်ဝန်းလှသော ကမ်းခြေတွင် မြင်းစီးခြင်း၊ ကားမောင်းခြင်း၊ စက်လှေစီးခြင်းများရှိသော်လည်း များများစားစားတော့ မဟုတ်သေး။ ကမ်းခြေမှာ ကျယ်ပြန့်ရှည်လျားလှ၍ အလှဓာတ်ပုံရိုက်ကြသူများကို အများအပြားတွေ့ရသည်။

“အရှည်မိုင် ကိုးမိုင်ရှိသော ကမ်းခြေတစ်လျှောက် ညီညာသပ်ရပ်စွာဆောက်လုပ်ထားသည့် ယာယီတဲများနှင့် ရောင်စုံထိုင်ခုံများချထားသည်မှာ စနစ်ကျလှသည်။ ခနိမိုးထား၍ အရိပ်ကောင်းသည်။ ကားပါကင်အတွက် နေရာကောင်းသည်။ တစ်မျှော်တစ်ခေါ် ရှုမျှော်ကြည့်နိုင်သည့် ပင်လယ်ပြင်ကြီး ကိုတွေ့ရသည်။ ငါးဖမ်းလှေငယ်လေးများကို လှမ်း၍ မြင်နေရသည်။ ကျယ်ဝန်းလှသော ကမ်းခြေတွင် မြင်းစီးခြင်း၊ ကားမောင်းခြင်း၊ စက်လှေ စီးခြင်းများရှိသော်လည်း များများစားစားတော့ မဟုတ်သေး။ ကမ်းခြေမှာ ကျယ်ပြန့်ရှည်လျားလှ၍ အလှဓာတ်ပုံရိုက်ကြသူများကို အများအပြားတွေ့ရ”

**ပင်လယ်စာမျိုးစုံ**

ယင်းကမ်းခြေတွင် ဘန်ဂလိုများ ငှားရမ်းနေထိုင်လိုလျှင် ရွာထဲတွင်ရှိသည်။ ကမ်းခြေရှိ ဆိုင်များသည် ကားပါကင်နှင့် ကမ်းစပ်တွင် အပန်းဖြေနားနေနိုင်ရန် စီစဉ်ပေးသည်။ ၎င်းတို့ဆိုင်မှ ပင်လယ်စာအနည်းဆုံး နှစ်သောင်းဖိုး ဝယ်ယူစားသောက်လျှင် နားနေရန် အခမဲ့ဝန်ဆောင်မှုပေးသည်။ မိမိတို့အစီအစဉ်ဖြင့် စားမည်ဆိုလျှင် ကားပါကင်နှင့် နားနေသည့်အတွက် ထိုက်သင့်သည့် အခကြေးငွေပေးရမည် ဖြစ်သည်။ ရရှိနိုင်သည့် အစားအစာများမှာ ကဏန်းမဆလာ၊ ကဏန်းချဉ်စပ်၊ ပုစွန်ထုပ်ဆီပြန်၊ ငါးသလောက်ဒယ်အိုး မှောက်ကင်၊ ကျောက်ပွင့်သုပ် စတဲ့ ပင်လယ်စာမျိုးစုံရရှိနိုင် သည်။ မူးယစ်သောက်စားခြင်း အရက်စသည့် အဖျော်ယမကာများ ရောင်းချသည်ကို မတွေ့ခဲ့ရပေ။

**ပင်လယ်ရေနဲ့ သဲနုန်းမြေ**

စာရေးသူတို့ နံနက် ၁၀ နာရီလောက် ရောက်သွားပါသည်။ ပင်လယ်ရေက ကမ်းစပ်နှင့် လေးဖာလုံနီးနီးလောက် နိမ့်ကျနေလေသည်။ နှစ်ဖာလုံလောက်ကသဲနုန်းဖြစ်ပြီး ကျန်နှစ်ဖာလုံလောက်မှာ ရွှံ့နုန်းမြေဖြစ်နေလေသည်။ ဆိုင်ရှင်ကိုမေးကြည့်တော့ အခုရေတက်လာနေပါပြီတဲ့။ ၁၂ နာရီလောက်မှာ ပင်လယ်ရေဟာ နှစ်ဖာလုံအထိ ရောက်လာပါသည်။ လှိုင်းသိပ်မကြီးပါ။ ၁ နာရီခွဲလောက်မှာတော့ ပင်လယ်ရေသည် လူအများနားနေသည့် ယာယီအရိပ်ရတဲများအနီးထိ ရောက်လို့လာသည်။ ပင်လယ်ရေကကမ်းနှင့် နှစ်ဖာလုံလောက်အလိုကတည်းက ဖောကျွတ်ငှားသည့်ဆိုင်များ ကမ်းစပ်ကို ဆင်းလာကြသည်။ ရောင်စုံဖောကျွတ်များ ဆင့်ကာဆင့်ကာ စီထားကြပါသည်။ ပင်လယ်ရေကမ်းနားနီးလေ ဖောကျွတ်ကိုယ်စီနှင့် ပင်လယ်ထဲ ဆင်းကုန်ကြပါတော့သည်။ နံနက်ပိုင်း အပန်းဖြေသူနည်းသော်လည်း ၁၂ နာရီနောက်ပိုင်း အပန်းဖြေလာကြသည့် ကားအစီးရေရောပြည့်တွင်းဧည့်သည်တွေပါ ပြုံကျလာပါသည်။ ကိုးမိုင်ကမ်းခြေတစ်လျှောက် အစီအရီ ရှိနေသည့်နားနေဆောင်များအားလုံး ဧည့်သည်ပြည့်နှက် သွားပါတော့သည်။ ကိုးမိုင်ရှည်လျားသည့် ကမ်းခြေတစ်လျှောက် ရေဆင်းကူးသူများတစ်မျှော်တစ်ခေါ်ကြီးပင်။

**တစ်နေ့တာအပန်းဖြေစရာ**

စင်စစ်လက်ခုပ်ကုန်းကမ်းခြေသည် ရန်ကုန်မြို့နှင့် နေ့ချင်းပြန်သွားနိုင်သည့် နေရာတစ်ခုပင်။ ဒလဘက်က ဇက်ကူးသွားမည်ဆိုလျှင် ပိုနီးပါသည်။ ကော့မှူး၊ ကွမ်းခြံကုန်းဘက်က သွားလည်းရပါသည်။ ဤကမ်းခြေ၏ အားနည်းချက်မှာ ပင်လယ်ရေက ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေကဲ့သို့ ရေမကြည်ပါ။ သဲမပေါပါ။ ရေနောက်ပါသည်။ သဲနုန်းမြေဆန်ပါသည်။ စိမ်းစိမ်းလဲ့လဲ့ ပြာပြာရည်ရည် မရှိလှပါ။ ယင်းအချက်များမှလွဲလျှင် ကျယ်ပြန့်သည့် ကမ်းခြေအုန်းပင်တန်းများနှင့် ကြည်နူးဖွယ်ကောင်းသည့် နေရာတစ်ခုပင်ဖြစ်သည်။ နေဝင်ချိန်ရှုမျှော်ခင်းများကို ခံစားကြည့်မည်ဆိုလျှင် ရှု၍မဝနိုင်စရာပင်။ စိတ်အေးလက်အေးစာလေးရေးလို့ ပင်လယ်လေနုအေးကို ရှူရှိုက်ရင်းတစ်နေ့တာ အပန်းပြေစေနိုင်မည့် နေရာလေးမို့ ခရီးဝေးသွားဖို့ အချိန်မရသူများအတွက် အကောင်းဆုံးတစ်ခုအဖြစ် ညွှန်းဆိုပါရစေ။

**အကြံပြုချက်**

လက်ခုပ်ကုန်းကမ်းခြေသည် ရန်ကုန်မြို့နှင့်အလှမ်းမဝေးသောနေရာတွင်ရှိပါသည်။ သို့ဖြစ်၍ လူတိုင်း အလွယ်တကူသွားလာနိုင်ပါသည်။ ဆက်သွယ်ရေးလမ်းကြောင်းလည်း ကောင်းမွန်ပါသည်။ သို့သော် လမ်းညွှန်အမှတ်အသားမရှိပါ။ တစ်လမ်းလုံး မေးသွားနေရပါသည်။ လိုလိုချင်ချင်လည်း ပြောပြကြပါသည်။ကမ်းခြေမှာ သဲနုန်းဖြစ်၍ ရေတက်လာပြီး လှိုင်းရိုက်လိုက်တိုင်း ရွှံ့ဗွက်ထလေသည်။ ကမ်းစပ်တွင် ရေချိုး၍ မကောင်းပါ။ ကမ္ဘာပေါ်တွင် လူလုပ်သော ရေတံခွန်များ (Men made waterfall) ကမ်းခြေတုများ ရှိပါသည်။ အမှန်တကယ်ရှိနေသည့် ပင်လယ်ကမ်းခြေကို နည်းပညာအကူအညီဖြင့်သာ ပြုပြင်ဖန်တီးလိုက်နိုင်မည်ဆိုလျှင်။ ။

## သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနနှင့် သုံးခွမြို့နယ် သုခိတာလူမှုကူညီရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၂)ရပ်ကွက် မြနန္ဒာလမ်းရှိ သုခိတာ လူမှုကူညီရေးအသင်းရုံးခန်း၌ ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဟန်ဖြိုးဇော်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၇ ရက်မှ ဇန်နဝါရီ ၁၆ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြည်စိုးလွင် (သုံးခွ)

# ပုလောမြို့နယ်၌ ကျေးရွာချင်းဆက် ပိတပ်တံတား ဆောက်လုပ်နေမှု ၄၀ ရာခိုင်နှုန်းပြီးစီး

**ပုလော ဇန်နဝါရီ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် လက္ကူ-မြဒေါင်-တိုကျေးရွာ လမ်းပေါ်ရှိ ကျေးရွာချင်းဆက် ပိတပ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူး အဖွဲ့(၉)မှ တာဝန်ယူ ဆောက်လုပ်လျက်ရှိရာ တံတားဆောက်လုပ်နေမှု ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြဒေါင်-ပိတပ်တံတားကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် စတင် ဆောက်လုပ်ခဲ့ပြီး တံတားအရှည် ပေ ၄၂၀၊ အကျယ် ၁၈ ပေ၊ တံတားအခန်းခုနစ်ခန်းပါ သံကူကွန်ကရစ် ကိုယ်ထည်ဘေလီယာဉ်သွားလမ်းတံတားဖြစ်ပြီး ခွင့်ပြုယာဉ်အလေးချိန် ၁၃ တန် ယာဉ်များ ဖြတ်သန်းသွားလာနိုင်ကာ ယာဉ်သွားလမ်းအကျယ် ၁၀ ပေ ၁၀ လက်မ ရှိကြောင်းသိရသည်။

အဆိုပါ ကျေးရွာချင်းဆက် တံတားတည်ဆောက်ပြီးစီးသွားပါက ပုလောမြို့နယ် လက္ကူ၊ မြဒေါင်၊ မှော်ကြောင်း၊ ပဲ့ထောက်၊ ပြင်းဖြူ စသည့်ကျေးရွာများမှ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်အခက်အခဲများကို များစွာအထောက်အကူပြုနိုင်သည့် တံတားတစ်စင်း ဖြစ်ကြောင်း သိရသည်။

**ထူးဝေယံ(ပြန်/ဆက်)**



# ဖားကန့်မြို့ သီတဂူစက္ခုဒါနဆေးရုံတော်တွင် မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများက ဒုတိယအကြိမ် အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသပေး



**ဖားကန့် ဇန်နဝါရီ ၈**

ကချင်ပြည်နယ် ဖားကန့်မြို့ သီတဂူစက္ခုဒါနဆေးရုံတော်တွင် ဇန်နဝါရီ ၅ရက်မှ ၁၀ရက်အထိ ဒုတိယအကြိမ် မျက်စိအခမဲ့ ခွဲစိတ်ကုသပေးရန်အတွက် မျက်စိ ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာဒေါ်မိမိတင်နှင့်အဖွဲ့သည် မျက်စိဝေဒနာရှင်များအား ကုသပေးခဲ့ရာ ဖားကန့်မြို့နယ် ဆရာဝန်ကြီးများနှင့်အဖွဲ့၊ တပ်မတော် ဆရာဝန်နှင့်အဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ လူမှုကူညီရေးအသင်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့တို့၏ ပူးပေါင်းကူညီမှုဖြင့် မျက်စိဝေဒနာရှင် ၇၅၈ ဦး၊ အင်းတော်ကြီး ဒေသမှ ၂၃ ဦးနှင့် ဇန်နဝါရီ ၆ ရက်တွင် မြို့ပေါ် ငါးရပ်ကွက်မှ ၅၁၁ ဦး စုစုပေါင်း ၁၂၉၂ ဦးတို့အား လူနာမှတ်ပုံတင်ပေးနိုင်ခဲ့သည်။

ဇန်နဝါရီ ၆ ရက်အထိ လူနာ ၆၃၉ ဦးအား မျက်စိစမ်းသပ်စစ်ဆေးခြင်းများ ပြုလုပ်ပေးခဲ့ပြီး လူနာ ၆၁ ဦးအား မျက်စိခွဲစိတ်ခြင်း ဆောင်ရွက်နိုင်ခဲ့သည်။

လူနာမှတ်ပုံတင်ပြီး၍ မျက်စိစမ်းသပ်ရန် ကျန်ရှိနေသူများအား ဆက်လက်ခွဲစိတ်ကုသပေးသွားမည်ဖြစ်ပြီး မျက်မှန်များကိုလည်း အခမဲ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်ကျောက်တိုင်ကွင်းတွင် သီတဂူအဓိပတိမဟာနာယက ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (Ph.d)(D.Litt)သည် ဇန်နဝါရီ ၇ရက် ညကစပြီး လုံးခင်း၊ မှော်စီစာ၊ ဆိပ်မူရှိ တရားဟောမဏ္ဍပ်များရှိရာဌာနသို့ တစ်ညစီ တရားဓမ္မများ ဟောကြားချီးမြှင့်ကြောင်း သိရသည်။

**စိုးနိုင်ဦး-ဖားကန့်**

# ရေရှားပါးသည့် ဘုန်းတော်ကြီးကျောင်းသို့ သောက်သုံးရေများ လှူဒါန်း

**ညောင်ဦး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ထနောင်းစုကျေးရွာ တောင်ပေါ်ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များသောက်သုံးရေ ရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရ ကြောင်းသိရ၍ ဇန်နဝါရီ ၆ ရက်က ညောင်ဦးမြို့ မြတ်ဒါနအောက်ဆီဂျင် အခမဲ့နှင့် လူမှုကူညီရေးအသင်းမှ အသင်းအဖွဲ့ဝင်များက ၂၀ လီတာ ပေါ်ပြူလာသောက်ရေသန့်ဘူးများကို အသင်းပိုင်မော်တော်ယာဉ်များဖြင့် သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ညောင်ဦးမြို့နယ်၌ မိုးရွာသွန်းမှု လျော့နည်းခဲ့ခြင်းကြောင့် ကျေးရွာအချို့ရှိ မြေသား မိုးရေလှောင်ကန်များတွင် ရေဝင်ရောက်မှု နည်းပါးခဲ့ပြီး ဆောလျင်စွာရေခန်းခြောက်မှုများ ဖြစ်ပေါ်၍ သောက်သုံးရေရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

ယင်းနေ့က ညောင်ဦးမြို့မြတ်ဒါနအောက်ဆီဂျင် အခမဲ့နှင့် လူမှုကူညီရေးအသင်းမှ ဦးခိုင်လင်းမောင်နှင့် ဦးညီညီထွန်းတို့ ဦးဆောင်၍ အသင်းအဖွဲ့သားများက ထနောင်းစုကျေးရွာ တောင်ပေါ်ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ၂၀ လီတာ ပေါ်ပြူလာသောက်ရေသန့်ဘူး ၁၅၀ ကို အသင်းပိုင်မော်တော်ယာဉ်ဖြင့် လှူဒါန်းပေးခဲ့ကြောင်း သောက်သုံး ရေသွားရောက်လှူဒါန်းပေးသည့် ပရဟိတအသင်းမှ အဖွဲ့ခေါင်းဆောင် ဦးခိုင်လင်းမောင်က ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ရေးမြို့နယ် အုတ်ဖို (၂)ကျေးရွာအား အမှိုက်ကင်းစင်သောကျေးရွာ ဖြစ်လာစေရေးဆောင်ရွက်

**ဝေါ ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီးဝေါမြို့နယ် အုတ်ဖို(၂)ကျေးရွာ၌ သန့်ရှင်းသပ်ရပ်ပြီး အမှိုက်ကင်းစင်သောကျေးရွာ ဖြစ်ပေါ်လာစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်း၌ သန့်ရှင်းသပ်ရပ်ပြီး အမှိုက်ကင်းစင်သောကျေးရွာဖြစ် ပေါ်လာစေရေးအတွက် ဇန်နဝါရီ ၃ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် အတူအိမ်ခြေ ၁၉၃ အိမ် လူဦးရေ ၁၀၇၇ ရှိသည့် အုတ်ဖို (၂)ကျေးရွာ၌ အသိပညာပေးဟောပြောခြင်း၊ စုပေါင်းအမှိုက်ကောက်၍ စနစ်တကျ စွန့်ပစ်ရေး လှုံ့ဆော်ပညာပေးခြင်း၊ အသိပေးဆိုင်းဘုတ်ငယ်များ ထားရှိခြင်း၊ စနစ်တကျအမှိုက်များ စွန့်ပစ်နိုင်ရေး လမ်းဆုံများတွင် အမှိုက်ပုံးများထားရှိခြင်း၊ ကျေးရွာမှ ထွက်ရှိသော အမှိုက်များကို ကျေးရွာအပြင်ဘက်တွင် တူးဖော်ထားသော အမှိုက်ကျင်းသို့ စွန့်ပစ်ခြင်းများကို ကျေးရွာနေပြည်သူများအား စုပေါင်းပါဝင်ဆောင်ရွက်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို အုတ်ဖို (၂)ကျေးရွာမှ ကျေးရွာကော်မတီများ၏ ကြိုးစားမှုနှင့်အတူ ကျေးရွာမှ ဒေသခံများက တက်ကြွစွာပူးပေါင်းပါဝင်၍ အပတ်စဉ် စုပေါင်းအမှိုက်ကောက်ခြင်း၊ ထွက်ရှိသော အမှိုက်များအား ပရဟိတလူငယ်များက အမှိုက်သိမ်းမော်တော်ဆိုင်ကယ်ဖြင့် ကျေးရွာအပြင်ဘက်ရှိ တူးဖော်ထားသော အမှိုက်ကျင်းသို့ စွန့်ပစ်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**



# လောက်ကိုင်မြို့နယ်၌ တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး

**လောက်ကိုင် ဇန်နဝါရီ ၈**

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ် နားလီကျေးရွာရှိ တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စိုက်ပျိုးရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲနှင့် စိုက်ပျိုးရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ စိုက်ပျိုးရေး အသိပညာပေးစင်တာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စိုက်ပျိုးထုတ်လုပ်ရေး၊ သဘာဝမြေဩဇာများကို တောင်သူများ လက်တွေ့ပြုလုပ်တတ်စေရန် စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေး ဆွေးနွေးပြီး မြို့နယ် စိုက်ပျိုးရေး ဦးစီးမှူး ဦးမြင့်လွင်က ကြံအထွက်တိုး စိုက်နည်းစနစ်များအကြောင်းကို ပြောကြားသည်။

ထို့နောက် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံက ပိုးသတ်ဆေးအန္တရာယ်ကင်းစွာ သုံးစွဲနည်းများအကြောင်း ရှင်းလင်းပြောကြားကာ ဒေသဦးစီးအဖွဲ့ဝင် ဦးအိုက်ကောနှင့် တာဝန်ရှိသူများက တောင်သူများအား ဆေးဖျန်းပုံးများ ထောက်ပံ့ပေးအပ်ပြီး စိုက်ပျိုးရေးဆိုင်ရာ လက်ကမ်းစာစောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# တောင်ငူကိုအခြေပြု၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် နေရာသစ်များ

ကိုလွင် (ဆွာ)

မြန်မာနိုင်ငံသည် ရေမြေတောတောင်သဘာဝ ရေခံမြေခံကောင်းမွန်ပြီး သာယာလှပ အပန်းဖြေ အနားယူ လည်ပတ်နိုင်သောနေရာများစွာရှိနေရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ လာရောက်လည်ပတ်သူများအပြင် ပြည်တွင်းခရီးသွားလာသူများ အနေဖြင့်လည်း ယခင်ကထက် ပိုမိုများပြားလာလျက်ရှိရာ လက်ရှိအထင်ကရ လည်ပတ်နိုင်သော နေရာများအပြင် ခရီးသွားနေရာအသစ်များကို ဖော်ဆောင်ရန် လိုအပ်လျက်ရှိနေပြီဖြစ်သည်။

**ခရီးသွားလုပ်ငန်းများအတွက် နေရာသစ်များရှိ**

စာရေးသူတို့ နေထိုင်ရာဒေသသည် တောင်ငူကို ဗဟိုပြုလျက်ရှိရာ တောင်ငူဒေသ၊ သံတောင်ကြီးဒေသ၊ ရေတာရှည်ဒေသ အများအပြား၌ ခရီးသွားလုပ်ငန်း လုပ်ကိုင်ရန် နေရာသစ်များစွာ ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ တောင်ငူမြို့သည် နှစ်ပေါင်း ၅၀၈ နှစ် ပြည့်မြောက်ခဲ့ပြီး သက်တမ်းအားဖြင့် ရှေးနှစ်ပေါင်းများစွာကပင် မင်းအဆက်ဆက် ထီးနန်းစိုက်ခဲ့သော မြို့ကြီးဖြစ်သည့်အားလျော်စွာ ကြွင်းကျန်ရစ်သော ရှေးဟောင်းအမွေအနှစ်နေရာ များစွာရှိနေသဖြင့် စနစ်တကျ ဖော်ထုတ်ထိန်းသိမ်းနိုင်ပါက ခရီးသွားလုပ်ငန်းအတွက်များစွာ အကျိုးရှိမည် ဖြစ်လေသည်။

**တောင်ငူမြို့ပတ်ဝန်းကျင်**

ရွှေဆံတော်ဘုရား၊ မြစည်းခုံဘုရား၊ လေးကျွန်းကန်တော်ကြီးအပြင် အခြားသော ရှေးဟောင်းသမိုင်းဝင်စေတီ များစွာရှိသည့်အပြင် တောင်ငူမြို့ရိုးနှင့် ကျုံးများ၊ ကိုလိုနီခေတ်အဆောက်အအုံများ၊ မြို့လေးဝန်းဟုခေါ်ဆိုသော ခံတပ်ကြီးမှာ စိတ်ဝင်စားဖွယ်ကောင်းသည့် နေရာများလည်းဖြစ်သည်။ ထို့အတူ တောင်ငူမြို့မှ အရှေ့ဘက်သို့ ဆက်လက်ထွက်ခွာသွားရောက်ပါလျှင် တောင်ငူမြို့နယ်၊ သာယာလှပသော ပသိဆည်တမံ၊ ကရင်ပြည်နယ် သံတောင်မြို့ ၁၃ မိုင်တွင် သဘာဝကျောက်ဆောင်ကျောက်တုံးများအကြား စီးဆင်းနေသည့် ပသိချောင်းအပန်းဖြေစခန်း၊ ဆက်လက်၍အထက်သို့တောင်ပေါ်လမ်းအတိုင်း ဆက်သွားပါက တိမ်တောင်တိမ်တိုက်များအကြား ထိုးထွက်နေသော လှပသည့်တောင်တန်းများနှင့် သံတောင်ကြီးမြို့ နော်ဘူဘောဆုတောင်းတောင်တို့ကို လေ့လာလည်ပတ်နိုင်သည့်အပြင် ကိုလိုနီခေတ်လက်ရာအဆောက်အအုံများ၊ လက်ဖက်စိုက်ခင်းများ၊ ရော်ဘာစိုက်ခင်းများ၊ ကျွန်းစိုက်ခင်းများ၊ ဒူးရင်း၊ မင်းကွတ်၊ နာနတ်စိုက်ခင်းများကို တွေ့ရှိရမည့်အပြင် ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု လူနေမှုဘဝ



ရေလွဲရေတံခွန်အား တွေ့ရစဉ်။

ဓလေ့ထုံးစံများကိုပါ မြင်တွေ့ရှိရမည် ဖြစ်လေသည်။

**ဝါးဖောင်အိမ်လေးများ**

ထို့အပြင် လူသိနည်းပါးသော နေရာတစ်ခု ရှိနေပါသေးသည်။ အုတ်တွင်းမြို့အနောက် အုတ်တွင်း-ပေါင်းခေါင်း ရိုးမဖြတ်ကျော် ကားလမ်းအတိုင်း ဆက်သွားလျှင် ခပေါင်းဆည်တမံသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ထိုခပေါင်းဆည် အတွင်း ရေပြင်ပေါ်တွင် ဝါးဖောင်အိမ်လေးများ ဆောက်လုပ်ကာ တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းနေကြရသူတို့ လူနေမှုဘဝများမှာ များစွာ စိတ်ဝင်စားစရာကောင်းသလို ထိုလူနေအိမ်လေးများသို့ စက်လှေစီးကာ သွားရောက်လည်ပတ်နိုင်မည့်အပြင် သာယာလှပသော တောတောင်သဘာဝကို လေ့လာမှတ်တမ်းတင်နိုင်မည်လည်း ဖြစ်သည်။ ထိုအုတ်တွင်း-ပေါက်ခေါင်း ရိုးမဖြတ်ကျော်ကားလမ်းအတိုင်း ဆက်လက်သွားရောက်လျှင် မိုင် ၂၀ ဆင်စခန်းသို့ တောတွင်း လေးမိုင်ခန့်ဝင်ရောက်လျှင် ရောက်ရှိနိုင်ပြီး ဆင်အိုကြီးများ၊ သားထိန်းဆင်၊ လုပ်သားဆင်၊ ဆင်ပေါက်လေးများအား တောတွင်းသဘာဝအတိုင်း မြင်တွေ့လေ့လာခွင့် ရရှိနိုင်မည်ဖြစ်သည်။

**ဂျပန်စစ်စခန်းဟောင်း**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ရေတာရှည်မြို့နယ်အတွင်း နန်ချွန်ကျေးရွာ ဒေသဝန်းကျင်၌ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်စခန်း ဆောက်လုပ်ခဲ့သောနေရာများ၊ ဘန်ကာများ၊ စစ်လေယာဉ်ကွင်းနေရာများအား ပြန်လည်ဖော်ထုတ်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ ထိုသို့နေရာများကို ပြန်လည်ဖော်ထုတ်နိုင်ပါက များစွာစိတ်ဝင်စားဖွယ်ကောင်းပြီး ဒေသအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွက်လာနိုင်ဖွယ်ရှိနေသည်။ တောင်ငူမြို့နယ်အတွင်း ပါဝင်သည့်ကျေးတော၊ နှစ်ဆောင်ပြိုင် ဒေသများမှသည် ရေတာရှည်မြို့နယ် နန်ချွန်ကျေးရွာဝန်းကျင် ဒေသများမှာ ဂျပန်စစ်စခန်းများ ချခဲ့သည့်နေရာများဖြစ်ကြောင်း ထိုခေတ်အခါက သိမီလိုက်သူများက ပြောကြားသည်။

**ပျူမြို့ဟောင်း**

ရေတာရှည်မြို့နယ်တွင် ခရီးသွားလုပ်ငန်း ဖော်ဆောင်ရန် နေရာအချို့ကိုဆက်လက်ဖော်ဆောင်ပြရလျှင် ကျွဲရိုင်းပြင်ကျေးရွာအုပ်စု၊ ကပ်ပယ်ကျေးရွာလမ်းခွဲမှ ဝင်ရောက်ရသော ဂဝံကျောက်တုံးများဆင့်ကာ အကျယ်အဝန်းအားဖြင့် သုံးမိုင်ခန့် မြို့ရိုးအဖြစ် တည်ဆောက်ထားသည့်ပျူမြို့ဟောင်းမှာ တောကြီးမျက်မည်းထဲတွင် လူသူအရောက်အပေါက်နည်းပါး၍ တောများဖုံးလွှမ်းလျက်ရှိနေသည်။ ယခုအခါ ရေတာရှည်-ကရင်ချောင်း-လိပ်သိုကားလမ်း ကျွဲရိုင်းပြင် စစ်တောင်းမြစ်ကူးတံတားကြီး တည်ဆောက်နေပြီဖြစ်ရာ ထိုတံတားကြီးသာ ပြီးစီးသွားပါက ကျွဲရိုင်းပြင်ကျေးရွာအုပ်စု ရေလွှဲကျေးရွာအထက်ဘက်ရှိ သဘာဝအတိုင်း အရှေ့ဘက်ကျောက်တောင်ကြီးများဆီမှ တိုးဝှေ့စီးဆင်းနေသော ရေလွှဲရေတံခွန်နေရာသည် ယခုထက်ပိုပြီး စည်ကားလာမည်ဖြစ်သည်။

**ရေလွှဲရေတံခွန်**

ရေလွှဲရေတံခွန်နေရာသည် သစ်တောကြိုးဝိုင်းဒေသဖြစ်သည့်အားလျော်စွာ နေရာဒေသအလိုက် အပန်းဖြေ စခန်းများ၊ စားသောက်ဆိုင်များ၊ နားနေရန်နေရာများကို အစီအစဉ်ကျကျ ဆောင်ရွက်ရန် လိုအပ်နေသေးပြီး လက်ရှိအားဖြင့် ဒေသခံများက နေရာများကို မိမိတို့သဘောဖြင့် သတ်မှတ်ကာ တစ်ဆင့်ပြန်လည်ရောင်းချမှုများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစိစစ်သင့်ကြောင်း ကရင်ချောင်းကျေးရွာ ဒေသခံများက ပြောသည်။ ယင်းဒေသသည် ခရိုင်ချင်းဆက် လမ်းဘေးတွင် တည်ရှိနေရာ ခရိုင်ချင်းဆက်လမ်းအတိုင်း လှိုင်ကော်-တောင်ငူကားလမ်းသို့ ပြန်တက်၍ သံတောင်မြို့သို့လည်း ဆက်လက်သွားရောက်နိုင်မည် ဖြစ်သည်။

**ဖိုးကျားအပန်းဖြေဆင်စခန်း**

အခြားသော အပန်းဖြေနေရာ တစ်ခုဖြစ်သော သာဂရ-ကိုးပင်ရိုးမ ဖြတ်ကျော် ကားလမ်း ၁၀ မိုင်ရှိ ဖိုးကျားအပန်းဖြေဆင်စခန်းဖြစ်သည်။ သာဂရမြို့ဆင်နှစ်ကောင်လမ်းခွဲမှ ဝင်ရောက်ရပြီး နေပြည်တော်-ရန်ကုန် အမြန်လမ်းမှဆိုလျှင် မိုင်တိုင် ၁၇၄ မှ ဝင်ရောက်နိုင်မည် ဖြစ်သည်။ ဖိုးကျားအပန်းဖြေဆင်စခန်းကို ၂၀၀၅ ခုနှစ် ကတည်းက မြန်မာ့သစ်လုပ်ငန်းမှ ဦးစီး၍ ဖွင့်လှစ်ထားခြင်းဖြစ်ကာ ဆင်ပြကွက်များ၊ သိုင်းချောင်းအတွင်း ဆင်များရေချိုးပေးခြင်းတို့ကို လေ့လာနိုင်ပြီး တောင်ပေါ်လမ်းအတိုင်း ဆင်များစီး၍ အပန်းဖြေနိုင်သည့်အပြင် အမျိုးစုံ လှသော ငှက်များကိုလည်း လေ့လာကြည့်ရှုနိုင်မည်ဖြစ်သည်။ ထိုဆင်စခန်းမှ အနောက်ဘက်သို့ ဆက်သွားမည်ဆိုလျှင် မိုင်တိုင် ၁၃ မှ လမ်း ယာဘက်တောတွင်းသို့ နှစ်မိုင်ခန့်ဆက်သွားလျှင် ကွေ့ဝိုက်စီးဆင်းလျက်ရှိသော သိုင်းချောင်းနှင့် သိုင်းချောင်းဆင်စခန်းကို အပေါ်စီးမှ လှပစွာမြင်တွေ့နိုင်ပြီး ထိုဆင်စခန်း၌ ဆင်အိုဆင်နာများ၊ သားထိန်းဆင်များ၊ ဝန်တင်လုပ်သားဆင်များ၊ ဆင်ပေါက်လေးများနှင့် ဆင်ဦးစီးတို့၏ လူနေမှုဘဝများကို လေ့လာနိုင်မည်ဖြစ်ပါကြောင်း ခရီးသွားနေရာသစ်များ ပေါ်ပေါက်နိုင်ရေးအတွက် လက်လှမ်းမီသရွေ့ တင်ပြလိုက်ရခြင်းဖြစ်ပါသည်။



ဖိုးကျားဆင်စခန်း၌ လာရောက်အပန်းဖြေသူများကို တွေ့ရစဉ်။

## မိတ္ထီလာမြို့နယ် ဆွာတောကျေးရွာရှိ စမ်းသပ်ဆောင်ရွက်ဆဲ လူထုအခြေပြုခရီးသွားလုပ်ငန်းသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လေ့လာ



**မိတ္ထီလာ ဇန်နဝါရီ ၈**

မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအုပ်စု ဆွာတောကျေးရွာရှိ စမ်းသပ်ဆောင်ရွက်ဆဲလူထုအခြေပြု ခရီးသွားလုပ်ငန်းသို့ နိုင်ငံစုံမှ နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့လာကြောင်း အက်ရှင်အေ့ဒ်မြန်မာ(မိတ္ထီလာ) အစီအစဉ်အရာရှိ ဦးတိုးတိုးထံမှ သိရသည်။

"လူထုအခြေပြုခရီးသွားလုပ်ငန်းကို ၂၀၁၄ ခုနှစ်က မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်မှာ အက်ရှင်အေ့ဒ်မြန်မာက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ နှစ်ကုန်ပိုင်းမှာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဆွာတောကျေးရွာမှာ စတင်စမ်းသပ်ဆောင်ရွက်ခဲ့တာပါ။ စမ်းသပ်ဆောင်ရွက်ဆဲကာလမှာ အာဆီယံနိုင်ငံတွေအပြင် ကိုရီးယား၊ ဩစတြေးလျ၊ ယူကေ၊ ယူအက်စ်အေ၊ နိုင်ဂျီးရီးယားနဲ့ နိုင်ငံစုံက နိုင်ငံခြားခရီးသွား ဧည့်သည်တွေက ဆွာတောကျေးရွာ လူထုအခြေပြု ခရီးသွားလုပ်ငန်းကို လာရောက်လည်ပတ်ပြီး ဒေသခံတွေရဲ့ ကျေးလက်လူနေမှု ဓလေ့ထုံးစံတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို လေ့လာခဲ့ကြပါတယ်။ ကျွန်တော်တို့ ချိတ်ဆက်ထားတဲ့ ရန်ကုန်အခြေစိုက် ခရီးသွားကုမ္ပဏီကတစ်ဆင့် လာရောက်လည်ပတ်တဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေက ဆွာတောကျေးရွာမှာရှိတဲ့ ကျေးလက် လူနေမှုဓလေ့ထုံးစံများကို နှစ်သက်သဘောကျတာ တွေ့ရတယ်။ အခု ၂၀၁၉ ဇန်နဝါရီလထဲမှာ လူထုအခြေပြုခရီးသွားလုပ်ငန်းကို ဆွာတောကျေးရွာမှာ အကောင်အထည်ဖော် ဆက်လက်ဆောင်ရွက်သွားဖို့အတွက် ဆွာတောကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်တွေနဲ့ ကျွန်တော်တို့ အက်ရှင်အေ့ဒ်မြန်မာက တာဝန်ရှိသူတွေ ညှိနှိုင်းတိုင်ပင်နေကြပါတယ်"ဟု ၎င်းက ပြောသည်။

ဆွာတောကျေးရွာတွင် လူထုအခြေပြု ခရီးသွားလုပ်ငန်းအတွက် လိုအပ်သည့် ပံ့ပိုးကူညီထောက်ပံ့မှုများကို အက်ရှင်အေ့ဒ်မြန်မာ (မိတ္ထီလာ) ဖြည့်ဆည်း ကူညီပေးလျက်ရှိပြီး ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရေရှည်ကာလတွင် ဒေသခံများ ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရသည်။

ချမ်းသာ (မိတ္ထီလာ)

# အလောင်းတော်ကဿပသို့ ရုံးပိတ်ရက်များတွင် ဘုရားဖူးဧည့်သည်လာရောက်မှု များပြားလျက်ရှိ

**ကနီ ဇန်နဝါရီ ၈**

ယခုနှစ် ဘုရားဖူးရာသီတွင် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်း တည်ရှိသော အလောင်းတော်ကဿပစံကျောင်းနှင့် ရုပ်ကလပ်တော်တည်ရှိရာ လိုဏ်ဂူတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူ များပြားလျက်ရှိပြီး အထူးသဖြင့် ရုံးပိတ်ရက်များတွင် ပို၍လာရောက်မှုများနေကြောင်း အလောင်းတော်ကဿပ ဂေါပကအဖွဲ့မှ သိရသည်။

ယခုနှစ်တွင် အလောင်းတော်ကဿပသို့ သွားရောက်နိုင်သည့် ကပိုင်-သပိတ်ဆေး ဘုရားဖူးရာသီလမ်းကို ဇန်နဝါရီ ၃ ရက်က စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်ဝင်ရောက်မှုသည် ရုံးဖွင့်ရက်များတွင် အနည်းငယ်လျော့နည်းသော်လည်း ရုံးပိတ်ရက်များတွင်မူ ဝင်ရောက်မှုများပြားလျက်ရှိကြောင်း အလောင်းတော်ကဿပ ဂေါပကအဖွဲ့မှ သိရသည်။

"လမ်းကြောင်းအနေနဲ့တော့ ကောင်းပါတယ်၊ အခုနှစ်မှာ ရာသီဥတုအခြေအနေကောင်းတော့ ခါတိုင်းနှစ် ဖွင့်တဲ့ရက်ထက် လေးရက်လောက်စောပြီး ဖွင့်နိုင်ခဲ့တယ်၊ အခုအခြေအနေကတော့ ရုံးပိတ်ရက်တွေမှာ ခရီးသွားဝင်ရောက်မှု များပါတယ်၊ ဘုရားဖူး တည်းခိုဆောင်တွေမှာလည်း ရုံးပိတ်ရက်တွေမှာ လူ ၃၀၀ ကနေ ၄၀၀ လောက်အထိ ညအိပ်လာကြပါတယ်၊ နေ့ချင်းပြန်ဘုရားဖူးဧည့်သည်တွေလည်း များပါတယ်၊ မုံရွာကနေ ပြေးဆွဲပေးတဲ့ မော်တော်ယာဉ်တွေ၊ ကိုယ်ပိုင်မော်တော်ယာဉ်တွေနဲ့ အလာများကြတယ်၊ တချို့တွေကတော့ ဆိုင်ကယ်တွေနဲ့ လာရောက်ကြတာတွေလည်း ရှိပါတယ်"ဟု အလောင်းတော်ကဿပ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလောင်းတော်ကဿပသို့ ရုံးပိတ်ရက်များတွင် ခရီးသွားများ လာရောက်မှု များပြားနေသောကြောင့် ဘုရားဖူးဧည့်သည်များအား အမှီပြု၍ ရောင်းချလျက်ရှိသော အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် အမှတ်တရဓာတ်ပုံရိုက်လုပ်ငန်း လုပ်ကိုင်သူများ အနေဖြင့် အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



# နေပြည်တော် လက်လုပ်တောင်ရွှေနန်းသွင်း စေတီတော်၌ အပတ်စဉ် တရားအားထုတ်ပွဲ ပြုလုပ်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိစေတီတော်ကြီးအနီးရှိ လက်လုပ်တောင်၌ တရားအားထုတ်ခဲ့သော ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီးနှင့် ဗောဓိရိပ်ငြိမ်ဆရာတော်တို့၏ ကျေးဇူးတော်ကို တရားဖြင့်ကျေးဇူးဆပ်သည့်အနေဖြင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့ညနှင့် တနင်္ဂနွေညများတွင် လက်လုပ်တောင်ရွှေနန်းသွင်း စေတီတော်၌ ခင်ပွန်းကြီး(၁၀)ပါး တောင်းပန်ကန်တော့ခြင်းနှင့် စုပေါင်းတရားဘာဝနာပွားများခြင်း အစီအစဉ်နှစ်ခုကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။



နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကောင်းမှုကုသိုလ်များရရှိစေရန်၊ ဝိပဿနာတရားထိုင်ခြင်းအကျိုးကြောင့် စိတ်၏ငြိမ်းအေးမှုကိုရရှိကာ သဘာဝတရား များအပေါ်တွင် ဝေဖန်ပိုင်းခြင်းဆင်ခြင်နိုင်သော အသိတရားများ ရရှိစေရန် ရည်ရွယ်လျက် ယခုကဲ့သို့ စီစဉ်ခြင်းဖြစ်ကြောင်း ဦးဆောင်ကျင်းပသူ ဗောဓိဟိတကာရီအဖွဲ့မှ တာဝန်ရှိသူ ဦးအောင်ဘိုဘိုထံမှ သိရသည်။

ယခုလို စုပေါင်း၍ တရားဘာဝနာပွားများ ကုသိုလ်ယူခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနှင့် တနင်္ဂနွေ ည ၇ နာရီမှ ည ၉ နာရီအထိ ပြုလုပ်လျက်ရှိပြီး တရားအားထုတ်သူလူ ၂၀၀ ကျော်ရှိကာ လာရောက်၍ တရားအားထုတ်သူများအား ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ စုရပ်များ၌ အကြိုအပို့ စီစဉ်ဆောင်ရွက်ပေးခြင်း၊ အကျွေးအမွေးဖြင့် ဧည့်ခံခြင်းတို့ကို အဖွဲ့နှင့် အလှူရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**
**ဓာတ်ပုံ - ဝေလျံမောင်(နေပြည်တော်)**

# ယင်းခဲကြီးဝိုင်းအတွင်း ကုမ္ပဏီတစ်ခုလုပ်ကိုင်နေသည့်မြေများကို သစ်တောဦးစီးဌာနမှ သိမ်းဆည်း

**ကသာ ဇန်နဝါရီ ၈**

ကသာမြို့နယ် ယင်းခဲကြီးဝိုင်းအတွင်း ဟွန်ဒါ(မြန်မာ)ကုမ္ပဏီက နှစ် ၃၀ မြေငှားခွင့်ရရှိထားသည့် မြေဧက ၃၆၀၀၀ ကို ကသာမြို့နယ် သစ်တောဦးစီးဌာနက မြေပြင်အခြေအနေ စစ်ဆေးလေ့လာတွေ့ရှိမှုအရ သတ်မှတ်ထားသည့်စည်းကမ်းနှင့် မညီညွတ်သဖြင့် ၁၅၈၈၅ ဒသမ ၈၆ ဧကကို နိုင်ငံပိုင်အဖြစ် ၂၀၁၆ ခုနှစ်က ပထမအကြိမ်သိမ်းဆည်းခဲ့ပြီး ကျန်ရှိသည့်မြေများထဲမှ ၁၅၈၀၆ ဧကကို ထပ်မံသိမ်းဆည်းခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို သစ်တောဦးစီးဌာနက ယင်းခဲကြီးဝိုင်း ဆုံစည်းရာလမ်းဆုံ၌ ဇန်နဝါရီ ၆ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် ကသာမြို့နယ် သစ်တောဦးစီးဌာနမှူး ဦးတင်ထွဏ်းက သစ်တောဦးစီးဌာနအနေဖြင့် ကုမ္ပဏီအား ကျွန်းစိုက်ခင်း ၄၅၀၀ ဧကကို ဆက်လက်ခွင့်ပြုခဲ့ပြီး စက်မှုကုန်ကြမ်းသီးနှံ စိုက်ပျိုးခွင့်ရ ဧက ၃၃၀၀၀ အနက် ၁၅၈၈၅ ဒသမ ၈၆ ဧကကို ပထမအကြိမ် ပြန်လည်သိမ်းဆည်းခဲ့ကြောင်း၊ ကျန်ရေိယာ ၁၇၁၁၄ ဒသမ ၁၄ ဧကမှ အမှန်စိုက်ပျိုးပြီးသည့် ယူကလစ် ၉၂၂ ဒသမ ၂၆ ဧကကို စာချုပ်ချုပ်ဆိုခွင့်ပြုထားကြောင်း၊ ကြံစိုက်ဧရိယာ ၃၇၄ ဒသမ ၉၈ ဧကအတွက် စာချုပ်စည်းကမ်းနှင့်အညီ ကုန်ထုတ်လမ်းဝဲ/ယာတွင် ၁၅ ပေအကွာအဝေး၌ ပျဉ်းကတိုး၊ ပိတောက်စသည့် သစ်မျိုးများ ရှင်သန်အောင် စိုက်ပျိုးပြီးမှ စာချုပ်ချုပ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ မြေယာရှုပ်ထွေးမှုများရှိသည့် ဧရိယာ ၁၅၈၀၆ ဒသမ ၉ ဧကကိုမူ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်သိမ်းဆည်းပြီး အမှန်တကယ်စိုက်ပျိုးနေသည့် တောင်သူများအား သီးနှံသစ်တော ရောနှောစိုက်ခင်း တည်ထောင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဒေသခံတောင်သူများအား သီးနှံသစ်တော ရောနှောစိုက်ခင်း တည်ထောင်ခွင့်ပြုရာတွင် စည်းကမ်းချက် အဆင့်ကိုးဆင့် သတ်မှတ်ထားရှိကြောင်းနှင့် အနည်းဆုံး ငါးဦးနှင့်အထက် အဖွဲ့တစ်ဖွဲ့စီ စုဖွဲ့ထားမှသာလျှင် ခွင့်ပြုမည်ဖြစ်ကြောင်း၊ သစ်တောဌာနမှ သိမ်းဆည်းထားပြီးဖြစ်၍ ဒေသခံများအနေဖြင့် ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်လုပ်ကိုင်ပါက တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်းလည်း ဦးစီးမှူးက ဆက်လက် ရှင်းလင်းပြောကြားခဲ့သည်။

**ငွေအိုး(ကသာ)**



# ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်သည့် မြန်မာအလုပ်သမား ခြောက်ရာကျော်ရှိလာ

**ကော့သောင်း ဇန်နဝါရီ ၈**

ထိုင်းနိုင်ငံတောင်ပိုင်းဒေသများတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမား အမျိုးသား ၆၈ ဦးနှင့် အမျိုးသမီး ရှစ်ဦးအား ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ရနောင်းမြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ နယ်စပ်ဂိတ်ကိုဖြတ်၍ ဇန်နဝါရီ ၇ ရက်က ပြန်လည်ပို့ဆောင်ခဲ့ရာ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမား စုစုပေါင်းသည် ဇန်နဝါရီ ၇ ရက်အထိ ၆၃၀ ရှိပြီဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမား ၇၅ ဦးမှာ ထိုင်းနိုင်ငံအတွင်း သွားရောက်အလုပ်လုပ်ကိုင်ရင်း အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံ၏ ဥပဒေအရ အရေးယူခံရပြီး မြန်မာနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးသည့် မြန်မာအလုပ်သမားများဖြစ်ကာ ထိုင်း-မြန်မာ မြို့နယ်အဆင့် နယ်ခြားကော်မတီ၏ ကူညီမှုဖြင့် မြန်မာနိုင်ငံ ကော့သောင်းမြို့မှ ဒေသအာဏာပိုင်များထံသို့ ပြန်လည်လွှဲပြောင်းခြင်းဖြစ်ကြောင်း သိရသည်။

နေရပ်ပြန်လာသည့် မြန်မာအလုပ်သမားများအား ကော့သောင်းမြို့နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုကာ ပြည်သူ့ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီးနောက် အလုပ်သမားများ၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ **ကျော်စိုး (ကော့သောင်း)**

# ထာဝရငြိမ်းချမ်းရေးစေတီအတွက် အလှူငွေပေးအပ်

**မန္တလေး ဇန်နဝါရီ ၈**

မြန်မာနိုင်ငံတော် ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း၌ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၏ မတည်လှူဒါန်းမှုနှင့် ခုနစ်ရက်သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ထာဝရငြိမ်းချမ်းရေး စေတီတော်ကြီးကို တည်ထားလျက်ရှိရာ စေတီတော်တည်ဆောက်ရေးလုပ်ငန်းအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လျက်ရှိသည်။

ဇန်နဝါရီ ၇ ရက်ကလည်း မန္တလေးမြို့နေ ဦးခင်မောင်တင့် (အင်ဂျင်နီယာမှူးကြီး-ငြိမ်း) - ဒေါ်ချောမေ မိသားစုက အလှူငွေကျပ် ၁၀ သိန်းကို နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) ရေစက်ချကျောင်းဆောင်၌ လာရောက်လှူဒါန်းခဲ့ပြီး ညွှန်ကြားရေးမှူး ဦးကျော်စိန်ဝင်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ စေတီတော်တည်ဆောက်ရေးအတွက် လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ညွှန်ကြားရေးမှူး-ဖုန်း-၀၉-၂၀၀၀၁၀၀၊ ဒုတိယညွှန်ကြားရေးမှူး - ဖုန်း-၀၉-၄၂၇၀၇၂၅၇၄ နှင့် လက်ထောက်ညွှန်ကြားရေးမှူး-ဖုန်း-၀၉- ၂၀၀၀၇၁၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ပေါက်ခေါင်းမြို့နယ်၌ အခမဲ့ ဆေးဝါးကုသပေး

**ပေါက်ခေါင်း ဇန်နဝါရီ ၈**

မြို့ပြနှင့်အလှမ်းကွာဝေးသော ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် အမှတ် (၆) တပ်မတော်ဆေးရုံ ခုတင် (၁၀၀) နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကရင်တိုင်းသားအများစုနေထိုင်သော ခပေါင်းကျေးရွာ၌ အခမဲ့ ကွင်းဆင်းဆေးကုသမှုများအား ဇန်နဝါရီ ၆ ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။



ဆေးကုသပေးရာတွင် ဒေသခံ တိုင်းရင်းသားပြည်သူ ၁၅၀ ခန့်၏ အရိုးအကြောရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး ခွဲစိတ်ရန်လိုအပ်သည့် ရောဂါများကို ခွဲစိတ်ကုသပေးခဲ့ကာ ဆေးဝါးများလည်း အခမဲ့ပေးအပ်ခဲ့သည်။

ထို့အပြင် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား တပ်မတော်ဆေးရုံ ခုတင် (၁၀၀) သို့ တက်ရောက်ကုသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးနှင့် ပတ်သက်သည့် ဆောင်ရန်ရှောင်ရန်များနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ **သန်းထွန်းအောင် (ပြန်/ဆက်)**

# ဂုဏ်ပြုပူဇော်လွှာ

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက် (လွတ်လပ်ရေးနေ့) တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း ရရှိတော်မူကြသည့် ဆရာတော်ကြီးများအား တပည့်သာဝကများမှ ဝမ်းမြောက်စွာ ဂုဏ်ပြုပူဇော်အပ်ပါသည်။

"အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော်ရ
ဓလုံတောင်ဆရာတော်ကြီး "ဘဒ္ဒန္တဝိဇယ"
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
စတုဘုမ္မိကနိကာယ ဂဏဝါစကပတိ ဒုတိယသာသနာပိုင်
စတုဘုမ္မိကမဂ္ဂင်ရိပ်သာ (နဂါးရိပ်သာ)ကျောင်းတိုက်၊ မန္တလေးမြို့။

"အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ
ဆရာတော်ကြီး "ဘဒ္ဒန္တခေမိန္ဒာစာရ"
သိရီပဝရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊
စတုဘုမ္မိကနိကာယဗဟိုအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ
စတုဘုမ္မိကဌာနချုပ်၊ ပုဇွန်တောင်မြို့နယ်၊ (၅၃)လမ်းကျောင်းတိုက်၊ ရန်ကုန်မြို့။

"အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ
ဆရာတော်ကြီး "ဘဒ္ဒန္တခေမိန္ဒာစာရ"
မဟာဂန္ထဝါစကပဏ္ဍိတ၊
ရေဝတီတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ
စတုဘုမ္မိကပရိယတ္တိစာသင်တိုက်၊ ညောင်တပင်၊ ဒေးဒရဲမြို့။

ဒေါက်တာအရှင်ဝိစိတ္တ (ထီးချိုင့်ဆရာတော်)
သာသနဓဇဓမ္မာစရိယ B.A, M.A Ph.D (Buddhism)
စတုဘုမ္မိကမဟာသတိပဋ္ဌာန်ကျောင်းတိုက်
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့။

ဘဒ္ဒန္တကဝိသာရ (ကျုံပျော်ဆရာတော်)
ဓမ္မာစရိယ
စတုဘုမ္မိကမဟာသတိပဋ္ဌာန်ကျောင်းတိုက်
ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့။

အရှင်ကောဝိဒ (ဘိုးဘွားဓမ္မရိပ်သာဆရာတော်)
(စတုဘုမ္မိက နယ်လှည့်သာသနာပြု)
စတုဘုမ္မိကမဟာသတိပဋ္ဌာန်ကျောင်းတိုက်၊ (ဝိဇ္ဇာမဂ္ဂင်ဘိုးဘွားဓမ္မရိပ်သာ)
ကျောက်ရေတွင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဦးအောင်လင်း+ဒေါ်ခင်သန်းနွဲ့
"ပဒုမ္မာရွှေကြာစကြာရတနာဆေးတိုက်"
ဆရာစို ဒေါ်ခင်စံ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
(မိသားစု)နှင့် စတုဘုမ္မိက 'သာဝက'များ၊ ရန်ကုန်မြို့။



# ဂုဏ်ယူဝမ်းမြောက်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၉)ဖြင့် သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မသီဂီဘွဲ့တံဆိပ်** အပ်နှင်းခြင်းခံရသော **ဒေါ်သန်းသန်းဦး** (Chairman,Mudon Maung Maung Group of Companies.)အတွက် မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများအားလုံးက လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်**

# ဂုဏ်ယူဝမ်းမြောက်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၉)ဖြင့် သာသနာတော်ဆိုင်ရာ **သုဓမ္မဇောတဓရ ဘွဲ့တံဆိပ်**အပ်နှင်းခြင်းခံရသော **ဦးစိုင်းမောင်ထွန်း** (Managing Director,Ahon Haw Trading Co.,Ltd.)အတွက် မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများအားလုံးက လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပတ်လည်ပုံနှိပ်စက်ကြီးများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများဖြစ်သော သတင်းစာ(ရိုက်ပျက်)နှင့်ပုံနှိပ်ပြီးသော ပလိတ်ပြား(အဟောင်း)များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ ဈေးနှုန်းလွှာများတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် ၉-၁-၂၀၁၉ ရက်မှ ၂၂-၁-၂၀၁၉ရက်အထိ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၂၃-၁-၂၀၁၉ရက် မွန်းတည့် ၁၂နာရီတွင် ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး(စီမံ) ဖုန်း-၀၆၇-၃၄၁၂၁၂၈၊ ဒုတိယ ညွှန်ကြားရေးမှူး(စီမံ) ဖုန်း-၀၆၇-၃၄၁၂၀၂၈၊ ရန်ကုန်(ထုတ်လုပ်ဌာန) ဖုန်း-၀၁-၂၀၀၈၁၄ တို့ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၂၁၂၈၊ ၀၆၇-၃၄၁၂၀၂၈၊ ၀၆၇-၃၄၁၂၁၂၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## မုံရွာမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသုံးစာသင်ခုံ(ပရိဘောဂ)များ ဆောင်ရွက်ရန်ရှိ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၁၀-၁-၂၀၁၉ ရက် (ရုံးချိန်အတွင်း)
**အိတ်ဖွင့်တင်ဒါပိတ်မည့် ရက်/အချိန်** - ၁၁-၂-၂၀၁၉ရက်၊ ညနေ ၄း၃၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးပညာရေးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့**
**စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံး၊ မုံရွာမြို့**
**ဖုန်း-၀၇-၂၁၁၁၀၇၆၊ ၀၉-၂၅၄၂၄၈၁၇၈၊ ၀၉-၄၅၉၆၁၂၂၄၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)
## အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် ပြောင်းလဲသတ်မှတ်ခြင်း

နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် လူနာများအား ကုသမှုပေးရန် F.D.Aအသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲဓာတ်မှန်သုံးဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ၁၇-၁၂-၂၀၁၈ရက်တွင် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ၁၈-၁၂-၂၀၁၈ ရက်တွင် ကြေးမုံသတင်းစာတွင်လည်းကောင်း ကြော်ငြာထားသော နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အိတ်ဖွင့်တင်ဒါပုံစံပိတ်မည့်ရက် ၁၈-၁-၂၀၁၉ရက်၊ (သောကြာနေ့) ညနေ ၄ နာရီအစား ၂၅-၁-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီသို့ ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)**
**ဖုန်း-၀၆၇-၄၂၁၄၆၂**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်း(၈)ရပ်အား တည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ တင်ဒါပေးသွင်းရန် ၂-၁၂-၂၀၁၈ရက်တွင် ဖိတ်ခေါ်ပြီးဖြစ်ပါသည်။

၂။ ဖော်ပြပါလုပ်ငန်း (၈)ရပ်အနက် Lot(6)၊ Lot(7) အောက်ဖော်ပြပါလုပ်ငန်း (၂)ရပ်အား ၁၁-၁-၂၀၁၉ရက် တင်ဒါဖွင့်ဖောက်မှုအစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်ရန် ဆိုင်းငံ့ထားပါကြောင်းနှင့်ထပ်မံဖွင့်လှစ်ပေးမည့်ရက်အား တင်ဒါဝယ်ယူထားသူများနှင့် ထပ်မံလျှောက်ထားလိုသူများအား အချိန်မီဆောင်ရွက်နိုင်ရေးအတွက် ထပ်မံကြော်ငြာပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

Lot(6) - ကော့သောင်းမြို့ဆိပ်ကမ်းဝင်းအတွင်း ပေ(၃၀၀×၁၀၀) သံကူကွန်ကရစ် ကုန်သိုလှောင်ရုံတစ်လုံးဆောက်လုပ်ခြင်းနှင့် အုပ်ချုပ်မှုဆိုင်ရာ ရုံးအဆောက်အအုံတစ်လုံး ဆောက်လုပ်ခြင်း၊

Lot(7) - ကော့သောင်းမြို့ဆိပ်ကမ်း ကုန်တင်သင်္ဘောငါးစင်း တစ်ပြိုင်နက်ဆိုက်ကပ်နိုင်သည့် စုစုပေါင်း ပေ(၁၀၀၀)အရှည် ပေ(၃၀)အကျယ် သံကူကွန်ကရစ် ဆိပ်ခံတံတားဆောက်လုပ်ခြင်း၊

**ဆက်သွယ်ရန်-ဖုန်း-၀၅၉-၂၀၂၂၅၉၁/၂၃၅၆၄**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နမ့်ခမ်းမြို့၊ အထက(မာန်အောင်) တက္ကသိုလ်ဝင်တန်းမှ မိုင်းနေလင်းထွန်း၏ ဖခင်ဦးကျော်မြင့်(ခ)ဦးအိုက်လေး ၁၃/နခန(နိုင်)၀၂၉၉၄၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နမ့်ခမ်းမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးအောင်ဖေ၏ သမီး မလွေးအိုနော့နောင်(ခ) လွေးအိုနော်နာင့် ၁၃/နခန(နိုင်)၀၇၃၂၃၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## သမဝါယမဦးစီးဌာန
## သမဝါယမကောလိပ်(မန္တလေး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမကောလိပ်(မန္တလေး)၊ ပုသိမ်ကြီးမြို့တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက် ခွင့်ရရှိသော R.C.C (၃)ထပ် ပင်မဆောင် (၁၃၀'×၁၅၅'×၄၆')အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၈-၁၂-၂၀၁၈ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁-၂၀၁၉ရက် (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါလျှောက်လွှာထုတ်ယူရမည့်နေရာ** - သမဝါယမကောလိပ်(မန္တလေး)၊ ပုသိမ်ကြီးမြို့

၂။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သမဝါယမကောလိပ်(မန္တလေး)၊ ပုသိမ်ကြီးမြို့-ဖုန်း-၀၂-၅၇၁၉၆နှင့် ၀၂-၅၈၀၉၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၉၇၆၊ ဧရိယာ ၀ဒသမ ၀၈၂ဧကအတွက် မြေပေးမိန့်ထုတ်ပေးရန် ဒေါ်သီတာဦး(ကိုယ်စား) ဒေါ်စန်းသီတာ (ဘ)ဦးမောင်ကို ၉/ပမန(နိုင်)၂၂၃၀၀၄မှ မြေချစလစ်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ်(၇၉၀/၂၀၁၈) နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့် ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

ကျွန်တော် ဦးအောင်နန္ဒကျော်စွာ၏ဇနီး ဒေါ်မေသီတာခင် ၉/ပမန(နိုင်)၀၀၁၈၃၂ သည် ၆-၁-၂၀၁၉ ရက်တွင် ၎င်း၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသည်။ ထိုကဲ့သို့ ဆင်းသွားရာတွင် ကျွန်တော်၏သား မောင်နေမင်းကျော်စွာအား ကျွန်တော်၏ ခွင့်ပြုချက်မရှိဘဲ ၎င်းနှင့် တစ်ပါတည်းခေါ်ဆောင်သွားပါသည်။

သို့ပါ၍ ကျွန်တော်၏ဇနီးနှင့် သားအား လက်ခံထားသော မည်သူ့ကိုမဆို ဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်နန္ဒကျော်စွာ ၁၂/သဃက(နိုင်)၁၃၈၆၀၅**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၉၇၃၊ ဧရိယာ ၀ဒသမ ၀၈၂ဧကအတွက် မြေပေးမိန့်ထုတ်ပေးရန် ဦးစံမြင့်(ကိုယ်စား) ဦးမောင်ကို (ဘ)ဦးဖိုးရုံ ၉/ပမန(နိုင်)၂၁၅၂၅၈မှ မြေချစလစ်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ အမှတ်(၇၈၉/၂၀၁၈)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့် လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ တင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

# လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ဖြင့်

**သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်** ကို ချီးမြှင့်ခြင်းခံရသော

**ဦးသိန်းဟန်**

ဒုတိယဥက္ကဋ္ဌ(မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်)

ဥက္ကဋ္ဌ (Tokyo Pipe & Excel Hotel Group)

**သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်** ကို ချီးမြှင့်ခြင်းခံရသော

**ဒေါ်သီဂီလင်း**

ဗဟိုအလုပ်အမှုဆောင်

(မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်)

ဒါရိုက်တာ (A1 Construction Co.,Ltd) နှင့်

**ဒေါ်သက်သက်နိုင်**

အသင်းဝင်(မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်)

မန်နေဂျင်းဒါရိုက်တာ (Myanmar Asia Yadanar Co.,Ltd)

တို့အတွက် အသင်းချုပ်မှ အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်လာမည့် နှစ်ပေါင်းများစွာတွင်လည်း ဆက်လက်၍ နိုင်ငံအကျိုး၊ သာသနာအကျိုးကို ချစ်သောမိသားစုများနှင့်အတူ ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

FEDERATION OF MYANMAR MCEA CONSTRUCTION ENTREPRENEURS ASSOCIATION

**ဗဟိုအလုပ်အမှုဆောင်နှင့်အလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်**


နှစ်စဉ်အောင်ချက်မြင့်မား၍ ဂုဏ်ထူးရှင်များ နှင့် Top Ten အဆင့်မှီ ကျောင်းသားများမွေးထုတ်ပေးနေသောကျောင်း

ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကက-၁၃/၀၉/၀၂၈

မိဘများ၏တောင်းဆိုချက်အရ ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ **မူလတန်း** တန်းခွဲသစ်များကို ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်ပါပြီ။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကြိုအပ်လက်ခံနေပါပြီ၊



- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင် ပြီးပြည့်စုံသည့်ကျောင်း
- ၈/၉/၁၀ တန်းများအတွက် စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ
  - နေ့ကျောင်း ■ ဘော်ဒါ ■ နေ့ကျောင်း + Guide တန်း (တဝက်ဘော်ဒါ)
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့်လက်ခံပေးပါသည်။
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းသွင်းအပ်နှံမှ စိတ်ချရပါမည်။

လုံခြုံစိတ်ချရသော ဗယ်ရီကားများဖြင့် ကြို/ပို့ လုပ်ပေးပါမည်။

မူလတန်းသင်ကြားရေး

- သင်ကြားရေးပိုင်းတွင်လည်း စနစ်သစ်မူလတန်းသင်တန်းများတွင် ပြည့်စုံအောင် သင်တန်းတက်ရောက်ခဲ့ပြီးသော ဝါရင့်ဆရာ/မ များမှ ပညာရေးဝန်ကြီးဌာန၏သင်ရိုးပြည့်စုံအောင်သင်ကြားပေးခြင်း။
- အစိုးရသင်ရိုးနှင့်တွဲဘက်၍နိုင်ငံတကာသင်ရိုး (Cambridge Primary) တွဲဖက်သင်ကြားပေးခြင်း။
- KG မှ စတုတ္ထတန်းအထိသင်ကြားမှုတွင် အစိုးရသင်ရိုးပြဋ္ဌာန်းချက်များ အပြင် ထပ်မံသင်ကြားပေးမည့် ဘာသာရပ်များ 4 skill(English) အခြေခံကွန်ပျူတာ အခြေခံပန်းချီနှင့်အနုပညာ စာရိတ္တနှင့်ပြည်သူ့နီတိ
- ကလေးဗဟိုပြုသင်ကြားရေးနည်းစနစ်(သင်ရိုးသစ်)ကို အသုံးပြု၍ ကလေးတစ်ဦးချင်းစီကို သင်ကြားပေးခြင်း။ သင်ရိုးသစ်တွင် စာရိတ္တနှင့်စည်းကမ်းရှိမှု၊ သချာစွမ်းရည်၊ သင်ယူမှုဆိုင်ရာစွမ်းရည်များ၊ အပြန်အလှန်ဆွေးနွေးမှုစွမ်းရည်များ၊ စဉ်းစားတွေးခေါ်ကြံဆမှုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာသင်ယူမှုများ ပါဝင်ပါသည်။

သင်ကြားမှုထိရောက်စေရန် ရည်ရွယ်၍ စာသင်ချိန် + Guide ချိန်များ အပါအဝင် ကျောင်းချိန် 8:30 AM မှ 3:00 PM အထိ သတ်မှတ်ထားပါသည်။

အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ ၀၉ ၉၆၅၈၀၀၉၆၁၊ ၀၉ ၂၅၉၂၅၈၄၀၇၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၉ ၇၇၈၉၁၂၆၉၇


## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ (H.S.D)၊ ပရီမီယံဒီဇယ်ဆီ (P.H.S.D) နှင့် ဓာတ်ဆီ (Octane-92)တို့ကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများကို ၈-၂-၂၀၁၉ရက် ၁၄း၀၀နာရီ နောက်ဆုံးထား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် ၈-၁-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း -၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကိုစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးလျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
## ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကချင်ပြည်နယ်၏ မြို့နယ်ကိုးခုအတွင်း ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်း Lot (၁၀)ခုအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၂၄-၁၂-၂၀၁၈ရက် (တနင်္လာနေ့) |
| (ခ) | **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** | - ၂၃-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀နာရီအထိ |
| (ဂ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့ |

၃။ အသေးစိတ်အချက်အလက်များနှင့် လုပ်ငန်းစာရင်းများအား ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ရုံးဖုန်း-၀၇၄-၂၅၂၂၂၈၄သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အသုံးပြုရန်အတွက် ဆေးနှင့် ဆေးပစ္စည်းများကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - ၇-၁-၂၀၁၉ရက် |
| | **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၆-၂-၂၀၁၉ရက် ညနေ ၄း၀၀နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန် ။ ။ **တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၊**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၄၀၄၉၉၅၇၈၇**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဒေသဆိုင်ရာရောဂါရှာဖွေရေးဓာတ်ခွဲခန်းသုံးပစ္စည်းနှင့် ကိရိယာများ ဝယ်ယူရန် တိုင်းရင်းသားလုပ်ငန်းရှင်များမှ တင်ဒါအဆိုပြုလွှာ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အမျိုးအမည် |
|---|---|
| (က) | ဒေသဆိုင်ရာ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသုံးပစ္စည်းနှင့်ကိရိယာများ |

၂။ တင်ဒါအဆိုပြုလွှာများကို ၂၈-၁-၂၀၁၉ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မျော်အင်းလမ်း၊ ညောင်ရမ်းတောင် ရပ်ကွက်၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၀၂၃၉၅၄၊ ၀၅၉-၂၀၂၁၀၆၃တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## မွေးသက္ကရာဇ်အမှန်

ဦးထွန်းထွန်းလင်း၏သမီး မော်လမြိုင်မြို့နယ် အထက(ခွဲ) စမ်းကြီး၊ ဆဋ္ဌမတန်းမှ မယုနန္ဒာရှိန်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၉-၂၀၀၇ ဖြစ်ပါကြောင်း။ **မယုနန္ဒာရှိန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/2482 Toyota Probox NCP50 S/W(4x2)R.H.D ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းရွှေ ၁၂/သကတ(နိုင်)၁၃၇၉၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဦးအေးမင်းနှင့်အများသိစေရန်

ကျွန်တော်၏မိတ်ဆွေဖြစ်သူ မအေးအေးဝင်းမှ လွှဲအပ်ညွှန်ကြားချက်အရ- ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်၊ (ဝန်ထမ်းအိမ်ရာ) DCA လိုင်း(၁၀)၊ အခန်း(၅)နေ ဦးအေးမင်း(ဘ)ဦးမူနီယန်ဒီနှင့် ကျွန်မ မအေးအေးဝင်း ၁၄/ဘကလ(နိုင်)၀၀၀၁၆၁တို့သည် နှစ်ဖက်မိဘများပေးစားထားသဖြင့် ၅-၅-၂၀၁၄ရက်တွင် လက်ထပ်ခဲ့ပါသည်။

၅-၅-၂၀၁၈ရက်က အရပ်ထဲတွင် ငှားနေသောအိမ်၌ နိုပ်စက်အနိုင်ကျင့်ပြီး ကျွန်မအားကိုယ်ထိလက်ရောက်နှင်ချခဲ့သဖြင့် မိခင်မုဆိုးမနှင့်အတူ ကလေးမြို့တွင် နေထိုင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်မရှိဘဲ လင်ခန်းမယားခန်းပြတ်စဲသွားပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးသိန်း LL.B**
**အထက်တန်းရှေ့နေ(စဉ်-၂၃၂၈၈)**
**ဖုန်း-၀၉-၄၂၀၀၆၁၅၅၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၈)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ် ၆၀၆/A တရားဝင်မခွဲစိတ်ရသေးသောပါမစ်မြေရှိ ပေ(၂၀×၆၀)မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော RC နှစ်ထပ်တိုက်တို့က ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးပြည်သိမ်း ၁၂/ကမတ(နိုင်)၀၆၀၆၂၃ထံမှ ဒေါ်ခင်မြတ်သွယ် ၈/နမန(နိုင်)၀၀၅၀၃၃က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားအခိုင်အမာယူဆောင်၍ ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ပါသည်။

**ဒေါ်ခင်မြတ်သွယ်**
**ဖုန်း-၀၉-၇၈၀၇၅၀၀၃၅၊ ၀၉-၂၅၅၅၄၃၇၀၈**

## ဂရန်မြေကွက်ကြီး ရောင်းမည်

နေပြည်တော်၊ မြို့မဈေးအနီး၊ ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာအနီး၊ ငလိုက်ကန်သာ အပန်းဖြေစခန်းအနီး၊ ငလိုက်ကန်သာဆင်စခန်းအနီး၊ မင်းကုန်းအုတ်စက်ရုံအနီး၊ မျက်နှာစာအကျယ်ပေ (၅၀၀)ခန့်၊ ပတ်ကားခြံခတ်ပြီး၊ (11 KVA) ဓာတ်အားလိုင်းသွယ်တန်းပြီး၊ (60x40)' (RC) တစ်ထပ်အဆောက်အအုံအသစ်တစ်လုံးပါပြီး၊ မြေပြင်ရန်မလို၊ ရေမီးအပြည့်အစုံရပြီး၊ (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေးမေးတင်)၊ (KLO) စက်သုံးဆီဆိုင်ရှေ့တွင်ရှိသော နေရာအလွန်ကောင်း နှစ်ကိုးဆယ်ဂရန်ကြီးကျပြီး ငါးဧကခန့်အပြင် (၁၀၅/၁၀၆)ရပြီး တစ်ဆက်တစ်စပ်တည်းရှိ ကျန်လေးဧကနီးပါးခန့် စုစုပေါင်းကိုးဧကခန့်ရှိ ခြံဝိုင်းကြီးရောင်းမည်။ ဖုန်း-၀၉-၈၉၇၇၈၅၀၀၃၊ ၄၄၈၅၄၈၇၇၈၊ ၈၃၀၀၄၄၂

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်

**ဒေါ်စန်းစန်းနွဲ့ (Win & San)**

**Diamonds and Fine Jewelry** အား

**"အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ"** ဘွဲ့တံဆိပ်ချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အမျိုးဘာသာ သာသနာအကျိုးများကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးမျိုးဝင်း (လူမှုထူးချွန်) - သုဓမ္မသင်္ဂီဒေါ်မြမြဝင်း**

**(အောင်မြသန်း-ရေယာဉ်) မုံရွာမြို့**

## လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ မေခလမ်း၊ အမှတ် ၃/C နေ **ဒေါက်တာသင်းသင်း**အား သာသနာတော်ဆိုင်ရာ **အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် မိသားစုနှင့်အတူ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သာသနာ့အကျိုး၊ နိုင်ငံအကျိုးကို ဆတက်တိုး၍ တိုး၍ ပိုမိုစွမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သာသနပါလအသင်း**

**ရွှေဟင်္သာတောရ၊ ညောင်တုန်းမြို့**

## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် ဦးတင်ရွှေ (Shwe Myanmar Beverages Co.,Ltd) ၏ ဇနီးဖြစ်သူ **ဒေါ်နန်းသက်စုလှိုင်ထွန်း** (မိုးမာဃသီးနှံပွဲရုံ) အား **အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုး၊ တိုင်းပြည်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Shwe Myanmar Beverages Co., Ltd**

**ဝန်ထမ်းများမိသားစု**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းအရှေ့၊ ကျိုင်းတုံမြို့နယ်၊ ဝေါ်နိမ့်ရွာနေ ဒေါ်အားချီးလယ်-ဦးအားဟုတို့၏သား မောင်သော်ဇင်ဦး ၁၃/ကတန(နိုင်)၁၆၃၃၅၉ နှင့် မောင်အားချိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

23 မဆလာ (ဟင်းခတ်အမွှေးအကြိုင်)

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

အမှတ်(၁၃၀) ငါးထပ်ကြီးဘုရားလမ်း ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၁၀၁၅၆၁၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၁၀၄၉၉၇၂၆

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၉၈၆၇၉ Super Anbo-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပေါင်ခန့်မန်း ၄/တဇန(နိုင်)၀၀၀၂၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၄၆၄၃၅ Yamaha Ray-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေးလှယ်သဲမ် ၄/ဖလန(နိုင်)၀၂၈၀၂၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၂၈၉၉၇ Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်ငမ်း ၄/ဖလန(နိုင်) ၀၄၅၉၃၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၃၄၁၄၂ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Auto Ry Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**




**အောင်သရဖူ**

**အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**

လူကြီးမင်းတို့၏အိမ်ထောင်ပရိဘောဂများကို ချက်ချင်းရွှေ့ပြောင်းပေးပါသည်။

**09254009334, 09254009335, 09254009336**

**မြေကွက်များ ဝယ်လိုသည်**

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည် ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

**09-400940041**
**09-260664490**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2P/1382 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၉၉၈၈၆ Honda Dream ND 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ အရှင်သီလာနန္ဒ ၁၂/မရက(သ)၀၀၀၈၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ဦးကျော်ဇံ (B.Com)
### (အောင်ပြည့်စုံပွဲရုံ၊ ဗားကရာ)
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၉)နေ (ဦးရွှေကို-ဒေါ်တင်ရွှေ)တို့၏သား၊ (ဦးကျင်မောင်-ဒေါ်လှမိ)တို့၏သားသမက်၊ ဒေါ်သန်းသန်းဝင်း ၏ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်အောင်ကျော်၊ မောင်ကောင်းသန့်စည်သူတို့၏ဖခင်၊ ဒေါ်မြင့်မြင့်စန်း(အလက-၁၊ တာမွေ)၏မောင်၊ ဒေါ်နီနီဝင်း၏အစ်ကိုသည် ၇-၁-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄း၅၀ နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### မင်းတုန်းအသင်း(ရန်ကုန်)ဂုဏ်ထူးဆောင်နာယက
### ဒေါ်တင်ရီ
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စမုံလမ်း၊ ပညာ့ရိပ်သာနေ အငြိမ်းစားဆရာမကြီး ဒေါ်တင်ရီသည် ၂၈-၁၂-၂၀၁၈ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းပါကြောင်းနှင့် ကောင်းရာသုဂတိသို့ ရောက်ပါစေကြောင်း။

မင်းတုန်းအသင်း(ရန်ကုန်)

---

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ရေဝတီရေတပ်စခန်းဌာနချုပ်နေ ဗိုလ်မှူးချုပ်ထိန်ဝင်း-ဗိုလ်ကြီးဒေါ်သီတာလွင်(ငြိမ်း) အမျိုးသမီးအထူးလေ့ထီးသင်တန်း အပတ်စဉ်(၁) တို့၏ဖခင် ဦးခင်မောင်(ဆက်သွယ်ရေး)သည် ၅-၁-၂၀၁၉ ရက်ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမျိုးသမီးအထူးလေ့ထီးသင်တန်း အပတ်စဉ်(၁)မှ
သူငယ်ချင်းများ

---

## ဒေါ်အယ်ခွန်(ခ)အေးခွမ် (မိုးကောင်း)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မဂ္ဂင်ကျောင်းလမ်း၊ အမှတ် ၂၇၅နေ ဦးမွန်ကမ်း(Shwe Taung Development Co.,Ltd.)-ဒေါ်လီလီဝင်းတို့၏မိခင်သည် ၇-၁-၂၀၁၉ရက် (တနင်္လာနေ့) ည ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဉာဏ်ထွန်း (B.E Civil) 1973
### အသက်(၇၂)နှစ်
### ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး (ငြိမ်း)
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### မိုးလုံးဟိန်းစက်သုံးဆီဆိုင်၊ မုပွလင်

တာမွေမြို့နယ်၊ ကျောက်မြောင်း အရှေ့ရပ်ကွက်၊ ဩဘာလမ်း၊ အမှတ် (၅၅) သုံးလွှာ (A) နေ ဒေါ်ကြည်ကြည်ခိုင်၏ချစ်လှစွာသောခင်ပွန်းသည် ၆-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) ည ၁၀း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၆၇-၇၃ မြို့ပြ အင်ဂျင်နီယာဘွဲ့ရသူငယ်ချင်းများ

---

## ဝမ်းနည်းကြေကွဲခြင်း
### မောင်အောင်ခန့်ဖြိုး
### အသက်(၂၂)နှစ်

မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ အောင်မြင့်မိုရ်မင်း အာမခံလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)-ဒေါ်ခင်ခင်စုတို့၏သား၊ မချောစုဝင်း(နည်းပညာတက္ကသိုလ်၊ သန်လျင်)၏မောင်၊ မောင်အောင်ခန့်ဖြိုးသည် ၆-၁-၂၀၁၉ရက်(တနင်္ဂနွေနေ့) ည၇နာရီတွင် မြောက်ဥက္ကလာပဆေးရုံ(သွေးရောဂါအထူးကုဌာန)၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

စက်ရုံမှူးကြီးနှင့်အရာထမ်း၊ အမှုထမ်းများ
အမှတ်(၂) ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

---

## ဒေါ်ခင်နှင်းယု (BA-Hist)
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ်-၂၁၂ (A)နေ (ဦးသောင်းညွန့်)-ဒေါ်ခင်သိန်းတို့၏ချစ်လှစွာသောသမီး၊ ဦးထွန်းထွန်း(Capt,Ocean Tanker,Co)-ဒေါ်ဆင့်ဆင့်ခင်၊ ဒေါ်ဆွေဆွေယု၊ (ဦးမင်းမင်းထွဋ်း)-ဒေါ်သီတာအေးတို့၏အစ်မ၊ ကိုသူရိန်ထွန်းထွန်း(G.M, AnyMart. Com.na)၊ ကိုအုပ်စိုးထွန်းထွန်း(4th Arch, TTU)၊ ကိုသီဟထွန်းထွန်း(Info Myanmar College)၊ ကိုထက်မင်းတာရာ (3rd year Philo)၊ မရွှန်းလဲ့နန္ဒာမင်း(3rd year zoo)၊ မောင်ကောင်းခန့်မင်း၊ မောင်ကောင်းသန့်မင်း (အထက-၄၊ ပုဇွန်တောင်) တို့၏ကြီးတော်သည် ၇-၁-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ပုဇွန်တောင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယကာကြီး
## ဦးတင်မောင်ထွေး
### (ဦးမောင်မောင်မိသားစုအထည်ဆိုင်၊ ဗိုလ်ချုပ်ဈေး)
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ်(၄၀)နေ (ဦးမောင်မောင်)-ဒေါ်သောင်းညွန့်တို့၏သား၊ ဦးသောင်းစိန်-ဒေါ်လှလှအေး တို့၏သားသမက်၊ ဦးသန်းဇော်၏ညီ၊ ဒေါ်စန်းစန်းမော်၏မောင်၊ ဒေါ်ယဉ်ယဉ်အေး(ရွှေမြင့်မိုရ် မြန်မာ့လက်မှု၊ ဗိုလ်ချုပ်ဈေး)၏ခင်ပွန်း၊ မလဝန်းသီရိ၊ မောင်သူရနေသော်တို့၏ဖခင်သည် ၇-၁-၂၀၁၉ရက် (တနင်္လာနေ့) ည ၇း၁၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ပြင်ဆင်ဖတ်ရှုပါရန်

၈-၁-၂၀၁၉ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁)တွင် ဦးစိုးညွန့် အသက်(၈၃)နှစ် နာရေးကြော်ငြာတွင် (ဒေါ်နိုင်နိုင်စိုး)အစား (ဒေါ်ခိုင်ခိုင်စိုး)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---


သင့်သွေးဖြင့်
အသက်ကယ်ပါ


---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး
## ဒေါ်တင်အေး
### အသက်(၈၅)နှစ်

စင်ကာပူနေ ဦးသိန်းဝင်း-Ms.Jacklin၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂၃-ဘီ/၂)၊ သုခဝတီလမ်းရှိ Tun Thwin Mining Co.,Ltd & TWP Co.,Ltd. မှ ဦးသိန်းထွန်း(Chairman & CEO)၊ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်-ဒုဥက္ကဋ္ဌ၊ အရှေ့တောင်အာရှ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်း-ဒုဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မီးသွေးလုပ်ငန်းရှင်များအသင်း-ဥက္ကဋ္ဌ၊ ကျွန်းလှမြို့နယ်အသင်း(ရန်ကုန်)-ဥက္ကဋ္ဌ-ဒေါ်ဖြူဖြူသွင်(President & COO)တို့၏မိခင်၊ ဦးဝေဖြိုး-ဒေါ်ငွေးငွေးနွယ်၊ ဦးစိုးထွန်းလင်း-ဒေါ်မေဇင်ကို(MGTT Co.,Ltd, Bath & Co Co., Ltd, Lion Doors & Windows Co.,Ltd.)၊ ဦးဝေမင်းဖြိုး-ဒေါ်ရွှေရည်မျိုး(MGTT, Bath & Co Co.,Ltd,Lion Doors & Windows Co.,Ltd)၊ ဒေါ်အေးငြိမ်းဖြူ [(Mondselle Co.,Ltd.(Canada)] တို့၏အဘွား၊ မြစ်သုံးယောက်တို့၏အဘေးသည် ၇-၁-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ရန်ကင်းမြို့နယ်နေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး
## ဒေါ်တင်အေး
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂၃-ဘီ/၂)၊ သုခဝတီလမ်းရှိ Tun Thwin Mining Co,Ltd & TWP Co,Ltd မှ ဦးသိန်းထွန်း (Chairman & CEO)-ဒေါ်ဖြူဖြူသွင် (President & COO)တို့၏မိခင် ဒေါ်တင်အေးသည် ၇-၁-၂၀၁၉ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးထွန်းနိုင်အောင်-ဒေါ်မြမြအေး
ကောင်းကျော်စေ အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ရဟန်းဒါယိကာမကြီး
## ဒေါ်လှလှဌေး(ခ)ဒေါ်နီနီ
### အသက်(၇၄)နှစ်

သူငယ်ချင်း ဒေါက်တာသီဟန်သော်-ဒေါ်ရွှေရည်ဝင်း(အထက်တန်းရှေ့နေ) တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်လှလှဌေး(ခ) ဒေါ်နီနီသည် ၆-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါကြောင်း။

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၂)မှ သူငယ်ချင်းများ

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
### စောကိုကိုလတ်(တောင်ငူ) အသက်(၄၄)နှစ်
### NORWAYGIEN NGO

တောင်ငူမြို့၊ သံတောင်လမ်း၊ အမှတ် ၂၃/၆၈နေ (ဦးဘုန်းမြင့်)-ဒေါ်ဒိုင်ယာနာထွန်းဖေ(လ/ထ ကထိက၊ ငြိမ်း၊ တောင်ငူပညာရေးကောလိပ်)တို့၏သားလတ်၊ ဦးဘော့စကို-ဒေါ်ငွေစန္ဒာ(တောင်ငူပြည်သူ့ဆေးရုံကြီး)တို့၏မောင်၊ စောဇော်ထွဋ်(**Myanmar Xinta Maritime Service Co.,Ltd**)-နော်နီလာဝင်း(လ-ခွဲ၊ ကျွဲတဲ)တို့၏အစ်ကို၊ စောစတီဗင်ဝင်းထွဋ်ဦး၏ဘကြီးသည် ၆-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် တောင်ငူမြန်မာနှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး တောင်ငူမြို့ အနောက်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်တင်တင်ကြည် (ဂျူဒိုအားကစားသမားဟောင်း)
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မာဃလမ်း၊ အမှတ် ၁၉၁နေ (ဦးအောင်သိန်း-ဒေါ်တာ)တို့၏သမီး၊ ဦးဝင်းထွဋ်(နည်းပြ၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်)-ဒေါက်တာမြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)တို့၏ညီမ၊ မောင်စိန်ညွန့်၏အစ်မ၊ မောင်ဖြိုးဝေကိုကိုနှင့်မောင်ကျော်ကိုသန့်ဇင်တို့၏အဒေါ် ဒေါ်တင်တင်ကြည်သည် ၇-၁-၂၀၁၉ရက် နံနက် ၈း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများမိသားစု
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

---

## မောင်သူရိန်ဝင်း အသက်(၃၆)နှစ်
### BA(မြန်မာစာ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ စိတ္တာသုခလမ်း၊ အမှတ် ၃၆ (ပထမထပ်-A)နေ [ဦးစိန်ဝင်း(ခ)မောင်နေလ]-ဒေါ်နွဲ့နွဲ့ရီတို့၏သား၊ မမင်းမင်းပြုံး၊ ကိုမိုးသီဟ၊(ကိုမောင်စ)၊ မသော်တာဝင်း တို့၏ညီ/မောင်သည် ၇-၁-၂၀၁၉ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအား ရည်စူး၍ ၁၃-၁-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သု
### အသက်(၉၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ (၅)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်းနေ ဦးသော်ဒါ(ရခိုင်ပြည်နယ် မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး)-ဒေါ်မော်မော်စိုး(ဦးစီးအရာရှိ၊ စစ်တွေခရိုင်မီးသတ်ဦးစီးမှူးရုံး) တို့၏မိခင်၊ မခင်သော်ဒါဝင်း၊ မအိပြည့်သော်ဒါတို့၏အဘွား ဒေါ်သုသည် ၅-၁-၂၀၁၉ ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မီးသတ်ဦးစီးဌာန
ရခိုင်ပြည်နယ်

---

## ဒေါ်ခင်သန်းနွယ် အထပြ(ငြိမ်း) အသက်(၈၃)နှစ်
### အထက(၆)ဗိုလ်တထောင်၊ အထက(၁)ကမာရွတ်
### အထက(၁)ပန်းဘဲတန်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ်(၂၂-က)နေ (ဦးသာထွန်း-ဒေါ်ခင်ကြည်)တို့၏သမီး၊ ဦးတင်ဝင်း-ဒေါ်ခင်အုံးမြင့်၊ (ဦးကျော်ဆင့်)-ဒေါ်Dolly ၊ ဦးတင်ဦးမြင့်-ဒေါ်ညွန့်ညွန့်သန်း၊ ဒေါ်တင်တင်အေးတို့၏အစ်မ၊ ဦးအောင်သန်း(ပညာရေး၊ ငြိမ်း)၏ဇနီး၊ ဒေါက်တာဦးဇင်ဝင်းအောင်-ဒေါက်တာအေးအေးသန့်၊ ဒေါက်တာမျိုးမင်းအောင်-ဒေါက်တာအေးမင်းသန်း၊ ဦးဉာဏ်ဖြိုးအောင်-ဒေါ်နှင်းနှင်းဆက်၊ ဦးထူးအောင်-ဒေါက်တာကျော့သန္တာအောင်၊ ဒေါက်တာအောင်ထွေးဝင်း-ဒေါက်တာသွဲ့သန္တာအောင်တို့၏မိခင်၊ (ဦးစိုးလင်း) ဒေါ်ဂင်ဆီတို့၏ ညီမ၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေး ခုနစ်ယောက်တို့၏အဘွားသည် ၈-၁-၂၀၁၉ရက်တွင်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၉-၁-၂၀၁၉ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသာထွန်း(ခ)ပါစီနိုလ်ဝယ်
### (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း)
### လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန
### ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စာရင်းအင်းပညာဌာန(ဆရာ)
### ယောဂီသာထွန်း(B.Sc.D.S.I.S.P.C, USA)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာရပ်ကွက်၊ စ/သုမင်္ဂလာအိမ်ရာ၊ တိုက်(၂၆/၄)၊ အခန်း(၄၀၃)နေ [ဦးထွန်းအိ (စက်ရှင်တရားသူကြီး)-ဒေါ်မိမိလေး]တို့၏သား၊ ဒေါ်တင်အေး၏ခင်ပွန်း၊ ဒေါ်ကြည်ကြည်ထွန်း(ခေတ္တ-စင်ကာပူ)၊ ဦးကျော်စွာလင်း-ဒေါ်စိန်စီသိုက်(ခေတ္တ-စင်ကာပူ)၊ ဒေါ်အေးအေးထွန်း (သင်္ဃန်းကျွန်းမြို့နယ်၊ လဝကရုံး)တို့၏ဖခင်၊ မောင်မင်းပြည့်သာ၊ မောင်ထက်ရှိုင်းအောင်တို့၏အဘိုးသည် ၈-၁-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ညို(ခ)ဒေါ်မြမြသက် (လယ်ဝေး)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ် ၁၀၈၉နှင့် မိတ္ထီလာမြို့၊ သရက်မြိုင်ခြံ၊ကျောက်ပန်းတောင်းလမ်း၊ အကွက်နေ ဦးမြအောင်၏ဇနီး၊ ဦးကျော်သူအောင်-ဒေါ်ခိုင်ခိုင်လွင်၊ ဦးညီညီလွင်-ဒေါ်စန္ဒာအောင်၊ ဦးစည်သူအောင်-ဒေါ်သိန်းသိန်းအေး၊ ဦးကျော်ထင်အောင်-ဒေါ်စုစုစံတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၈-၁-၂၀၁၉ရက် (အင်္ဂါနေ့)မွန်းလွဲ ၁း၄၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၉ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (မြောက်ဒဂုံနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
## ဦးဉာဏ်ထွန်း အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ဩဘာလမ်း၊ အမှတ်၅၅(သုံးလွှာ၊A)နေ ဒေါ်ကြည်ကြည်ခိုင်၏ခင်ပွန်းသည် ၆-၁-၂၀၁၉ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့်၈-၁-၂၀၁၉ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး ခွန်မောင်မောင်လေး (ငြိမ်း)
### တေဇ(၁)
### အသက်(၆၇)နှစ်

မိတ္ထီလာမြို့၊ (၂)ရပ်ကွက်၊ အောင်ဆန်းမြို့သစ်(မိတ္ထီလာ-ကျောက်ပန်းတောင်း) လမ်းနေ ဒေါ်သန်းသန်းအေး၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး ခွန်မောင်မောင်လေး ( ငြိမ်း)သည် ၆-၁-၂၀၁၉ရက် မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တေဇ(၁) ကျောင်းဆင်းသူငယ်ချင်းများ
နှင့် မိသားစုများ

---

## ဦးကျော်သူမြင့်(ခ)မိုးကျော်
### Ex,Mariner Shipping, T.T.C ကမာရွတ် 1981 batch
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ လက်ခုပ်ပင်လမ်း၊ အမှတ် ၂နေ ဦးမောင်မောင်မြင့်(လ/ထ ညွှန်မှူး၊ငြိမ်း၊ စာပေဗိမာန်)-ဒေါ်တင်တင်အုံးတို့၏သားကြီး၊ ဒေါ်မေသူမြင့်(G/M Htoo Group of Companies)၏မောင်၊ ဦးဇော်သူမြင့်-ဒေါ်ယုယုဟန်(ခေတ္တ-UK)၊ဦးစည်သူမြင့်-ဒေါ်သီတာစိုး(ခေတ္တ-UK )တို့၏အစ်ကိုကြီး၊ မောင်ဇာတိမျိုးမြင့်၊မောင်သတ္တိမျိုးမြင့်၊ မဝါဆိုမိုးမြင့်၊ မမေပီတိမြင့်တို့၏ဘကြီးသည် ၈-၁-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၁၀း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၉ ရက် (ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Chaiyapruk Didyasarin အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

**မိတ်ဆွေကောင်းနိုင်ငံများဖြစ်**

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ-ထိုင်း နှစ်နိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံအတွက် အရေးကြီးကြောင်း၊ ယခုအခါ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုခိုင်မာကောင်းမွန်ခြင်းကြောင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို များစွာအထောက်အကူဖြစ်စေကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က မိမိတို့ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲစွာကြိုဆိုမှုအတွက်

*စာမျက်နှာ ၇ ကော်လံ ၄* ❍




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Chaiyapruk Didyasarin အား လက်ခံတွေ့ဆုံစဉ်။**

ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်(တောင်ပိုင်း)တို့တွင် လေဖိအားနည်းရပ်ဝန်း သက်ရောက်မှုအန္တရာယ်ခံစားရနိုင်

**နေပြည်တော် ဇန်နဝါရီ ၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတောင်ပိုင်းအနီးတွင် ဆက်လက်တည်ရှိနေသည်။





အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်- အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် (တောင်ပိုင်း)တို့သည် လေဖိအားနည်းရပ်ဝန်း၏ အဝန်းအဝိုင်းအတွင်းသို့ ကျရောက်နေသဖြင့် လေဖိအားနည်းရပ်ဝန်း၏ သက်ရောက်မှုအန္တရာယ်ကို ခံစားရနိုင်သည်။

*စာမျက်နှာ ၇ ကော်လံ ၄* ◆

## ဖူဆယ်လိဂ်ပြိုင်ပွဲ MIC အသင်း ကိုးပွဲဆက်အနိုင်ဖြင့် ထိပ်ဆုံးရောက်လာ

**ရန်ကုန် ဇန်နဝါရီ ၈**

၂၀၁၈-၂၀၁၉ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) ကို ယနေ့နံနက်ပိုင်းက အမျိုးသား အားကစားပြိုင်ပွဲရုံ - ၁ သုဝဏ္ဏ၌ ပြန်လည်ကျင်းပရာ MIC အသင်း ကိုးပွဲဆက်အနိုင်ရလဒ်ဖြင့် ထိပ်ဆုံးနေရာသို့ ရောက်ရှိလာကြောင်း သိရသည်။





MIC အသင်းနှင့် VUC အသင်း ယှဉ်ပြိုင်နေစဉ်။

ယနေ့ကျင်းပသည့် ပွဲစဉ် (၉) တွင် ရှစ်ပွဲဆက်အနိုင်ရထားပြီး ထိပ်ဆုံးနေရာတွင် အပြိုင်ဖြစ်နေသည့် MIC နှင့် VUC အသင်းတို့ ထိပ်တိုက်တွေ့ဆုံသည့်ပွဲပါဝင်ခဲ့ပြီး နိုင်ပွဲရရေးအစွမ်းကုန်ကြိုးစားခဲ့သည်။ ပြိုင်ပွဲကို တစ်လကျော် ရပ်နားပြီး ပြန်လည်ကျင်းပခြင်းဖြစ်သောကြောင့် အသင်းအများစုမှာ ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရသည်။ MIC နှင့် VUC အသင်းတို့ပွဲတွင် MIC အသင်းက သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ကိုးပွဲဆက် အနိုင်ရလဒ်နှင့်အတူ ၂၇ မှတ်ဖြင့် ထိပ်ဆုံးနေရာတွင် လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်နိုင်ခဲ့သည်။

ပထမပိုင်းတွင် တစ်ဂိုးစီသရေကျနေသော်လည်း MIC အသင်းက

*စာမျက်နှာ ၇ ကော်လံ ၄* ●


MINGALAR CINEMAS
Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ / မင်္ဂလာဘုရင်နောင် 09402199991 09402199992,3 | သွင် / ရွှေဆောင် | မင်္ဂလာ သိမ်ကြီးဈေး | မင်္ဂလာ ဒဂုံစင်တာ(၂) | နေပြည်တော် | မင်္ဂလာစံပြ | မင်္ဂလာမ/ဥက္ကလာ 09402027001 09402027002 09402027003 |
| Top Royal (စိန်ဂေဟာ-ပါရမီ) | မင်္ဂလာဝဇီရာ 09261901155,09261901166 / စိန်ဂေဟာ 09402177771, 09402177772 09402177773 | မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်) | ဝင်းလိုက် မန္တလေး / မြို့မ မန္တလေး | မင်္ဂလာဒိုင်းမွန်း မန္တလေး | Central Point မန္တလေး 09954086841 09954086842 09954086843 | (မန္တလေး)မင်္ဂလာ မန်းနေပြည်တော် |
| မင်္ဂလာထွန်းသီရိ (ပြည်) | မင်္ဂလာ ICON Mall(ပဲခူး) | NEW 3D Cinema တောင်ငူ | မင်္ဂလာစံပြ(မကွေး) | မင်္ဂလာ ရွှေဟင်္သာ (ပဲခူး) | မင်္ဂလာ ဘုရင့် (မော်လမြိုင်) | မင်္ဂလာ မြစ်နန္ဒာ(မုံရွာ) / မင်္ဂလာ Ocean |

ဟောက်စား
သမ္မတ၊ သွင်၊မင်္ဂလာ(၁) TopRoy၊ မင်္ဂလာစံပြ၊ မင်္ဂလာ(၂)၊မင်္ဂလာဝဇီရာ၊ မင်္ဂလာ(ဂမုန်းပွင့်)၊စိန်ဂေဟာ၊ မ/ဥက္ကလာ၊ဘုရင်နောင်(တာမွေ) မကွေး - မင်္ဂလာစံပြ မန္တလေး-ဝင်းလိုက်၊မန်းနေပြည်တော်၊မင်္ဂလာဒိုင်းမွန်း၊ Central Point တောင်ငူ - NEW 3D CINEMA ပြည်- မင်္ဂလာထွန်းသီရိ မော်လမြိုင် - မင်္ဂလာဘုရင့် ပဲခူး - မင်္ဂလာ Icon၊ မင်္ဂလာ ရွှေဟင်္သာ မုံရွာ - မင်္ဂလာမြစ်နန္ဒာ၊ မင်္ဂလာ Ocean

သမီးကလေးရှိရှာ
ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ စိန်ဂေဟာ၊ မန္တလေး-မြို့မ၊

သတို့သမီး
ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊မ/ဥက္ကလာ၊ ဘုရင်နောင်(တာမွေ) တောင်ငူ - NEW 3D CINEMA မန္တလေး-မြို့မ၊Central Point

ZERO
နေပြည်တော်၊စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင်နောင်(တာမွေ) ပြည်- မင်္ဂလာထွန်းသီရိ မန္တလေး-မင်္ဂလာဒိုင်းမွန်း၊ Central Point ပဲခူး - မင်္ဂလာ Icon မော်လမြိုင် - မင်္ဂလာဘုရင့်

BUMBLEBEE (3D)
နေပြည်တော်၊ မကွေး - မင်္ဂလာစံပြ တောင်ငူ - NEW 3D CINEMA

CREED II
မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊မန္တလေး-မင်္ဂလာဒိုင်းမွန်း

MARY POPPINS RETURNS
ရွှေဆောင်၊ မင်္ဂလာ(ဂမုန်းပွင့်)၊ မန္တလေး-မင်္ဂလာဒိုင်းမွန်း

AQUAMAN (3D)
နေပြည်တော်

လူပျိုသိုး ည - ပြည်- မင်္ဂလာထွန်းသီရိ မုံရွာ - မင်္ဂလာမြစ်နန္ဒာ ပဲခူး - မင်္ဂလာ Icon

၁၁.၁.၂၀၁၉ နေ့မှ ပြသည့် ဇာတ်ကားသစ်များ






ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၄ ရက်

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ ဗုဒ္ဓဟူးနေ့

# သွက်လက်လှုပ်ရှား ရန်ကုန်လူငယ်ထု၏ စွမ်းဆောင်အား




ဓာတ်ပုံ - ထိန်လင်း

ထင်ပေါ်ဝင်း

နိစ္စဓူဝ လှုပ်ရှားသွားလာနေသော ရန်ကုန်မြို့၏ လမ်းမများထက်တွင် အသက်အရွယ်ကြီးရင့်သူ လူကြီးများထက် ငယ်ရွယ်နုပျိုသော ရုပ်အလှပိုင်ရှင် လူငယ်ထုကို ပိုမိုမြင်တွေ့ရလေ့ရှိသည်။ ကျောင်းသားကျောင်းသူလေးများ၊ အတန်းပညာ အတတ်ပညာ သင်ကြားနေသော လူငယ်လူရွယ်များ၊ အလုပ်ခွင်အသီးသီးတွင် ဝင်ရောက်လုပ်ကိုင်နေကြသော လူငယ်လေးများကို မြို့တော်ရန်ကုန်အနှံ့ နေရာဒေသမရွေး မြင်တွေ့လေ့ရှိသည်။ အသိပညာ အတတ်ပညာကို အားအင်အပြည့်ဖြင့် အသုံးချနိုင်သော လူငယ်လူရွယ်များဖြစ်သည့်အတွက် သွားလာလှုပ်ရှားမှုတိုင်းက သွက်လက်ထက်မြက်နေသည်။

ရန်ကုန်မြို့တော်ကြီးကို ခေတ်မီအောင် တည်ဆောက်ရာတွင် လူငယ်ထု၏ အခန်းကဏ္ဍက လွန်စွာမှ အရေးပါလှသည်။ မထသစနစ်မှ ဝိုင်ဘီအက်စ်စနစ်သို့ အကူးအပြောင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူငယ့်အားကို မှန်ကန်စွာ အသုံးချနိုင်ခဲ့သည်။ ကားမှတ်တိုင်တိုင်းတွင် လမ်းညွှန်စာရွက်များ ကိုင်ဆောင်ရင်း ခရီးသွားများကို စီးနင်းရမည့်ယာဉ် အမှတ်များကို မနားမနေ ရှင်းပြခဲ့သည်မှာ လူငယ်လူရွယ်များပင်ဖြစ်ခဲ့သည်။ မိုးတွင်းကာလများ၌ ရေကြီးလေ့ရှိသော အရပ်ဒေသများသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လေ့ရှိသည်မှာ လူငယ်လူရွယ်များပင် ဖြစ်သည်။ နေပူမိုးရွာ မရှောင်ရန် ကုန်မြို့တော်သန့် ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ရန်ကုန်လူငယ်ထုက ကိုယ်ရောစိတ်ပါ ဝိုင်းဝန်းကူညီလုပ်ကိုင် ပေးလျက်ရှိသည်။

> **အစကတော့ ရည်ရွယ်ချက်မရှိဘူး။ လူငယ်တွေ ပျော်လဲပျော်ရတယ်ပေါ့ဆိုပြီး လုပ်နေကြရင်းနဲ့ အလွန်အခြေအနေဆိုးတာတွေ မြင်ရတော့ မနေနိုင်တော့ဘူး။ ငါတို့ဘိုးဘွားရိပ်သာလုပ်မယ်ဆိုပြီး လုပ်ကြတာ။**

ထိုသို့ ရန်ကုန်မြို့တော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက် ကြိုးပမ်းပေးလျက်ရှိသော လူငယ်လူရွယ်များ၏ ဆောင်ရွက်ချက်များကို ရန်ကုန်စာမျက်နှာထက်၌ မှတ်တမ်းတင်ရန် စီစဉ်နေခိုက်တွင် အမှီအခိုကင်းမဲ့နေသော သက်ကြီးရွယ်အိုများအား မိဘရင်းနှင့်မခြား ပြုစုစောင့်ရှောက်ပေးနေသည့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးပရဟိတ အသင်း (Save The Aged) ကို အဆက်အသွယ်ရရှိခဲ့ပါသည်။ ခေတ်မီနည်းပညာအပေါ် အခြေခံကာ စိတ်ကူးစိတ်သန်းကောင်းများ ဖော်ထုတ်နိုင်စွမ်းရှိသော လူငယ်လူရွယ်များကြောင့် ပေါ်ထွက်လာသော အမည်မဲ့ဘိုးဘွားရိပ်သာကလေးကိုကြည့်ရင်း ရန်ကုန်လူငယ်ထု၏ ကာယဉာဏစွမ်းအားကို အားရကျေနပ်မိသည်။ အချပ်ပို (ခ) သို့




## ပေါ်ထွက်လာဦးမယ့် ရန်ကုန်မြို့ပြရဲ့ ဖွံ့ ဖြိုးတိုးတက်မှု ပုံရိပ်သစ်တွေ

အ ချ ပ် ပို ( ခ )



## ရန်ကုန်မြို့မှ နှစ်သစ်ကို ကြိုဆိုသော မြင်ကွင်းနှစ်ရပ်

အ ချ ပ် ပို ( ဂ )

# ပေါ်ထွက်လာဦးမယ့် ရန်ကုန်မြို့ပြရဲ့ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်သစ်တွေ

**ဝေယံဦး**

**ရန်ကုန်မြို့ကို ဘက်ပေါင်းစုံက ဖွံ့ဖြိုးတိုးတက်အောင်စီမံကိန်းတွေနဲ့ စနစ်တကျဆောင်ရွက်နေချိန်ဖြစ်တာမို့ ပြည်တွင်း ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေနဲ့ မြို့ပြတိုးတက်မှု ပုံရိပ်အသစ်တွေ ထွက်ပေါ်လာဖို့ ကြိုးစားနေပါတယ်။ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်တယ်ဆိုပေမယ့် ရန်ကုန်မြို့ပြရဲ့ ပုံရိပ်ဟာ တိုးတက်ပြောင်းလဲမှုတွေနဲ့အတူ အနာဂတ်မှာ စည်စည်ဝေဝေရှိနေမှာတော့ အမှန်ပါပဲ။**

ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ စီမံကိန်းအကြီး၊ အလတ်၊ အသေးတွေ အများအပြားရှိနေပါတယ်။ အဲဒီစီမံကိန်းတွေအနက် ရန်ကုန်တိုင်းအလုံမြို့နယ် ဗဟိုလမ်း အမှတ် ၂၄**(A)** ရှိ မြေအကျယ်အဝန်း ၆ ဒသမ ၉၈၂ ဧက အပေါ်မှာ မြို့ပြပြန်လည်ဖွံ့ဖြိုးရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရပါတယ်။

**မြို့ပြပုံရိပ်ကို မထိခိုက်စေဖို့အတွက် စနစ်တကျထိန်းသိမ်း**

ဒီစီမံကိန်းအကောင်အထည်ဖော်ဖို့အတွက် ပြည်တွင်း ပြည်ပက ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မယ့်ကုမ္ပဏီတွေကို စိတ်ဝင်စားမှု အဆိုပြုလွှာတွေကို ပြီးခဲ့တဲ့ ၂၀၁၈ ဒီဇင်ဘာ ၁၄ ရက်မှ ၂၈ ရက်အတွင်း တင်သွင်းဖို့ ခေါ်ယူခဲ့ပြီးဖြစ်ပါတယ်။ အဲဒီစီမံကိန်းဟာ လူမှုစီးပွား ဖွံ့ဖြိုးရေးနဲ့ မြို့ပြဖွံ့ဖြိုးရေးအထောက်အကူပြု အဆောက်အအုံတွေ တည်ဆောက်ဖို့ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် မထိခိုက်ဖို့နဲ့ မြို့ပြပုံရိပ်ကို မထိခိုက်စေဖို့အတွက် စနစ်တကျ ထိန်းသိမ်းအကောင်အထည်ဖော်တည်ဆောက်သွားမှာဖြစ်ပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းမကြီးတွင် တည်ဆောက်မယ့် Emerald Bay စီမံကိန်းကလည်း ရန်ကုန်မြို့ပြရဲ့ တိုးတက်ဖွံ့ဖြိုးမှုပုံရိပ်သစ်တစ်ခုအဖြစ် ထွက်ပေါ်လာဖို့ ရှိနေပါတယ်။ ဒီစီမံကိန်းဟာ ရန်ကုန်မြစ်၊ ပဲခူးမြစ်နဲ့ ပုဇွန်တောင်ချောင်းတို့ဆုံတဲ့ ဧရိယာဖြစ်ပြီး မြေဧက ၇၀ ခန့်ပေါ်မှာ တည်ဆောက်မယ့် စီမံကိန်းဖြစ်ပါတယ်။




အဲဒီစီမံကိန်းမှာတော့ အထပ်ပေါင်း ၃၂ ထပ်ရှိတယ့် အဆောက်အအုံငါးလုံးကို ပထမအဆင့်အနေနဲ့ တည်ဆောက်မှာဖြစ်ပြီး ကျန်တည်ဆောက်ရေးအပိုင်းတွေကိုတော့ လာမယ့်ငါးနှစ်အတွင်း အပြီးတည်ဆောက်ဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ စင်ကာပူကုမ္ပဏီ Golden Paragon နဲ့ မြန်မာနိုင်ငံမှ တက်လမ်းကုမ္ပဏီတို့ ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်သလို ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ သန်း ၁၇၀ ခန့်ရှိမှာဖြစ်တယ်လို့ ဆိုပါတယ်။

**နိုင်ငံတကာဘက်စုံ ခေတ်မီကစားကွင်းစီမံကိန်း**

Emerald Bay စီမံကိန်းမှာတော့ နိုင်ငံတကာအဆင့်မီ ဟိုတယ်၊ ဈေးဝယ်စင်တာ၊ ရုပ်ရှင်ရုံ၊ မူကြိုစာသင်ကျောင်း၊ အားကစားကွင်း၊ ရေကူးကန်၊ ပန်းဥယျာဉ်စတဲ့ လူမှုဘဝလိုအပ်ချက်တွေ ဖြည့်ဆည်းပေးမယ့်နေရာတွေ အဆောက်အအုံတွေ၊ ခန်းမတွေ ပါဝင်မှာ ဖြစ်ပါတယ်။ စီမံကိန်းတစ်ခုလုံးအနေနဲ့ ကြည့်မယ်ဆိုရင် ၃၂ ထပ်မြင့်တဲ့ ကွန်ဒိုအဆောက်အအုံတွေနဲ့ ဖွဲ့စည်းတည်ဆောက် အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ပြရဲ့ ပုံရိပ်သစ်တစ်ခုဖြစ်လာမယ့် နောက်တစ်ခုကတော့ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အနီး တည်ဆောက်မယ့် နိုင်ငံတကာ ဘက်စုံခေတ်မီကစားကွင်းစီမံကိန်း ဖြစ်ပါတယ်။ အဲဒီ နိုင်ငံတကာ ဘက်စုံခေတ်မီကစားကွင်းကို တည်ဆောက်ဖို့အတွက် တင်ဒါခေါ်ယူရွေးချယ်ပြီးရင် အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။

ပြည်ပခရီးသွားဧည့်သည်တွေပါ လာရောက်ပြီး ကျန်းမာရေးအတွက်ရော၊ အပန်းဖြေစရာ လေ့ကျင့်ရေးအတွက်ပါ ဆင်နွှဲနိုင်မယ့် နိုင်ငံတကာအဆင့်မီကစားကွင်း တည်ဆောက်ရေးအတွက် ကုမ္ပဏီပေါင်း ၂၀ ကျော်က စာရင်းပေးထားပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှာ ဒီဇိုင်းတွေ တင်ပြရမှာ ဖြစ်ပါတယ်လို့ ဆိုပါတယ်။ အဲဒီစီမံကိန်းကိုတော့ တိုင်းသစ်တောဦးစီးဌာန အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာတွေက ပူးပေါင်းအကြံပြု ဆောင်ရွက်သွားဖို့ရှိတယ်လို့ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတွေက ပြောထားပါတယ်။

**ဂျပန်အကူအညီနဲ့ နိုင်ငံတကာအဆင့်မီ ဒီဇိုင်းရေးဆွဲထား**

ဒါ့အပြင် အစားအစာတွေနဲ့ ပတ်သက်ပြီး နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းအဆောက်အအုံကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်လမ်းမှာရှိတဲ့ စက်မှုဝန်ကြီးဌာနပိုင် မြေနေရာမှာ တည်ဆောက်ဖို့ ရှိနေပါတယ်။ ဂျပန်အကူအညီနဲ့ နိုင်ငံတကာအဆင့်မီ ဒီဇိုင်းရေးဆွဲထားတာဖြစ်ပြီး ၂၀၁၉ ခုနှစ် အကုန်မှာ ပြီးစီးအောင် တည်ဆောက်သွားဖို့ မျှော်မှန်းထားပါတယ်။

အဲဒီ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းအဆောက်အအုံစီမံကိန်းကို မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနဲ့ စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းပြီး PPP စနစ်နဲ့ ဆောင်ရွက်အကောင်အထည်ဖော်တည်ဆောက်မှာ ဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ အစားအသောက်တွေကို စံနှုန်းမီမီ သိရှိစားသောက်နိုင်ဖို့ ဓာတ်ခွဲစစ်ဆေးနိုင်တဲ့အပြင် နိုင်ငံတကာကိုတင်ပို့မယ့် အစားအသောက်ကုန်ပစ္စည်းတွေကို နိုင်ငံတကာစံချိန်စံညွှန်း အရည်အသွေးမီနိုင်မှု ရှိ မရှိကို ဓာတ်ခွဲစစ်ဆေးပေးနိုင်မှာဖြစ်လို့ ရန်ကုန်မြို့ရဲ့ ပုံရိပ်ကောင်းတစ်ခုအဖြစ် ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ ဘက်ပေါင်းစုံက တိုးတက်ဖွံ့ဖြိုးဖို့ လိုအပ်တာရှိနေသလို အဲဒီတိုးတက်ဖွံ့ဖြိုးမှုတွေကလည်း ပြည်သူတွေရဲ့ အကျိုး၊ သဘာဝပတ်ဝန်းကျင်ရဲ့အကျိုးကို မထိခိုက်ဘဲ ပိုမိုဖြည့်ဆည်းပေးနိုင်မယ့် အနေအထားမျိုးရှိဖို့တော့ လိုအပ်တာအမှန်ပါပဲ။ ။

## သွက်လက်လှုပ်ရှားရန်ကုန်လူငယ်ထု၏ စွမ်းဆောင်အား......မှ

ထို့ကြောင့်ပင် ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ဖွင့်လှစ်ထားသည့် အမည်မဲ့ဘိုးဘွားရိပ်သာကလေးကို အလှည့်ကျ ဦးစီးဦးဆောင်ပြုနေသည့် Save The Aged အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ မဖြိုးသီရိကို သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

"ကျွန်မတို့က အွန်လိုင်းမှာ စဖွဲ့မိကြတာ။ အရင်တုန်းကတော့ တစ်ယောက်ကိုအဖွဲ့ဝင်ကြေး တစ်ယောက် ကျပ် ၃၀၀၀ စီ ကောက်တယ်။ အဲဒီလို ကောက်ပြီးတော့ ပြင်ပမှာပဲလိုက်ပြီး အဘိုးအဘွားတွေကို စောင့်ရှောက်တယ်။ အိမ်တွေပျက်ရင် အိမ်တွေပြင်ပေးတယ်။ အိမ်ပြင်တာက တော်တော်လေးကုန်တယ်။ သူတို့အိမ်တွေက တော်တော်လေးကို အခြေအနေဆိုးတာကိုး။ မိုးတွင်းဆိုရင် အကုန်လုံးအိမ်တွေ ပြင်ရပြီ။ နောက်ပြီးသူတို့ သွားလို့လာလို့ရအောင် လမ်းတွေပြင်ရတယ်။ အဲဒီတော့ ဒီစရိတ်တွေက အမြဲတမ်းကုန်နေတယ်။ နောက် တချို့ ဘိုးဘွားတွေက နေဖို့ တော်တော်လေးကို အဆင်မပြေဘူး။ မိုးတွင်းဆိုရင် သူတို့ အိပ်တဲ့နေရာအထိကို ရေတွေက တက်လာတယ်။ အပေါ်ကလည်း မိုးက မလုံဘူး။ အဲဒီတော့ ငါတို့တွေ ရိပ်သာလေးတော့ လုပ်ကြမယ်ပေါ့။




**သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးပရဟိတအသင်း (Save The Aged) အဖွဲ့သားများကို တွေ့ရစဉ်။**

အစကတော့ ရည်ရွယ်ချက်မရှိဘူး။ လူငယ်တွေ ပျော်လဲပျော်ရတယ်ပေါ့ဆိုပြီး လုပ်နေကြရင်းနဲ့ အလွန်အခြေအနေဆိုးတာတွေ မြင်ရတော့ မနေနိုင်တော့ဘူး။ ငါတို့ဘိုးဘွားရိပ်သာလုပ်မယ်ဆိုပြီး လုပ်ကြတာ။ လုပ်ပေမယ့် လက်ထဲမှာ ပိုက်ဆံလည်း မရှိဘူး။ ၃၀၀၀ စီထည့်တဲ့ အသင်းဝင်ကတော့ ၃၀၀-၄၀၀ လောက်ရှိတယ်။ ပြည်တွင်းရော ပြည်ပရောပါ။ ဒီ ၃၀၀-၄၀၀ ကလည်း ဝန်ထမ်းတွေ၊ ကျောင်းသားတွေ တကယ့်စီးပွားရေးလုပ်ငန်းရှင်ကြီးတွေတောင်မှ အဲဒီလောက်ကြီး မပါဘူး။ အကုန်လုံးစပ်မိစပ်ရာနဲ့ အလှူရှင်တွေ ကောက်မယ်။ အဲဒီလိုနဲ့ အသင်းသုံးနှစ်ပြည့်မှ ဒီမြေကွက်လေးဝယ်လိုက်တယ်။ မြေကွက်က နှစ်ကွက်တွဲပေါ့နော်။ ပေ(၄၀×၆၀)ကို သိန်း ၇၀ နဲ့ နှစ်ကွက်တွဲဝယ်လိုက်တယ်။ တကယ့်ဈေးအချိုဆုံးနေရာလိုက်ရှာပြီး ဝယ်ကြတာ။ အစွန်ဆုံးတော့ ရသွားတာပေါ့။ အဲဒီလို ၇၀ နဲ့ ဝယ်ပြီးတော့ အဆောက်အအုံဆောက်ဖို့အတွက် ထပ်စုတယ်။ စုပြီးတော့ ကန်ထရိုက်နဲ့ညှိတော့ ကန်ထရိုက်က ရတယ်၊ သူ့ကိုအကျေမပေးသေးနဲ့ဦး၊ ရှိသလောက်ပဲပေးဆိုတော့ အဲဒီအချိန်မှာသိန်း ၆၀၀ လက်ထဲမှာရှိတယ်။ အဲဒီသိန်း ၆၀၀ အရင်ပေးထားတာပေါ့။ အကုန်လုံးအပြီးအစီး ဆောက်တာ သိန်း ၁၅၀၀ လောက် ကုန်သွားတယ်။ ကန်ထရိုက်ကိုတော့ ခွဲခွဲပြီး ပေးရတယ်။ အသင်းငါးနှစ်ပြည့်မှာ ဒီရိပ်သာလေးဆောက်ပြီးသွားတယ်။ အကြွေးတော့ မကျေသေးဘူး။ စဖွင့်ပြီး ခြောက်နှစ်ပြည့်လောက်မှာမှ အကုန်ကျေသွားတယ်။

ကျွန်မတို့အပြင်မှာ လိုက်စောင့်ရှောက်ပေးနေတဲ့ ဘိုးဘွားတွေကို ဒီကိုရွှေ့ထားလိုက်တယ်။ ပထမဒီရိပ်သာမဖြစ်ခင်က အိမ်ငှားထားသေးတယ်။ အိမ်ငှားခကလည်း တစ်နှစ်ထက်တစ်နှစ် ပိုပိုပြီး ဈေးတက်လာတော့ အိမ်ငှားခကနေ ဒီကိုယ်ပိုင်ရိပ်သာလေး ဖြစ်သွားတာပါ။ ရိပ်သာလေးက သူတို့ရဲ့နေရေးထိုင်ရေး အလွန်ဆိုးရွားတာတွေကို မမြင်ရက်လို့ ဖြစ်ချင်စိတ်နဲ့ လုပ်လိုက်မိလို့ ဖြစ်သွားတာပါ။

**အချပ်ပို (ဃ) သို့**

# ရန်ကုန်မြို့မှ နှစ်သစ်ကို ကြိုဆိုသော မြင်ကွင်းနှစ်ရပ်

တင်ဝင်းလေး(ကြည့်မြင်တိုင်)

**၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ည....။**

**ရန်ကုန်မြို့၏ လမ်းအသွယ်သွယ် အိမ်အများစု၏ရှေ့တွင် စားပွဲခုံငယ်လေးများ ခင်းလျက် မီးဖို သေးလေးများဖြင့် စုရုံးဝိုင်းဖွဲ့ကာ ၂၀၁၉ ခုနှစ် နှစ်ဦးကို ကြိုဆိုနေကြသည်။ ရပ်ကွက်တိုင်းနီးပါး ဖြစ်သည်။ များသောအားဖြင့် အဖျော်ယမကာ၊ ပုလင်း၊ ဘူးစုံလင်စွာနှင့် ဖြစ်သည်။ လူငယ်၊ လူလတ်၊ မိန်းကလေး ရှယ်စုံပါဝင်ကြသည်။ လမ်းမများပေါ်တွင် ထွက်၍ တရားဝင်သောက်သုံးခွင့်ရထားသည့်နှယ် . . . .။**

ညနေစောင်းကတည်းက အင်းလျားကန်ပေါင်တစ်လျှောက် စည်ကားနေသည်။ နေဝင်လာသည်နှင့်အမျှ လူငယ်၊ လူရွယ်များနှင့် နုပျိုသော မိန်းကလေးများ၊ ဝတ်စားဆင်ယင်မှု ပုံစံမျိုးစုံနှင့် တဖြည်းဖြည်းပြည့်လာသည်။ ဘီယာစသော အရက်မျိုးစုံ၊ စားသောက်ဖွယ်အစုံအလင်နှင့် ဖြစ်သည်။ သူ့အုပ်စုနှင့်သူ ဖြစ်သည်။ အရပ်ရှစ်မျက်နှာမှ လာရောက်စုရုံးကြခြင်းဖြစ်သည်။

အုပ်စုဖွဲ့ထိုင်ကြရန် စက္ကူကတ်ပြား၊ ဗီနိုင်းစသည်များကို ကန်ပေါင်မြက်ခင်းပေါ်၌ ကိုယ်စီကိုယ်စီခင်းထားကြသည်။ ၂၀၁၉ ခုနှစ် အင်္ဂလိပ်နှစ်သစ်ကို ကြိုဆိုကြရန်အတွက် နေရာယူထားကြခြင်းဖြစ်သည်။

အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေး၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့က လုံခြုံရေးအစ၊ စည်းကမ်းထိန်းသိမ်းရေးအဆုံး အင်အားအပြည့်ဖြင့် ကူညီရန် စောင့်ဆိုင်းနေကြသည်။ ထို့အတူ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းများမှ လူငယ်များက မြို့နယ်အလိုက် အရေးပေါ်ကားများနှင့်အတူ ဝန်းရံပေးထားကြသည်။

**ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသွားခဲ့**

အားလုံးသော သူများက နာရီကို တကြည့်ကြည့်ဖြင့် အချိန်ကို စောင့်နေကြသည်။ ည ၁၂ နာရီထိုးသည်နှင့် Happy New Year ဟု သံပြိုင်ဟစ်ကြွေးလိုက်မှုနှင့်အတူ "ဟေး"--- ဟူ၍ လက်ခုပ်လက်ဝါးတီးသံ တားမြစ်ထားသော မီးရှူး၊ ပြောက်အိုးဖောက်သံများက အင်းလျားကန်ရေပြင်ကြီးတစ်ခုလုံး လေနှင့်အတူ လှိုင်းတွန့်များ ထသွားသည့်နှယ် . . .။ အနီးဝန်းကျင်သစ်ပင်များထက်၌ အိပ်တန်းတက်နေကြသည့် ကျေးငှက်များ လန့်ဖျပ်ပျံသန်းအောင် မြည်သံတို့က ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသွားခဲ့သည်။

တဖြည်းဖြည်းညဉ့်နက်လာသည်နှင့်အမျှ စုရုံးရောက်ရှိနေသော သူများ အရပ်ရှစ်မျက်နှာဆီသို့ တစ်စ တစ်စ ဖြန့်ကြက်ရွေ့လျားသွားကြသည်။

ကျန်ခဲ့သည်များက အင်းလျားကန်ပေါင်တစ်လျှောက် ပုလင်း၊ ဘူး မျိုးစုံ၊ ကွပ်ကွပ်အိတ်အရွယ်စုံ၊ ဖော့ဘူး အကြီးအငယ်၊ စက္ကူအစုတ်၊ ဗီနိုင်းစများနှင့် စားကြွင်းစားကျန်များသာ ဖြစ်သည်။ မင်္ဂလာရှိသောနှစ်ဦးကို ကြိုဆိုမှုက အကျည်းတန် "ဆန်"ခဲ့သည်။ အင်းလျားကန်ပေါင်တစ်လျှောက် အမြင်ဆိုးခဲ့ရသည်။

စည်ပင်မှ ဝန်ထမ်းများက အမှိုက်များကို တစ်စ တစ်ကွက်စီကောက်၍ လှည်းကျင်းခဲ့ကြရသည်။ အင်းလျားကန်ကြီး၏ မျက်နှာစာအလှကို သနပ်ခါးလိမ်းပေးကြရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက် ညဥ့်ဦးယံ၊ ပြည်သူ့ရင်ပြင် . . . .။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သပ္ပာယ် ကြည်ညိုဖွယ်။ နောက်ခံရွှေတောင်ကြီးနှင့်အတူ မြတ်ဗုဒ္ဓ၏ တရားတော်များကို ဟောဖော်ညွှန်းဆိုမည့် ဆရာတော်ကြီးများ သီတင်းသုံးရန် ဓမ္မသဘင် တရားဟောစင်ကြီးက မီးရောင်စုံအလှများဖြင့် ကြည်နူးစရာ မြင်ကွင်း။

**သုံးနှစ်တိုင်ခဲ့ပြီဖြစ်**

အရပ်သားအစိုးရတက်လာပြီးနောက် နှစ်ဦးတရားသဘင်ကို ၂၀၁၆ ခုနှစ်ကတည်းက စတင်ကျင်းပလာခဲ့သည်မှာ သုံးနှစ်တိုင်ခဲ့ပြီဖြစ်သည်။



ပြည်သူ့ရင်ပြင်၌ ကျင်းပခဲ့သည့် နှစ်ဦးဓမ္မသဘင်တွင် တရားနာပရိသတ်များ . . .။

ကမ္ဘာ့အလယ်၌ အစည်ကားဆုံးသော တရားနာပရိသတ်အများဆုံးသော ဗုဒ္ဓတရားပွဲကြီး ဖြစ်ခဲ့သည်။

သိန်းချီသော တရားနာပရိသတ်များအတွက် စီစဉ်ထားမှုများက စနစ်ကျလှသည်။ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်မှုများက ဖိတ်ကြားရေး၊ ကြိုတင်နေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး အရေးပေါ် ကျန်းမာရေးကအစ၊ အစ - အလယ် - အဆုံး သုံးပါးစလုံး ချောမွေ့သည်။

နှစ်ဦးတရားပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းရှိန်က "ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ အစိုးရသစ် တက်လာတဲ့အချိန်ကစပြီး နှစ်ဦးတရားပွဲတွေ ကျင်းပဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ အခုလို နှစ်ဦးအချိန်အခါသမယမှာ နိုင်ငံသူ နိုင်ငံသားများအားလုံး ဆရာတော်ကြီးတွေရဲ့ ဆုံးမသြဝါဒနဲ့အညီ တစ်နှစ်တာကာလပတ်လုံး ချမ်းမြေ့စွာနေနိုင်ဖို့အတွက်၊ ကောင်းကျိုးလိုအင်ဆန္ဒတွေ ပြည့်ဝစေဖို့အတွက် ရည်ရွယ်ပြီး ကျင်းပခဲ့တာဖြစ်ပါတယ်" ဟု ဆိုထားသည်။

ယခုနှစ်တွင် နိုင်ငံတော်၏ သံဃာ့ဦးသျှောင် ဆရာတော်ကြီး သုံးပါးက ဟောကြားခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၁ ရက် ညတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ ကလည်းကောင်း၊ ဇန်နဝါရီ ၂ ရက် ညတွင် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ က လည်းကောင်း၊ ဇန်နဝါရီ ၃ ရက် ညတွင် သီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ ဆရာတော်ကြီးက လည်းကောင်း မြတ်ဗုဒ္ဓ၏ တရားတော်များကို ဟောကြားခဲ့သည်။ ပြည်သူ့ရင်ပြင်ရောက် တရားနာပရိသတ်များသာမက နိုင်ငံအနှံ့ တိုက်ရိုက်လွှင့်ပေးမှုက နှစ်ဦး နှစ်ဆန်း သုံးရက်စလုံး၌ တရားသံတို့ဖြင့် ဝေစည်ခဲ့သည်။

တရားပွဲသို့ လာရောက်ကြသည့် တရားနာပရိသတ်များအတွက် YBS ခရီးသည်တင်ယာဉ်ကြီးများဖြင့် စုရပ်အသီးသီးဆီသို့ လာရောက်ကြိုဆိုကြသကဲ့သို့ တရားပွဲပြန်အတွက်လည်း ချောချောမွေ့မွေ့ရှိလှသည်။ ထို့အပြင် အငှားယာဉ်လေးများကလည်း သူ့အစုနှင့်သူ အကူအညီပေးခဲ့ကြသည်။


စမ်းချောင်းစုရပ်မှ အငှားတက္ကစီ ယာဉ်မောင်း ဦးတာကြီးက "ကျွန်တော်တို့အဖွဲ့ ၁၀ စီး ရှိတယ်။ တရားပွဲအပြီးကို သွားစောင့်ကြိုကြတယ်။ နီးနီးဝေးဝေး လိုက်ပို့ပေးကြတယ်။ ကားနောက်ဖုံးထဲ အထိတင်ပြီး လိုက်ပို့ပေးတာ။ ဒီလိုနှစ်ဦး နှစ်ဆန်း ကုသိုလ်ယူပြီးရင် တစ်နှစ်လုံး ကားဆွဲကောင်းတယ်။ မနှစ်ကလည်း ကုသိုလ်ယူခဲ့တယ်" ဟု ဆိုသည်။

**အဓိကနဲ့ သာမညကို မခွဲခြားကြ**

ကြည့်မြင်တိုင်မှ အသက် ၇၈ နှစ် အရွယ်ရှိ ဒေါ်ဌေးက "တို့ မြန်မာလူမျိုးအချို့က အပျော်ဆိုအားကြီးမက်ကြမယ်။ ကိုယ်နဲ့ဆိုင်ဆိုင် မဆိုင်ဆိုင် လူမျိုးမရွေး၊ ဘာသာမရွေး ပွဲတော်တိုင်း ပါဝင်ဆင်နွှဲကြတယ်။ အဓိကနဲ့ သာမညကို မခွဲခြားကြဘူး။ နှစ်ကူးဆို အပျော်ကြူး အရက်သောက်တာ မြန်မာ့ဓလေ့ မဟုတ်ဘူး။ အခုလို နှစ်ဦးတရားပွဲကြီးတွေမှာ ကုသိုလ်ယူသင့်ကြတယ်။ ဒီလို နှစ်ဦးတရားပွဲကြီးတွေ လုပ်ပေးတာ အလွန်ပဲ ကျေးဇူးတင်တယ်။ အဘွားဆို သုံးရက်စလုံး ရောက်အောင်သွားတယ်။ အာဟာရဒါနအလှူရှင်တွေလည်း အများကြီးပဲ။ ဒါနကုသိုလ်ရှင်တွေကိုလည်း ဆုတွေပေးခဲ့တယ်။ ဝမ်းအသာဆုံးက ဆရာတော်ကြီးတွေ ဝတ္ထုငွေတွေ အများကြီး လှူဒါန်းကြတာကို သာဓုခေါ်မိပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း အခုလို ပြုလုပ်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ မေတ္တာတွေလည်း ပို့ခဲ့ပါတယ်" ဟု ကြည်နူးဝမ်းမြောက်စကား ဆိုခဲ့သည်။

နှစ်ဦးနှစ်ဆန်း၌ မင်္ဂလာမြင်ကွင်းပင် ဖြစ်သည်။

**"အားလုံးသောသူများက နာရီကို တကြည့်ကြည့်ဖြင့် အချိန်ကိုစောင့်နေကြသည်။ ည ၁၂ နာရီထိုးသည်နှင့် Happy New Year ဟု သံပြိုင်ဟစ်ကြွေးလိုက်မှု နှင့်အတူ "ဟေး" --- ဟူ၍ လက်ခုပ်လက်ဝါးတီးသံ တားမြစ်ထားသော မီးရှူးပြောက်အိုးဖောက်သံများက အင်းလျားကန်ရေပြင်ကြီးတစ်ခုလုံး လေနှင့်အတူ လှိုင်းတွန့်များ ထသွားသည့်နှယ်-------။ အနီးဝန်းကျင် သစ်ပင်များထက်၌ အိပ်တန်းတက်နေကြသည့် ကျေးငှက်များ လန့်ဖျပ်ပျံသန်းအောင် မြည်သံတို့က ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသွားခဲ့"**



ဒီဇင်ဘာ ၃၁ ရက် ညက အင်းလျားကန်ပေါင်၌ နှစ်သစ်ကို ကြိုဆိုသူများအား တွေ့ရစဉ်။ ဓာတ်ပုံ - သန်းထိုက်

# ပိတ်ရက်ကုန်ဆုံးချိန် အရောင်းအဝယ်ဖြစ်လာသည့် ရန်ကုန်ကားဈေးကွက်

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

မင်းသော်

**နှစ်သစ်ကူးပိတ်ရက် များပြားသဖြင့် အရောင်းအဝယ်ရပ်တန့်နေခဲ့သည့် ရန်ကုန်ကားဈေးကွက်တွင် ပိတ်ရက်ကုန်ဆုံးချိန် အဝယ်လိုက် အရောင်းသွက်လာကြောင်း ရန်ကုန်ကားလောကသားများထံမှ သိရှိရသည်။**

"ကားဈေးကွက်မှာ ၁၀ ရက်လောက်ရှိပြီ။ ပိတ်ရက်တွေများတဲ့အတွက် အရောင်းအဝယ်ရပ်တန့်နေခဲ့ပါတယ်။ ဒါပေမယ့် ဈေးကွက်လိုအပ်ချက်အရ ပိတ်ရက်ကုန်ဆုံးချိန်မှာတော့ အရောင်းအဝယ်က တော်တော်လေး သွက်လာတယ်။ အများစုကတော့ အင်ဂျင်ပါဝါနိမ့်ကားတွေ အရောင်းအသွက်ဆုံးပဲ။ နယ်အကြိုက် ဖိုးဝိုး လမ်းကြမ်းသုံး မော်တော်ကားတွေလည်း တော်တော်လေး အမေးများနေတာကို တွေ့ရတယ်" ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုကျော်ဇေယျာဝင်းက ပြောသည်။

**ရောင်းလိုသည့်ကားများ ရှားပါး**

လက်ရှိဈေးကွက်အတွင်း အရောင်းအဝယ်အဖြစ်ဆုံးမှာ ဟွန်ဒါဖစ် အမျိုးအစားများဖြစ်ကြပြီး အင်ဂျင်ပါဝါ ၁၃၀၀ စီစီနှင့် မီနီထရပ်ကားလေးများ အင်ဂျင်ပါဝါ ၆၆၀ စီစီ ကားများဖြစ်ကြောင်း သိရှိရသည်။ ဈေးကွက်ဝယ်လိုအား မြင့်လာသဖြင့် ရောင်းချလိုသည့် ကားများရှားပါးနေကြောင်းနှင့် ယာဉ်မှန်ကန်ကြောင်း စိစစ်ထားပြီးဖြစ်သည့် ကားများမှာ ဈေးကွက်သို့ရောက်ရှိသည်နှင့်ပင် အဝယ်ရှိကြောင်း ကားဝယ်ရောင်းအချို့က ပြောသည်။

"စစ်ဆေးပြီးသားကားတွေ ဆိုရင်တော့ ကားလောကထဲ ချလိုက်တာနဲ့ အဝယ်ဖြစ်သွားကြတယ်။ အများစုက အချိန်ကုန်မခံချင်ကြသလို ရောင်းသူတွေကလည်း ကိုယ့်ကားကိုယ် မယုံတာမျိုးတွေ ရှိတတ်တယ်။ ဒါကြောင့် စစ်ပြီးသားကားတွေက ပိုပြီးအရောင်းသွက်တယ်။ ဝါမဝင်ခင်အထိတော့ ကားဈေးကွက်က အခြေအနေကောင်းနိုင်တယ်လို့ ထင်ပါတယ်။ အများစုက ငွေကျပ် သိန်း ၁၇၀ လောက်ကနေ ၂၅၀ အကြား သုံးစွဲပြီး ကားဝယ်ကြတာများတယ်။ အဲဒီငွေနဲ့ ကိုက်ညီမှုရှိပြီး စီးနင်းရတာ သက်သောင့်သက်သာဖြစ်တဲ့ ကားလေးတွေ အမေးများတယ်။ ဟွန်ဒါဖစ်ကတော့ တစ်ပတ်ရစ် ဂျပန်ကားဈေးကွက်ကို ဦးဆောင်နေဆဲပါပဲ။ အားလုံးက ညာမောင်းကိုပဲ ပိုပြီး စိတ်ဝင်စားဆဲဖြစ်တာမို့ ဘယ်မောင်းကားတွေကတော့ ၂၀၁၉ ခုနှစ် တစ်နှစ်လုံးမှာ ဦးဆောင်နိုင်တဲ့ အနေအထား မရောက်နိုင်သေးဘူးလို့ ခန့်မှန်းရတယ်"ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုသစ္စာက ပြောသည်။

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Land Cruiser | 2014 | ယာယီ | 4600cc | ပြခန်း | ၂၃၃၀ |
| Wish | 2004 | ရန်ကုန် | 1800cc | အပြင်ဈေး | ၂၇၀ |
| Civic | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၀ |
| Swift | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၂ |
| Belta | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၆ |
| Pajero | 2000 | ရန်ကုန် | 4000cc | အပြင်ဈေး | ၂၁၀ |
| Hijet | 2007 | ပဲခူး | 660cc | အပြင်ဈေး | ၁၁၇ |
| Honda G | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၉၁ |
| Vitz | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၀ |
| Honda GD1 | 2006 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၄၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။



တစ်ပတ်ရစ် ဂျပန်ကားများအပြင် စလစ်ကပ်ကား ငွေကျပ် သိန်း ၄၀၀ ဝန်းကျင် မော်တော်ကားများလည်း ဈေးကွက်အတွင်း မြင်တွေ့ရပြီး အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**ကားသစ် စိတ်တိုင်းကျမှာ**

"စလစ်ကတော့ လက်ရှိမှာ လိုအပ်နေတာဆိုတော့ စလစ်ကပ်ကားဈေးကွက်ကလည်း ပုံမှန်တော့ ရှိနေတာပေ့ါ။ လူတန်းစားတစ်ရပ်အတွက်ကလည်း ကားသစ်တွေ စိတ်တိုင်းကျမှာယူစီးနင်းကြတာတွေ ရှိတယ်လေ။ ဒါပေမယ့် ရန်ကုန်လိုင်စင်နဲ့ ပတ်သက်လာရင်တော့ လက်ရှိမှာ စောင့်ကြည့်နေကြပြီး အဲဒီ ဝိုင်ဗွီကျူးစီစနစ်နဲ့ ဒီစနစ်နဲ့ ပတ်သက်ပြီးတော့လည်း အများစုကတော့ အင်ဂျင်ပါဝါကိုလိုက်ပြီး ဈေးနှုန်းကွာခြားချက်နဲ့ ချထားပေးဖို့ မျှော်လင့်နေကြပေမယ့် အခြေအနေကတော့ ခန့်မှန်းရခက်တယ်။ တစ်ပြေးညီ ငွေကျပ် သိန်း ၉၀ နဲ့ ရန်ကုန်လိုင်စင် ချထားမယ်ဆိုရင်တော့ ပြည်တွင်းတပ်ဆင်ထုတ်လုပ်တဲ့ ကားသစ်တွေကိုပဲ အားလုံးက စီးနင်းကြတော့မှာဖြစ်သလို တော်တော်လေး ငွေကြေးချမ်းသာပြီး အပိုသုံးနိုင်သူတွေမှသာ ပြည်ပကနေ တင်သွင်းကြတော့မယ်"ဟု ကိုသစ္စာက ထောက်ပြသည်။

ရန်ကုန်လိုင်စင်ကိုမှ ရယူလိုသူများအတွက်ကတော့ ဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး နယ်လိုင်စင်များနှင့် နှိုင်းယှဉ်ပါက မော်တော်ယာဉ်အရည်အသွေးချင်းတူပါက ဈေးနှုန်း ငွေကျပ်သိန်းရာနှင့်ချီ၍ ကွာခြားလျက်ရှိခြင်းမှာ ရန်ကုန်လိုင်စင်ကိုင်ဆောင်ထားသည့် ကားပိုင်ရှင် ရောင်းချလိုသူများအတွက်တော့ သတင်းကောင်းပင်ဖြစ်ကြောင်း ကိုကျော်ဇေယျာဝင်းက ပြောကြားပြီး လက်ရှိတွင်တော့ အရောင်းအဝယ်ဖြစ်နေသည့်အခြေအနေတွင် ရန်ကုန်လိုင်စင် ဈေးမာများ မပါဝင်ဘဲ ဈေးနှုန်းသင့်တော်သည့် နယ်လိုင်စင်က ပိုမိုများပြားနေကြောင်း ၎င်းက ဆက်လက်ပြောသည်။

ရန်ကုန်လိုင်စင်ကို မည်သည့်ပုံစံဖြင့် ချထားပေးမည်ဆိုသည်မှာ မသေချာသေးသည့်အတွက် သက်တမ်း နှစ် ၂၀ ယာဉ်အို ယာဉ်ဟောင်းအပ်နှံမှု စလစ်ဈေးနှုန်းများသည်လည်း ငြိမ်သက်နေပြီး ဈေးမာလျက်ရှိနေသေးသည်။ စလစ်တစ်စောင်လျှင် ငွေကျပ် သိန်း ၁၃၀ ဝန်းကျင်တွင် ရပ်တန့်နေပြီး အရောင်းအဝယ်မှာ မရှိသလောက်ဖြစ်နေကြောင်း သိရှိရသည်။

**ဈေးတက်ဈေးကျ မရှိ**

"လက်ရှိကားဈေးကွက်တော့ ကုန်သည်မကြိုက်ဘဲ ဝယ်သူကြိုက်တဲ့ အနေအထားဖြစ်နေပါတယ်။ နယ်လိုင်စင်ကားတွေကိုပဲ အများစုက ဝယ်လာကြတယ်။ ဒါကလည်း ရန်ကုန်လိုင်စင်မဟုတ်ဘဲ နယ်ကားတွေ ရန်ကုန်မှာ မောင်းနှင်တဲ့အရာတွေက နောက်ပိုင်းမှာ မူဝါဒဆိုင်ရာ ဘယ်လိုဖြစ်လာမလဲဆိုတာက မပြောနိုင်သေးပါဘူး။ လက်ရှိမှာတော့ ရန်ကုန်ကားက နယ်ကားထက် ဈေးမြင့်နေတာကြောင့် ဈေးနိမ့်တာကို ပြောင်းဝယ်စီးကြတဲ့သဘောပေါ့။ ကားဈေးကွက် အပြောင်းအလဲဆိုတာက နိုင်ငံရဲ့ စီးပွားရေးအခြေအနေ၊ ဘဏ်လုပ်ငန်းဖွံ့ဖြိုးမှုတွေ၊ တည်ငြိမ်အေးချမ်းမှုတွေနဲ့လည်း ဆိုင်ပါတယ်။ အခုကာလကတော့ ပုံမှန်လေးပဲသွားနေတယ်။ ဈေးတွေကလည်း ကျသွားဖို့ မရှိသလို၊ တက်လာဖို့လည်း မရှိနိုင်သေးဘူး"ဟု ကိုသစ္စာက သူ့အမြင်ကို ပြောသည်။

---

အချပ်ပို (ခ) မှ

"ကျွန်မတို့အနေနဲ့ ဒီမှာလက်ခံထားတာတော့ အဓိကလိုအပ်နေတဲ့ ဘိုးဘွားကို ကွင်းဆင်းတာ။ အသက် ၆၅ နှစ်အထက် ကိုယ်တိုင်ရှာဖွေစားသောက်နေရတယ်။ သားထောက်သမီးခံ လုံးဝမရှိဘူး။ ဆွေမျိုးရင်းချာမရှိဘူး။ ကျန်းမာရေးနဲ့ပတ်သက်ရင် စိတ်ပိုင်းဆိုင်ရာတော့ ပုံမှန်ဖြစ်ရမယ်။ ပြီးရင် ကူးစက်ရောဂါ (တီဘီ၊ အိတ်အိုင်ဗွီ)တို့ ရှိရင်လည်း လက်မခံနိုင်ဘူး။ ကျွန်တဲ့ဘိုးဘွားတွေ ကူးစက်သွားရင် ကျွန်မတို့ ဘယ်လိုမှမတတ်နိုင်ဘူး။ နောက် ဂိလာနဖြစ်သွားရင်တော့ ဆည်းဆာရိပ်ကိုလွှဲပေးတယ်။

အသင်းစကတည်းက ဒီနေ့အထိ စောင့်ရှောက်ခဲ့တာက ၈၄ ယောက်ရှိသွားပြီ။ ဒါပေမယ့် ဆုံးပါးသွားတာတွေနဲ့ဆိုတော့ အခုလက်ရှိ သက်ရှိထင်ရှားကရိပ်သာတွင်းမှာ ၂၅ ယောက်၊ အပြင်မှာ ၁၁ ယောက်ဆိုတော့ လက်ရှိမှာ ၃၆ ယောက်ရှိပါတယ်။ ရိပ်သာမှာက ထားလို့ရတာ ၃၀ အထိထားလို့ရတယ်ဆိုတော့ နောက်ထပ်နေရာလွတ် ငါးခုရှိတယ်။ ထပ်ပြီးကွင်းဆင်းထားတာတွေ ရှိတယ်။ ထပ်တိုးဖို့ရှိပါတယ်။ ၃၀ ပြည့်အောင် ထားပါမယ်။ နောက်ဘေးမှာ မြေကွက်လဲထပ်ဝယ်ထားတယ်။ အဲဒါလေး ဆောက်ပြီးသွားရင်လည်း ဒီထက်ပိုထားနိုင်မှာပါ။

မြေကွက်ထပ်ဝယ်ဖြစ်တာ အသင်းရှစ်နှစ်ပြည့်ပြီးတော့မှ ဝယ်ဖြစ်တာ။ အဘိုးအဘွားတွေက ကျန်းမာရေးမကောင်းတာတွေ ပါလာရော။ အသက်ကြီးလာတော့ စိတ်ပိုင်းဆိုင်ရာ အားနည်းတာတွေ ရှိတယ်။ တချို့ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံမှာ ပြရတာတွေလည်း ရှိတယ်။ သူတို့တွေက ညဘက်ကျရင် အော်တယ်။ အော်တော့ ဘေးကဘိုးဘွားတွေ အိပ်ရေးပျက်၊ ကျန်းမာရေးချို့ယွင်းလာတယ်။ အဲဒီတော့ မဖြစ်ဘူးပေါ့နော်။ လက်ရှိအဆောက်အအုံရဲ့ ဘုရားခန်းဘေးမှာ အကန့်လေးရှိတယ်။ အဲဒီမှာက နှစ်ယောက်ပဲဆံ့တယ်။ အဲဒီလိုမျိုးဘိုးအဘွားတွေ ဖြစ်လာရင်ထားဖို့ ဘေးကမြေကွက်လေးကို သိန်း ၁၃၀ နဲ့ ဝယ်လိုက်တယ်။ ဝယ်ပြီးတော့ တစ်ထပ်လေး ဆောက်မယ်ပေ့ါ။ ဆောက်ပြီးတော့ ဝန်ထမ်းဆောင်လေးနဲ့ အများနဲ့ထားလို့ မရတဲ့အဘိုးအဘွားတွေကို ထားမယ်ဆိုပြီး ရည်ရွယ်ထားပါတယ်။

ငွေကြေးအခြေအနေအရ တစ်ထပ်ချင်း ဆောက်မယ်ပေ့ါ။ ဖောင်ဒေးရှင်းနဲ့ ပထမအထပ်အတွက်ကို ခန့်မှန်းခြေတွက်ထားတာတော့ သိန်း ၅၀၀ လောက်ကျမှာပါ။ ဒါပေမယ့် လက်ထဲမှာတော့ မရှိသေးဘူး။ ဆောက်ရင်းတန်းလန်းနဲ့ အလှူခံရင်း ဆောက်သွားမှာပါ။

အခုကျွန်မတို့ဆီမှာ အဘိုးက ကိုးယောက်၊ အဘွားက ၁၆ ယောက် အားလုံး ၂၅ ယောက်ပေ့ါနော်။ ဒါကရိပ်သာတွင်းမှာ အပြင်မှာကျတော့ အဘိုးက လေးယောက်၊ အဘွားက ခုနစ်ယောက်ရှိပါတယ်။ အပြင်မှာကျတော့ အစတုန်းကလိုပဲ ကျွန်မတို့အလုပ်တွေ ပိတ်တဲ့အချိန်မှာ သူတို့အိမ်ကိုသွားပြီးတော့ သူတို့နဲ့ အဖော်ပြုပေးတယ်။ ကျွန်မတို့ဆီမှာ လုပ်အားပေးဆရာဝန်လေးတွေရှိတယ်။ သူတို့နဲ့လှည့်ပြီးတော့ အဘိုးအဘွားတွေ ကျန်းမာရေးစစ်ဆေးပေးတယ်။ တချို့အဘိုးအဘွားတွေ ပြင်ပမှာနေတယ်ဆိုပေမယ့် ဆေးရုံတင်ဖို့ လိုအပ်ရင်လည်း ဆေးရုံတင်ပေးတယ်။ ဆေးဝါးလည်း တစ်လတစ်ခါ သူတို့သောက်ရမယ့် အားဆေးတွေ၊ ဆီးချိုဆေးတွေကို တစ်လစာထောက်ပံ့တယ်။ စားဖို့သောက်ဖို့ကို သူတို့အတွက် တစ်လကို လေးသောင်းခွဲ သတ်မှတ်ပေးတယ်။ ဆေးကလည်း တစ်လစာပေါ့နော်။ ဒီကြားထဲမှာ ကျန်းမာရေး တစ်စုံတစ်ရာဖြစ်ခဲ့ရင် ဆေးခန်းပြပေးတာ၊ ဆေးရုံတင်ပေးတာတွေ လုပ်ပေးတယ်။ တခြားလည်း အဝတ်အစားတို့ စောင်၊ ခြင်ထောင်တို့ ထောက်ပံ့ပေးပါတယ်"ဟု မဖြိုးသီရိက စိတ်ရှည်လက်ရှည် ရှင်းပြပေးသည်။

လူငယ်လူရွယ်ထုအတွင်း ပျံ့နှံ့နေသော အသိပညာ၊ အတတ်ပညာတို့မှာ မြို့တော်ရန်ကုန်အတွက် ခွန်အားသစ်များပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံတွင် အစိုးရကိုချည်း အားမကိုးဘဲ မိမိလုပ်နိုင်သမျှ၊ မိမိတတ်စွမ်းသမျှ၊ မိမိကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်တည်ဆောက်ရေးတွင် လွန်စွာမှပင် အကျိုးရှိလှသည်။ စုပေါင်းညီညာစွာ ချစ်ဖွယ်ကောင်းသော အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်နိုင်ခြင်းက လူငယ်ထု၏ စည်းလုံးညီညွတ်မှုကို ပြသလျက်ရှိသည်။ ယင်းသို့ စိတ်ရင်းစေတနာမှန်ဖြင့် လူငယ်အဖွဲ့အစည်းများ အားကောင်းလာမည်ဆိုပါက ရန်ကုန်မြို့တော်ကြီးသည် နိုင်ငံတကာအဆင့်မီ မြို့ကြီးတစ်မြို့အဖြစ် မကြာမီ တက်လှမ်းနိုင်တော့မည် ဖြစ်သည်။

Save The Aged အဖွဲ့မှ ထူထောင်ထားသော အမည်မဲ့ဘိုးဘွားရိပ်သာကလေးမှ အပြန်တွင် မဖြိုးသီရိပြောပြခဲ့သော "ကျွန်မတို့အဖွဲ့မှာ ဥက္ကဋ္ဌကမှုသေမထားဘူး။ အလှည့်ကျလုပ်ကြတာပါ" ဟူသောစကားသံမှာ စာရေးသူနားထဲတွင် ပဲ့တင်ထပ်၍ ကပ်လျက်ပါလာခဲ့သည်။ ။